# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ ပြာသိုလပြည့်ကျော် (၁၃) ရက် ၊ ကြာသပတေးနေ့ ၊ (8-2-2024) ၊ အတွဲ (၃၂) ၊ အမှတ် (၂၈၄)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# (၇၇)နှစ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနားကို တောင်ကြီးမြို့ အဝေရာမီးပုံးပျံကွင်း၌ ကျင်းပ



**တောင်ကြီး၊ ဖေဖော်ဝါရီ ၇**

(၇၇)နှစ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနားကို ယနေ့နံနက် ၈ နာရီက တောင်ကြီးမြို့ အဝေရာမီးပုံးပျံကွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များဖြစ်ကြသည့် ဒေါက်တာဘနွေ့နှင့်ခွန်စံလွင်၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးမင်းသိန်းဇံ၊ ဒေါက်တာစိုးဝင်း၊ **Jeng-Phang** နော်တောင်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ဒုတိယဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးများ၊ ဖိတ်ကြားထားသူများ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များ၊ ဒေသခံတိုင်းရင်းသား ညီအစ်ကိုမောင်နှမများ တက်ရောက်ကြသည်။

**စာမျက်နှာ ၁၆ ကော်လံ ၁ သို့**

**(၇၇)နှစ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနား ကျင်းပစဉ်။**

ပြည်တွင်း၊ပြည်ပကုန်သွယ်မှုလုပ်ငန်းများ မှန်ကန်မြန်ဆန်အောင် သက်ဆိုင်ရာကဏ္ဍများအလိုက် ဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိ စာမျက်နှာ - ၁၇

တာရိဆောရပ်စ် ခေါ် ကမ္ဘာဦးမိုးပျံသက်ရှိမျိုးစိတ်သစ်တစ်ခုကို သိပ္ပံပညာရှင်များ တွေ့ရှိ စာမျက်နှာ - ၇

**ထူးခြားသည့် ညအပူချိန်များ**

**၇-၂-၂၀၂၄**

| | | | |
|---|---|---|---|
| ဟဲဟိုး | ၄ ဒီဂရီစင်တီဂရိတ် | လွိုင်လင် | ၆ ဒီဂရီစင်တီဂရိတ် |
| ပိုင်းယန်း | ၄ ဒီဂရီစင်တီဂရိတ် | နမ့်စန် | ၇ ဒီဂရီစင်တီဂရိတ် |
| ကျောက်မဲ | ၆ ဒီဂရီစင်တီဂရိတ် | ပင်လောင်း | ၇ ဒီဂရီစင်တီဂရိတ် |




ရတနာပုံ
၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၈ ရက်
အယ်ဒီတာ့အာဘော်

## နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး သန်းခေါင်စာရင်းကောက်ယူရေးတွင် ပါဝင်ပေး

သန်းခေါင်စာရင်းဟူသည် တစ်နိုင်ငံလုံးတွင် တစ်ပြိုင်တည်းကောက်ယူသည့် လူဦးရေစာရင်း။ (ရှေးက သန်းခေါင်ချိန်တွင် ကောက်ယူလေ့ရှိသည်)ဟု မြန်မာအဘိဓာန်တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ သန်းခေါင်စာရင်းသည် နိုင်ငံ၏ လက်ရှိအခြေအနေများကို ဖော်ထုတ်သော စာရင်းတစ်ခုဖြစ်သကဲ့သို့ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နိုင်ရန်အတွက် အထောက်အကူလည်းဖြစ်သည်။ ထို့ကြောင့် သန်းခေါင်စာရင်းကောက်ယူရာတွင် တိုင်းရင်းသားပြည်သူအားလုံး အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်သည်။

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် မဲစာရင်းများယွင်းမှုကြောင့် အမည်းစက်ဖြစ်ခဲ့ရသည့်အဖြစ်မျိုး ထပ်မံမဖြစ်စေရေး အဖြစ်နိုင်ဆုံး မဲစာရင်းမှန်ကန်အောင် ဆောင်ရွက်ရန် လိုအပ်ပေသည်။ ထို့ကြောင့် ၂၀၂၄ ခုနှစ်တွင် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်သည်။ အောင်မြင်စွာ ကောက်ယူနိုင်ရေးနှင့် စာရင်းကောက်ယူရာတွင် တွေ့ကြုံလာနိုင်သည့် အခက်အခဲများကို ကြိုတင်ပြင်ဆင်ထားနိုင်ရေး စမ်းသပ်သန်းခေါင်စာရင်းကိုလည်း ၂၀၂၃ ခုနှစ် အောက်တိုဘာလတွင် မြို့နယ်ပေါင်း ၂၀ အတွင်းရှိ စာရင်းကောက်ကွက် ၁၀၀ ၌ ပဏာမဆောင်ရွက်ခဲ့ပြီးဖြစ်သည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသည် နိုင်ငံတော်အစိုးရနှင့် ဌာနဆိုင်ရာအဖွဲ့အစည်းအသီးသီးက နိုင်ငံတော်၏မူဝါဒများ၊ စီမံကိန်းများ ရေးဆွဲချမှတ်ရာတွင် အခြေခံအသုံးပြုနိုင်ရေးအတွက် မြန်မာနိုင်ငံ၏ နှစ်အလိုက်ခန့်မှန်းလူဦးရေစာရင်းကို နှစ်စဉ် ပြုစုပေးလျက်ရှိသည်။ ၎င်းစာရင်းများထုတ်ပြန်ရာတွင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နှစ်လယ်ဖြစ်သော ၂၀၂၃ ခုနှစ် အောက်တိုဘာ ၁ ရက်တွင်ရှိသည့် မြန်မာနိုင်ငံ၏ ခန့်မှန်းလူဦးရေမှာ ၅၆ ဒသမ ၂ သန်းဖြစ်သည်။ တစ်နိုင်ငံလုံးအတိုင်းအတာနှင့် သန်းခေါင်စာရင်းကောက်ယူပြီးမှသာ လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းထွက်ရှိလာမည်ဖြစ်သည်။ သို့မှသာ မှန်ကန်သည့်မဲစာရင်းများရရှိမည်ဖြစ်ပြီး ရွေးကောက်ပွဲကို မှန်ကန်စွာပြုလုပ်နိုင်မည်ဖြစ်သည်။

သန်းခေါင်စာရင်းသည် ပြည်သူတို့၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပြည်သူရေးရာစီမံခန့်ခွဲရေးစသည့် အကြောင်းအရာအားလုံးနှင့်သက်ဆိုင်သည်။ နိုင်ငံတစ်နိုင်ငံတွင် မည်သည့်အစိုးရ၊ မည်သည့်လုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်သည်ဖြစ်စေ သန်းခေါင်စာရင်းနှင့် ကင်းကွာ၍မရဘဲ သန်းခေါင်စာရင်းကို အခြေခံရမြဲဖြစ်သည်။ နိုင်ငံ၏လူဦးရေ ပြည်နယ်၊ တိုင်းဒေသကြီးတွင် လူဦးရေပျံ့နှံ့မှု အသက်အပိုင်းအခြားအလိုက် ယောကျ်ား၊ မိန်းမဦးရေ၊ ပညာသင်ကြားလျက်ရှိသူ၊ ပညာတတ်မြောက်သူ၊ လုပ်ငန်းအမျိုးမျိုးတွင် လုပ်ကိုင်သူ၊ ကလေးမွေးဖွားမှု စသည်တို့ပါဝင်သော အကြောင်းအချက်များကို နိုင်ငံတစ်ဝန်းလုံးအတွက်လည်းကောင်း၊ ဒေသအသီးသီးအတွက်လည်းကောင်း ခွဲခြမ်းစိတ်ဖြာ၍ မှန်ကန်စွာသိရှိလေ့လာနိုင်ရန် သန်းခေါင်စာရင်းကို ကောက်ယူကြရသည်။

သို့ဖြစ်ရာ ၂၀၂၄ ခုနှစ်တွင် မြန်မာနိုင်ငံ၌ ပြည်လုံးကျွတ်လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများကို ဆောင်ရွက်ကြမည်ဖြစ်သည်။ သန်းခေါင်စာရင်းမှ ရရှိသော လူဦးရေဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များသည် မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ စီမံခန့်ခွဲရေးကိစ္စရပ်များတွင် အကျိုးရှိရှိလုပ်ဆောင်နိုင်မည်ဖြစ်သောကြောင့် သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းစဉ်များတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအနေဖြင့် ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

## မန္တလေးဈေးကွက်အတွင်း ပဲပုပ်(ဗမာ)များ အရောင်းအဝယ်ကောင်းမွန်လျက်ရှိ

**မန္တလေး ဖေဖော်ဝါရီ ၇**

မန္တလေး ဈေးကွက်အတွင်း ပဲပုပ်(ဗမာ)များ အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များမဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ယခုလက်ရှိ ပြည်တွင်း ရေဦးဘက်မှထွက်ရှိသည့် ပဲပုပ်(ဗမာ)များ မန္တလေးဈေးကွက်အတွင်း အရောင်းအဝယ်ကောင်းမွန်လာကြောင်း၊ အလားတူ အရည်အသွေးကောင်းမွန်သည့် ပဲပုပ်(ဗမာ)များကို ကုန်သည်များဈေးကောင်းပေး၍ ဝယ်ယူမှုများနေရှိကြောင်း သိရသည်။

"ပြည်တွင်း ရေဦးဘက်ကထွက်တဲ့ ပဲပုပ်ကို အခုတစ်လော မန္တလေးဈေးကွက်အတွင်း အဝယ်လိုက်နေပြီး အရောင်းအဝယ်ကောင်းနေပါတယ်။ ပြည်ပကလဲ ပြည်တွင်းကထွက်ရှိတဲ့ ပဲပုပ်ကို အနည်းငယ် မှာယူမှုရှိပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

ပြည်တွင်းမှထွက်ရှိသည့် ပဲပုပ်(ဗမာ)ဈေးနှုန်းမှာ ဖေဖော်ဝါရီ ၆ ရက်ပေါက်ဈေးအရ ၅၃ ပိဿာဝင်တစ်အိတ်လျှင် ငွေကျပ် ၂၀၀၀၀၀ ထိပေါက်ဈေးရှိလာပြီး အရောင်းအဝယ်ကောင်းလျက်ရှိကြောင်း သိရသည်။

အလားတူ ရှမ်းပြည်နယ်ဘက်မှထွက်ရှိသည့် ပဲပုပ်(ရှမ်း)အမျိုးအစားများလည်း မန္တလေးဈေးကွက်အတွင်း ပုံမှန်အတိုင်း အရောင်းအဝယ်ဖြစ်နေကြောင်း၊ ယခုတစ်လောတွင် ပဲပုပ်(ရှမ်း)အမျိုးအစားမှာ ၅၃ ပိဿာဝင်တစ်အိတ်လျှင် ငွေကျပ် ၁၇၅၀၀၀ ခန့်ပေါက်ဈေးရှိကြောင်း သိရသည်။

(၁၈၄)

## မန္တလေးဈေးချိုတော်၊ မန္တလေးတောင်၊ ရန်ကင်းတောင်၊ မန္တလေးဆိပ်ကမ်းတို့သို့ လိုင်းကားစီးနင်းသူ တစ်ရက်လျှင် ဦးရေ ၂၃၀၀ ကျော်ထိရှိလာ




**မန္တလေး ဖေဖော်ဝါရီ ၇**

မန္တလေးဈေးချိုတော်၊ မန္တလေးတောင်၊ ရန်ကင်းတောင်၊ မန္တလေးဆိပ်ကမ်းတို့သို့ လိုင်းကားစီးနင်းသူ တစ်ရက်လျှင်ဦးရေ ၂၃၀၀ ကျော်ရှိလာကြောင်း အမှတ်(၁၊ ၂၊ ၃) ယာဉ်လိုင်းဥက္ကဋ္ဌ ဦးမြငွေက ပြောပြ၍ သိရသည်။

ယခုလက်ရှိ မန္တလေးမြို့တွင် ကုန်ကျစရိတ်သက်သာစွာဖြင့် မိမိတို့ လိုရာခရီးကိုအဆင်ပြေစွာသွားလာနိုင်ရန် လိုင်းကားများပုံမှန်အတိုင်း ပြေးဆွဲပေးလျက်ရှိကြောင်း၊ မန္တလေးဈေးချိုတော်၊ မန္တလေးတောင်၊ ရန်ကင်းတောင်နှင့်မန္တလေးဆိပ်ကမ်းတို့သို့ လိုက်ပါစီးနင်းမည့် ခရီးသည်များ အဆင်ပြေလွယ်ကူစွာသွားနိုင်ရေးအတွက် အဓိကထား ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

"အခု မန္တလေးဈေးချိုတော်ဘက်ကို ကျောက်ဆည်တို့၊ မြစ်ငယ်တို့ဘက်ကနေ လိုင်းကားတွေနဲ့ လိုက်ပါစီးနင်းမှုများလာတယ်။ ဈေးချိုတော်ကို လိုက်ပါစီးနင်းတဲ့ခရီးသည်တွေကတော့ ဈေးရောင်းချတဲ့ ခရီးသည်တွေ တော်တော်လေးများတယ်"ဟု ဦးမြငွေက ပြောပြသည်။

မန္တလေးဈေးချိုတော်၊ မန္တလေးတောင်၊ရန်ကင်းတောင်နှင့်မန္တလေးဆိပ်ကမ်းတို့သို့ အမှတ် (၁၊၂၊၃) လိုင်းကားများဖြင့် လိုက်ပါစီးနင်းသည့် ခရီးသွားဦးရေ ဇန်နဝါရီလနောက်ဆုံးပတ်က တစ်ရက်လျှင် ဦးရေ ၂၂၀၀ ကျော်သာရှိခဲ့သော်လည်း ဖေဖော်ဝါရီလဆန်းပိုင်းက လိုက်ပါစီးနင်းသည့်ခရီးသွားဦးရေ တစ်ရက်လျှင် ၂၃၀၀ ကျော် ထိရှိလာကြောင်း သိရသည်။

"အခုတစ်လော မန္တလေးမြို့တွင်းကို လိုက်ပါစီးနင်းမှုကတော့ ဈေးအရောင်းအဝယ်ကိစ္စနဲ့ ဈေးချိုဘက်ကို လိုက်ပါစီးနင်းတဲ့ခရီးသွားတွေနဲ့ မန္တလေးတောင်ဘက်ကို ဘုရားဖူးသွားမဲ့ခရီးသည်တွေ လိုက်ပါစီးနင်းမှု တော်တော်လေးများပါတယ်။ တချို့ကကျတော့ လက်လုပ်လက်စား ဈေးရောင်းတဲ့ခရီးသည်တွေအပြင် အခြားနယ်ဝေးဒေသကလာတဲ့ခရီးသည်တွေ လိုက်ပါစီးနင်းမှုများပါတယ်"ဟု အမှတ် (၁၊၂၊၃) ယာဉ်လိုင်းဥက္ကဋ္ဌ ဦးမြငွေက ပြောပြ၍ သိရသည်။

(၁၈၄)

## မန္တလေးတိုင်းဒေသကြီး နတ်ရေကန်ငါးလုပ်ငန်းစခန်းက ငါးမွေးမြူသူများကို ငါးမျိုးကောင်ရေ ၂၅ သိန်း ရောင်းချပေးထား

**မန္တလေး ဖေဖော်ဝါရီ ၇**

မန္တလေးတိုင်းဒေသကြီးအတွင်း နတ်ရေကန် ငါးလုပ်ငန်းစခန်းက ငါးမွေးမြူသူများကို ငါးမျိုးကောင်ရေ ၂၅ သိန်း ဖြန့်ဖြူးရောင်းချပေးထားကြောင်း နတ်ရေကန်ငါးလုပ်ငန်းစခန်းမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန်းစန်းဦးက ပြောပြ၍ သိရသည်။

အဆိုပါ ငါးလုပ်ငန်းစခန်းက ယခုဘဏ္ဍာနှစ်အတွင်း ငါးမျိုးများကို မွေးမြူထုတ်လုပ်ပြီး ငါးမွေးမြူသူများကို ငါးမျိုးကောင်ရေသိန်း ၄၀ လျာထားပြီး ဖြန့်ဖြူးရောင်းချပေးခဲ့ရာ ယနေ့ထိ ငါးမျိုးကောင်ရေ ၂၅ သိန်း ဖြန့်ဖြူးရောင်းချပေးထားကြောင်း သိရသည်။

"အခုဘဏ္ဍာနှစ်အတွင်းမှာ နတ်ရေကန်ငါးလုပ်ငန်းစခန်းကနေ ငါးမျိုးကောင်းမျိုးသန့်တွေကို ငါးမွေးသူတွေ အလွယ်တကူ မွေးမြူနိုင်စေဖို့အတွက် ဖြန့်ဖြူးရောင်းချပေးနေတာပါ။ ဈေးနှုန်းသက်သက်သာသာနဲ့ အရည်အသွေးကောင်း ငါးမျိုးကောင်းမျိုးသန့်တွေကို မွေးမြူနိုင်စေဖို့ပါ။ လက်ရှိဖြန့်ဖြူးရောင်းချပေးနေတာက ရာခိုင်နှုန်းအနေနဲ့ ၆၅ ရာခိုင်နှုန်းလောက်ရှိနေပါပြီ။ လျာထားချက်ပြည့်မီအောင် ရောင်းချပေးသွားမှာပါ။ လိုအပ်တဲ့ နည်းပညာရပ်တွေကိုလဲ ပေးပါတယ်။ ငါးမွေးသူတွေကို ဖြန့်ဖြူးရောင်းချပေးရာမှာ တစ်လက်မအရွယ် ငါးမျိုး တစ်ကောင်ကို ငွေ ၅ ကျပ်နဲ့ နှစ်လက်မအရွယ် ငါးမျိုးတစ်ကောင်ကို ငွေ ၁၀ ကျပ်နှုန်းနဲ့ ရောင်းချပေးပါတယ်။ လူအများကြိုက်တဲ့ ငါးမြစ်ချင်းကို အဓိကဖြန့်ဖြူးရောင်းချပေးပါတယ်"ဟု ဒေါ်စန်းစန်းဦးက ပြောပြသည်။

နတ်ရေကန် ငါးလုပ်ငန်းစခန်းတွင် ငါးမွေးမြူသူများအတွက် မွေးမြူရေးငါး ခြောက်မျိုးကို မွေးမြူထုတ်လုပ်ပြီး ရောင်းချပေးသည့် ငါးမျိုးများမှာ ငါးမြစ်ချင်း၊ ထိုင်းငါးခုံးမကြီး၊ ငွေရောင်ငါးကြင်း၊ ခေါင်းကြီးငါးကြင်း၊ ငါးကြင်းဖြူ၊ ရွှေဝါငါးကြင်း စသည့်ငါးမျိုးများကို ထုတ်လုပ်ဖြန့်ဖြူးရောင်းချပေးနေကြောင်း၊ လျာထားချက်ပြည့်မီအောင် ဘဏ္ဍာနှစ်ကုန်သည်ထိ ငါးမွေးမြူသူများကို ဆက်လက်ဖြန့်ဖြူးရောင်းချပေးသွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာစာလမ်းနှင့် ၈၉ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# တံတားဦးမြို့နယ် ပြူကန်ခေတ်မီစံပြကျေးရွာ၌ RBF စီမံကိန်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**တံတားဦး ဖေဖော်ဝါရီ ၇**

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် တံတားဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ပြူကန်ခေတ်မီစံပြကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်းလုပ်ငန်း စီမံကိန်း (RBF) စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တံတားဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မာစန်း၊ တံတားဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ချောယဉ်စုနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ပြူကန်ခေတ်မီ စံပြကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း (RBF) ရန်ပုံငွေဖြင့် အသားတိုးနွားမွေးမြူရေးနှင့် နို့စားနွားမွေးမြူရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးဒေါ်ခင်မာစန်းက ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း (RBF) နှင့်ပတ်သက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

တံတားဦးမြို့နယ် ပြူကန်ခေတ်မီ စံပြကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း (RBF)စီမံကိန်းခွင့်ပြုငွေကျပ်သိန်း ၃၀၀၊ အစုအဖွဲ့များ ထည့်ဝင်ငွေကျပ်သိန်း ၁၀၀တို့ဖြင့် တိုင်းကျော်၊ ပြည်ကျော်အဖွဲ့နှစ်ဖွဲ့က အသားစားနွားမွေးမြူရေးနှင့် စွမ်းဝတီ၊ တိုးပွားအဖွဲ့ နှစ်ဖွဲ့က နို့စားနွားမွေးမြူရေးလုပ်ငန်းများကို အစုအဖွဲ့လေးဖွဲ့တို့က နွားကောင်ရေ ၂၀ ဖြင့် စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ စုစုပေါင်း နွား ၃၃ကောင်ထိ တိုးပွားလာပြီး မိသားစုဝင်ငွေ တိုးပွားလာစေရန် မွေးမြူရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း တံတားဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မာစန်းက ပြောပြသည်။ **အောင်ရဲကျော်**

## ၂၀၂၄ ခုနှစ်၊ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုကြီး ထာဝစဉ်တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကာကွယ်စောင့်ရှောက်ရေး။

(၂) တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ အပြည့်အဝရရှိစေရန်အတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူ အတူတကွလက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

(၃) တိုင်းရင်းသားပြည်သူအားလုံး၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများနှင့် MSME အခန်းကဏ္ဍတို့ မြှင့်တင်ဆောင်ရွက်ရေး။

(၄) နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်ဖြစ်ပေါ်လာရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာရေး တိုင်းရင်းသားအားလုံး ဝိုင်းဝန်းဆောင်ရွက်ရေး။

# ဝါးခယ်မမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၃၀၄၂၃ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က ပဲတီစိမ်းစိုက်ခင်းကို တွေ့ရစဉ်။

**မြောင်းမြ ဖေဖော်ဝါရီ ၇**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၃၀၄၂၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြ၍ သိရသည်။

ဝါးခယ်မမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၄၆၁၅၆ ဧက စိုက်ပျိုးရန် လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ပဲတီစိမ်း ၃၀၄၂၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဝါးခယ်မမြို့နယ်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီ ပဲတီစိမ်း ၄၆၁၅၆ ဧကစိုက်ပျိုးဖို့ လျာထားတာ လက်ရှိ ပဲတီစိမ်း ၃၀၄၂၃ ဧက စိုက်ပျိုးပြီးစီးသွားပြီးဖြစ်ပါတယ်။ စိုက်ပျိုးဖို့ကျန်တဲ့ ပဲတီစိမ်းဧကတွေကိုလဲ ဆက်လက်စိုက်ပျိုးနေပါတယ်။ လက်ရှိစိုက်ပျိုးထားတဲ့ ပဲတီစိမ်းတွေ ပိုးမွှားအန္တရာယ်ကင်းရှင်းပါတယ်။ ပဲတီစိမ်းတွေ အခက်အခဲမရှိ စိုက်ပျိုးနိုင်ဖို့အတွက် မစိုက်ခင်အချိန်ကနေ လက်ရှိအချိန်ထိ တောင်သူတွေနဲ့ သက်ဆိုင်ရာဌာနတွေ ပူးပေါင်းဆောင်ရွက်နေပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြသည်။

ဝါးခယ်မမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရေး၊ ပဲတီစိမ်း အထွက်နှုန်းတိုးတက်ကောင်းမွန်စေရေး၊ အရည်အသွေးကောင်း ပဲတီစိမ်းများစနစ်တကျ စိုက်ပျိုးထုတ်လုပ်နိုင်ရေး၊ ပိုးမွှားအန္တရာယ် ကင်းရှင်းစေရေး စသည့်လုပ်ငန်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ပေးလျက်ရှိကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးဝင်းထံမှ သိရသည်။

**ကျော်ကျော်လင်း**

# စလင်းမြို့နယ် တည်ဘိုကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**စလင်း ဖေဖော်ဝါရီ ၇**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြို့ဝန်းကြီးကျေးရွာအုပ်စု တည်ဘိုကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှုကို ဖေဖော်ဝါရီ ၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်နှင့်ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ တည်ဘိုကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုများ၊ လစဉ်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ စနစ်တကျဖြည့်သွင်းထားမှုနှင့် စီမံကိန်းဆိုင်ရာ ညွှန်ကြားချက်များ၊ စည်းမျဉ်းစည်းကမ်းများအပေါ် လိုက်နာဆောင်ရွက်မှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ မှာကြားသည်။

တည်ဘိုကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်က ငွေကျပ် သိန်း ၃၀၀ ဖြင့် စတင်ဆောင်ရွက်ခဲ့ပြီး ယခုအခါ အိမ်ထောင်စု ၂၆၂ စုကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၈ ဒသမ ၄ သန်းထုတ်ချေးပေးထားကာ မိသားစုစီးပွားရေးလုပ်ငန်းများ တစ်နိုင်တစ်ပိုင် ဆောင်ရွက်လျက်ရှိကြောင်း စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က ပြောပြ၍ သိရသည်။

**သန်းသန်းမိုး**

# ကလောမြို့နယ် ဘော်နင်းကုန်းကျေးရွာ၌ Mobile Financial Payment စနစ်ဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကလော ဖေဖော်ဝါရီ ၇**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောခရိုင် ကလောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက Myanmar Citizens Bank နှင့် ပူးပေါင်း၍ နန်းတိုင်းကျေးရွာအုပ်စု ဘော်နင်းကုန်းကျေးရွာ၌ ကျေးလက်နေပြည်သူများ ဒစ်ဂျစ်တယ်ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများကို လက်လှမ်းမီနိုင်စေရန်နှင့် အုပ်ချုပ်မှုဆိုင်ရာ ဝန်ထုပ်ဝန်ပိုးများလျှော့ချနိုင်စေရန်ရည်ရွယ်၍ Mobile Financial Payment စနစ်ဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဖေဖော်ဝါရီ ၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကလောခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ဇော်လင်းက မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို Mobile Financial Payment စနစ် အကောင်အထည်ဖော်ဆောက်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကလောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စွာက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး Myanmar Citizens Bank မှ တာဝန်ရှိသူများက Mobile Financial Payment အကောင့်ဖွင့်ပေးခြင်းနှင့် ငွေပေးချေနိုင်မည့်နည်းလမ်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်ဦးစီးမှူးနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက Mobile Financial Payment စနစ်ဖြင့် ဘော်နင်းကုန်းကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်မည့် စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် သိန်း ၃၇၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မောင်ခိုင်**



# ပင်လယ်မြို့ဟောင်းမှ အသစ်တွေ့အထောက်အထားများ (၃)

ဗိုလ်ရှိတ်(ရတနာပူရ)

**၂၀၂၂ ခုနှစ် တူးဖော်မှု**

ပင်လယ်မြို့ဟောင်းကို အခါအခွင့်သင့်သလို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက တူးဖော်မှုများပြုလုပ်ခဲ့သည်။ ထိုသို့ အဆက်ဆက်တူးဖော်ခဲ့ရာတွင် ကုန်းအမှတ်-၂၁ ထိ တူးဖော်လေ့လာနိုင်ခဲ့သည်။ ၂၀၂၂ ခုနှစ်တွင်လည်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက တူးဖော်မှုများပြုလုပ်ခဲ့သည်။ ၂၀၂၂ ခုနှစ် တူးဖော်မှုသည် ယခင်တူးဖော်မှုနှင့်မတူသည့် အထောက်အထားသစ်များ တွေ့ရှိခဲ့ကာ ကုန်းအမှတ်-၂၂ နှင့် ၂၃ တို့ကို တူးဖော်ခဲ့သည်။ ၂၀၂၂ ခုနှစ် တူးဖော်မှုကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန မန္တလေးဌာနခွဲမှ ရှေးဟောင်းသုတေသနဆိုင်ရာ အကြံပေးပညာရှင် ဦးပေါက်ပေါက်က ဦးဆောင်ကြီးကြပ်၍ တူးဖော်ခဲ့ခြင်းဖြစ်ပြီး ပါဝင်ခဲ့သူများမှာ ဦးပေါက်ပေါက် အကြံပေးပညာရှင်၊ ဒေါ်တင်တင်ဝင်း အဖွဲ့ခေါင်းဆောင်၊ ဦးဇေယျာအောင် အဖွဲ့ဝင်၊ ဦးကမ္ဘာထွန်း အဖွဲ့ဝင်၊ ဦးသန်းကျော်ဦး အဖွဲ့ဝင်၊ ဦးညီညီအောင် အဖွဲ့ဝင်၊ ဒေါ်ဟသ်ာဝေ အဖွဲ့ဝင်၊ ဒေါ်ညိုညိုဆန်း အဖွဲ့ဝင်၊ ဦးကျော်သူ အဖွဲ့ဝင်၊ ဦးခင်မောင်မြင့်အဖွဲ့ဝင်တို့ဖြစ်သည်။ ၂၀၂၂ ခုနှစ်တူးဖော်မှုကို ၂၀၂၂ ခုနှစ် အောက်တိုဘာ ၁၄ ရက်မှ ဒီဇင်ဘာ ၁၁ ရက်ထိ တူးဖော်ခဲ့ကြခြင်းဖြစ်သည်။

**ကုန်းအမှတ်-၂၂ တူးဖော်မှု**

ကုန်းအမှတ်-၂၂ တူးဖော်မှုသည် ပင်လယ်မြို့ဟောင်းအရှေ့ဘက်မျက်နှာ အပြင်မြို့ရိုးကြီး၏ အရှေ့ဘက် ပေ ၁၀၀၀ ခန့်အကွာ ကန်ဆွယ်ကျေးရွာ၏ တောင်ဘက်တွင် တည်ရှိသည်။ မြောက်လတ္တီတွဒ် ၂၁ ဒီဂရီ ၃၁ မိနစ်နှင့် တောင်လတ္တီတွဒ် ၉၆ ဒီဂရီ ၂၂ မိနစ်ကြား၌ တည်ရှိသည်။ ကုန်းအမှတ်-၂၂ သည် မတူးဖော်မီက သစ်ပင်ချုံနွယ်များဖြင့် ဖုံးအုပ်နေ၏။ ကုန်းမှာ ၁၇ ပေခန့်မြင့်ပြီး ပေ ၅၀ ပတ်လည်ခန့်ကျယ်ဝန်းသည်။ ကုန်းအမှတ်-၂၂ ကိုတူးဖော်ရန်အတွက် သစ်ပင်ချုံနွယ်များကို ရှင်းလိုက်သောအခါတွင် ရှေးဟောင်းပစ္စည်းများကို ခိုးယူသူများ တူးဖော်ထားခဲ့သော ကျင်းဟောင်းကြီးတစ်ကျင်းကို တွေ့ရှိခဲ့ရသည်။

ကုန်းအမှတ်-၂၂ ကို တူးဖော်လိုက်သောအခါတွင် အဆင့်လေးဆင့်ဖြင့် ဖွဲ့စည်းတည်ဆောက်ထားသော အဆောက်အအုံကြီးကို တွေ့ရသည်။ အဆောက်အအုံကြီးသည် အဆင့်လေးဆင့်ဖြင့် တည်ဆောက်ထားသည်။ အတွင်းဘက်ဆုံးပထမအဆင့်ပန္နက်ပုံစံသည် အချင်း ၃၆ ဒသမ ၇ ပေခန့်ရှိပြီး စက်ဝိုင်းပုံစံဖြစ်သည်။ ဒုတိယအဆင့်ပန္နက်ပုံစံသည် ပထမအဆင့်ပုံစံကဲ့သို့ အဝန်းအဝိုင်းပုံစံဖြစ်ပြီး အချင်း ၄၃ ပေ သုံးလက်မခန့်ရှိသည်။ တတိယအဆင့်ပန္နက်ပုံစံသည် စတုရန်းပုံလေးဖက်ညီပန္နက်ပုံစံဖြစ်သည်။ ဒုတိယအဆင့်အဝိုင်းပုံကို ဘေးမှပတ်ခွေထားသည့်ပုံစံဖြစ်သည်။ စတုတ္ထအဆင့်ပန္နက်ပုံစံသည် စက်ဝိုင်းပုံစံဖြစ်ပြီး အချင်း ၇၅ ပေခန့်ကျယ်ဝန်းသည်။ စတုရန်းပုံတတိယအဆင့်ပန္နက်သည် တောင်ဘက်နှင့် အနောက်ဘက်တွင်သာ အုတ်ရိုးထုတွေ့ရပြီး အရှေ့ဘက်နှင့်မြောက်ဘက်တွင် အုတ်ရိုးထုမတွေ့ရပါ။ ထိုသို့ အရှေ့ဘက်နှင့်မြောက်ဘက်တွင် မတွေ့ရခြင်းမှာ မူလတည်ဆောက်စဉ်က မရှိခဲ့ခြင်းမဟုတ်ဘဲ မျက်မှောက်ခေတ်ကာလ မသမာသူတို့၏ တူးဖော်ဖျက်ဆီးမှုကြောင့် မတွေ့ရခြင်းဖြစ်သည်။

**ဗိသုကာအုတ်ချပ်များ**

ကုန်းအမှတ်-၂၂ အဆောက်အအုံကို တူးဖော်ရာတွင် အဆောက်အအုံမှာ ဗိသုကာအုတ်ချပ်များကို အသုံးပြု၍ တည်ဆောက်ထားသည်ကို တွေ့ရသည်။ ဗိသုကာအုတ်ချပ်ဆိုသည်မှာ အသုံးပြုလိုသည့်ပုံစံအတိုင်း သေချာပြုလုပ်ထားသောအုတ်မျိုးဖြစ်သည်။ ကုန်းအမှတ်-၂၂ တွင်တွေ့ရသော အုတ်ပုံစံများမှာ (၁၈×၉×၃)လက်မအရွယ်ရှိ စတုဂံပုံစံအုတ်၊ တစ်ဖက်ခုံးအုတ်(ခုံးအုတ်)၊ သပ်အုတ်၊ အဝိုင်းပုံစံအုတ်၊ အချွန်းပုံစံအုတ်၊ အင်္ဂလိပ်အက္ခရာ B ပုံစံအုတ်၊ ကြေးစည်ကဲ့သို့ အနားတွန့်ပုံစံအုတ်၊ တစ်ဖက်လုံးအုတ်တို့ဖြစ်သည်။

**ဗိသုကာအုတ်များသုံး၍ တည်ဆောက်ထားသည့်ပုံစံ**

အဆောက်အအုံတည်ဆောက်ထားသည့်ပုံစံသည် မြေပြင်ညီပေါ်တွင် (၁၈×၉×၃)လက်မအရွယ်ရှိ အုတ်ကို အနံထောင် နှစ်ဆင့် စီထားပြီး ထိုအပေါ်တွင် တစ်ဖက်ခုံးအုတ်ကို ဒေါင်လိုက်စီထားသည်။ ထိုအပေါ်တွင် သပ်အုတ်ကို တစ်လွှာစီထားပြီး သပ်အုတ်ပေါ်တွင် အဝိုင်းတစ်လှည့်၊ အချွန်းတစ်လှည့်အုတ်ကို ထပ်မံစီထားသည်။ ထို့နောက် သပ်အုတ်ပေါ်တွင် အင်္ဂလိပ်အက္ခရာ B ပုံစံအုတ်ကို နှစ်ချပ်စီ သုံးလက်မခြား၍ ဒေါင်လိုက်စီထားသည်။ ထိုသို့ သုံးလက်မခြားထားခြင်းမှာ ဆီမီးပူဇော်ရန်အတွက် စီမံထားခြင်းဖြစ်သည်ဟု ယူဆကြသည်။

B ပုံစံအုတ်ပေါ်တွင် သပ်အုတ်တစ်ခါထပ်စီထားပြီး သပ်အုတ်ပေါ်တွင် (၁၈×၉×၃)လက်မအရွယ်အုတ်ကို အလျားလိုက်စီထားသည်။ ထိုအထက်တွင် ပြိုကျနေသောကြောင့် မည်သည့်ပုံစံရှိသည်ကိုမသိရတော့ပေ။ ယခုဖော်ပြခဲ့သည်မှာ အဆင့်လေးဆင့်ရှိပန္နက်ပုံတွင် အချင်း ၄၃ ပေ သုံးလက်မရှိသော ဒုတိယအဆင့် အဝိုင်းပုံပန္နက်၏ အုတ်စီပုံဖြစ်သည်။

**စတုတ္ထအဆင့်အုတ်စီပုံ**

အပြင်ဘက်ဆုံး စတုတ္ထအဝိုင်းပန္နက်ပုံစံသည် ဒုတိယအဆင့်အဝိုင်းပုံပန္နက်၏မြောက်ဘက် ၁၆ ပေခန့်အကွာ မြေအနက် ၁၄ ပေခန့်တွင် တည်ရှိသည်။ စတုတ္ထအဆင့်အဝိုင်းသည် အချင်း ၇၅ ပေခန့်ရှိပြီး အုတ်စီရာတွင် ဗိသုကာအုတ်လေးမျိုးကို အသုံးပြုစီထားသည်။ အုတ်စီပုံစနစ်မှာ (၁၈×၉×၃)လက်မအရွယ်ရှိအုတ်ကို တစ်လွှာအလျားလိုက်စီထားပြီး ထိုအုတ်တစ်လွှာပေါ်တွင် (၁၈×၉×၃)လက်မအုတ်ကို နောက်သို့ ၁၃ စင်တီမီတာဆုတ်ကာ အလျားလိုက်နှစ်လွှာစီထားသည်။ ၎င်းအထက်တွင် (၁၈×၉×၃)လက်မရှိအုတ်ကို ၁၃ စင်တီမီတာ နောက်ဆုတ်ပြီး အလျားလိုက် တစ်လွှာထပ်စီပြန်သည်။ ထို့နောက် တစ်ဖက်ခုံးအုတ်ကို ဒေါင်လိုက်စီပြီး ၎င်းအပေါ်တွင် (၁၈×၉×၃)လက်မရှိ အုတ်ကို အလျားလိုက်တစ်လွှာစီသည်။ နောက် B ပုံစံအုတ်ကို ဒေါင်လိုက်စီသည်။ (၁၈×၉×၃)လက်မအရွယ်ရှိ အုတ်ကို အလျားလိုက်စီသည်။ ၎င်းအပေါ်တွင် တစ်ဖက်ချွန်းအုတ်စီထားပြီး ၎င်းအပေါ်တွင် (၁၈×၉×၃)လက်မအုတ်ကို တစ်လွှာစီသည်။ ၎င်းအပေါ်တွင် (၁၈×၉×၃)လက်မအုတ်ကို ခုနစ်လွှာစီထားပြီး ထို့အထက်တွင် မည်သို့စီထားသည်ကို မသိရတော့ပေ။

**ပထမအဆင့်နှင့် တတိယအဆင့်အုတ်စီပုံ**

ဒုတိယအဆင့်ပန္နက်ပုံစံနှင့် စတုတ္ထအဆင့်ပန္နက်ပုံစံသည် အုတ်စီရာတွင် အဆင့်အတန်းမြင့်မားလှသော်လည်း ပထမအဆင့်နှင့်တတိယအဆင့်အုတ်စီပုံသည် ရိုးရိုးသာဖြစ်သည်။ ဗိသုကာအုတ်များသုံးထားသည်ကို မတွေ့ရပေ။ ပထမအဆင့် အတွင်းဆုံးအဝိုင်းသည် အချင်း ၃၆ ဒသမ ၇ ပေခန့်ကျယ်ဝန်းပြီး စက်ဝိုင်းပုံပန္နက်ကို (၁၈×၉×၃)လက်မအရွယ်ရှိ အုတ်တို့ဖြင့် စက်ဝိုင်းပုံစံစီထားပြီး အတွင်း၌ အရွယ်အစားမတူညီသောအုတ်များဖြင့် ဝမ်းစာဖြည့်တည်ဆောက်ထားသည်။ အုတ်လွှာ ၂၈ လွှာခန့်စီထားသည်ကိုတွေ့ရပြီး မြေအနက် ၁၄ ပေခန့်ရှိသည်။ ဗိသုကာအုတ်များ အသုံးမပြုထားပေ။

တတိယအဆင့်မှာ ဒုတိယအဆင့်၏ အပြင်ဘက် ကိုးပေခန့်အကွာတွင်တွေ့ရသည်။ (၁၈×၉×၃)လက်မအုတ်များအသုံးပြုစီထားပြီး ဖြက်သုံးပေခန့်ကျယ်သော အုတ်လွှာသုံးလွှာသာ တွေ့ရသည်။ ဗိသုကာအုတ်များ အသုံးပြုထားသည်ကို မတွေ့ရပါ။

**အရိုးအိုးများတွေ့ရှိမှု**

ကုန်းအမှတ်-၂၂ သည် ဘာသာရေးအဆောက်အအုံတစ်ခုဖြစ်ခြင်းကြောင့် တူးဖော်မှုပစ္စည်းဟူ၍ ထူးထူးခြားခြားမတွေ့ရပါ။ တူးဖော်မှုပစ္စည်းဟူ၍ ဒုတိယအဆင့်အဝိုင်းပတ်ပတ်လည်ရှိ ဖို့မြေလွှာအတွင်းမှအရိုးအိုး ၁၉ လုံးကို တွေ့ရသည်။ အရိုးအိုး ၁၉ လုံးတွင် အဖုံးပါသောအရိုးအိုးမှာ ၁၆ လုံးဖြစ်ပြီး အဖုံးမပါသောအရိုးအိုးမှာ သုံးလုံးဖြစ်သည်။ အရိုးအိုးပုံစံများမှာ ဆလင်ဒါပုံအရိုးအိုး ၁၆ လုံးနှင့် ပုံစံကွဲပြားသော အရိုးအိုးသုံးလုံးဖြစ်သည်။ အရိုးအိုးများကို တူးဖော်တွေ့ရှိမှုအလိုက် အမှတ်စဉ်များထိုး၍ မှတ်သားခဲ့သည်။ အရိုးအိုးတိုင်းတွင် လှပစွာအရစ်များဖော်ထားသည်ကို တွေ့ရသည်။ ရှားရှားပါးပါး အိုးနှစ်လုံးတွင် အဖုံးနှင့် ကိုယ်ထည်၌ အဖြူရောင်ဆေးနှင့် အနက်ရောင်ဆေးများ ခြယ်ထားသည်။ အိုးတစ်လုံးတွင်မူ အဖုံး၌ အဖြူရောင်ဆေးနှင့် ကိုယ်ထည်၌ အဖြူနှင့် အနက်ရောင် ကျူထရံကွက်လက်ခတ်ရာပုံစံပါရှိသည်။

**ကုန်းအမှတ်-၂၃ တူးဖော်မှု**

ကုန်းအမှတ်-၂၃ သည် အတွင်းဘက်ဆုံးစတုဂံပုံမြို့ရိုးအရှေ့ဘက်ကို တူးထားခြင်းဖြစ်သည်။ ကုန်းအမှတ်-၂၃ သည် မိုင်းမောကျေးရွာ၏ အရှေ့တောင်ဘက် တစ်မိုင်ခန့်အကွာ မိုင်းမော-ကင်းတားဆည်သွားကားလမ်း၏ ညာဘက်တစ်မိုင်ခန့်အကွာ၌ တည်ရှိသည်။ မြောက်လတ္တီတွဒ် ၂၁ ဒီဂရီ ၁၈ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁၂ မိနစ်ကြား၌ တည်ရှိသည်။ တူးဖော်မှုအကျယ်အဝန်းမှာ အရှေ့အနောက် ၄၅ ပေခန့်၊ တောင်မြောက် ပေ ၁၂၀ ခန့်ရှိသည်။ ပင်လယ်မြို့ဟောင်းကို အကြိမ်ကြိမ်တူးဖော်မှုများပြုလုပ်ခဲ့သော်လည်း မြို့ရိုးသုံးထပ်တွင် အတွင်းဆုံး စတုဂံပုံမြို့ရိုးကို တူးဖော်မှုအမှတ်-၂၃ ရောက်မှ

**❖ ကုန်းအမှတ်-၂၂ အဆောက်အအုံကို တူးဖော်ရာတွင် အဆောက်အအုံမှာ ဗိသုကာအုတ်ချပ်များကို အသုံးပြု၍ တည်ဆောက်ထားသည်ကို တွေ့ရသည်။ ဗိသုကာအုတ်ချပ်ဆိုသည်မှာ အသုံးပြုလိုသည့်ပုံစံအတိုင်း သေချာပြုလုပ်ထားသော အုတ်မျိုးဖြစ်သည်။ ကုန်းအမှတ်-၂၂ တွင် တွေ့ရသောအုတ်ပုံစံများမှာ (၁၈×၉×၃)လက်မအရွယ်ရှိ စတုဂံပုံစံအုတ်၊ တစ်ဖက်ခုံးအုတ်(ခုံးအုတ်)၊ သပ်အုတ်၊ အဝိုင်းပုံစံအုတ်၊ အချွန်းပုံစံအုတ်၊ အင်္ဂလိပ်အက္ခရာ B ပုံစံအုတ်၊ ကြေးစည်ကဲ့သို့ အနားတွန့်ပုံစံအုတ်၊ တစ်ဖက်လုံးအုတ်တို့ဖြစ်သည်။ ❖**

တူးဖော်ခဲ့ခြင်းဖြစ်သည်။ တူးဖော်မှုအမှတ်-၂၃ သည် စတုဂံပုံမြို့ရိုး၏ ပထမဆုံးတူးဖော်မှုဟု ဆိုနိုင်သည်။

ကုန်းအမှတ်-၂၃ သည် စတုဂံပုံမြို့ရိုးကို တူးဖော်ခဲ့ခြင်းဖြစ်သောကြောင့် မြို့ရိုး၏တည်ဆောက်ပုံနှင့် ထုထည်ပမာဏကို သိရှိရသည်။ မြို့ရိုးတည်ဆောက်ရာတွင် မြေပြင်ညီပေါ်တွင် မြေမာဖို့တင်ပြီး မြေမာပေါ်တွင် အုတ်ရိုးပန္နက်ချကာ တည်ဆောက်ထားသည်။ အုတ်ရိုးပန္နက်ကို (၁၈×၉×၃)လက်မ အုတ်များကို အသုံးပြုထားသည်။ အုတ်မြို့ရိုးထုမှာ လေးပေသုံးလက်မကျယ်ဝန်းသည်။ တူးဖော်တွေ့ရှိရသောအုတ်မြို့ရိုးအမြင့်မှာ အုတ်လွှာခြောက်လွှာခန့်သာရှိသည်။ မြို့ရိုးအုတ်စီရာတွင် အတွင်း၊ အပြင် မျက်နှာဘက်တို့တွင် (၁၈×၉×၃)လက်မအုတ်များကို စီထားပြီး အတွင်း၌ တစ်ဝက်ကျိုးနေသောအုတ်များ စီထားသည်ကို တွေ့ရသည်။ ထိုအချက်ကိုကြည့်၍ ပင်လယ်ပျူမြို့ဟောင်းကောင်းစားစဉ်ခေတ်က ယခုခေတ်ကဲ့သို့အုတ်ခဲကျိုးရောနှော၍ ဝမ်းစာထည့်ဆောက်သည့်စနစ်ကို အသုံးမပြုခဲ့ဟု ယူဆစရာဖြစ်သည်။ မြို့ရိုးကို အုတ်ကောင်း၊ အုတ်ကျိုးများအပြည့်စီစနစ်ကိုသာ တွေ့ရသည်။ မြို့ရိုးမှာထုထည်သိပ်မကြီးသလိုအမြင့်မှာလည်း သိပ်မမြင့်ဟု ယူဆရသည်။ ယခုတူးဖော်တွေ့ရှိသည့် အုတ်လွှာခြောက်လွှာအထက်တွင် အုတ်လေးလွှာ၊ ငါးလွှာခန့်သာ အမြင့်ရှိမည်ဟု တူးဖော်ရေးအဖွဲ့က သုံးသပ်သည်။ မြို့ရိုးအပေါ်ပိုင်းကို သစ်၊ ဝါးတို့ဖြင့် တည်ဆောက်ခဲ့ဟန်ရှိသည်ဟု တူးဖော်ရေးအဖွဲ့က သုံးသပ်ထားသည်။ စတုဂံပုံမြို့ရိုးသည် ထုထည်လည်း သိပ်မကြီးသလို အမြင့်လည်း တအားမမြင့်ခြင်းမှာ မြို့ရိုးသုံးထပ်တွင် အတွင်းဆုံးမြို့ရိုးဖြစ်နေသောကြောင့်ထင်သည်။ စတုဂံပုံမြို့ရိုး၏အပြင်ဘက်တွင် ရှိသော အဝိုင်းပုံမြို့ရိုးနှစ်ထပ်သည် ထုထည်လည်း ကြီးသလို မြင့်မြင့်မားမားကာရံထားခြင်းဖြစ်မည်ဟု ယူဆရသည်။ ထိုသဘောကို အင်းဝမြို့၌လည်း တွေ့ရသည်။ အင်းဝရှိ မြို့ရိုးသုံးထပ်တွင် အပြင်မြို့ရိုးနှစ်ထပ်သည် ထုထည်ကြီးသလို မြင့်လည်းမြင့်သည်။ အတွင်းဆုံးနန်းမြို့ရိုးကား အပြင်မြို့ရိုးနှစ်ခုလောက် မြင့်လည်း မမြင့်သလို ထုထည်လည်းမကြီးပေ။


**ကုန်းအမှတ်-၂၃ မှ တူးဖော်ပစ္စည်းများ**

ကုန်းအမှတ်-၂၃ ကို တူးဖော်ရာတွင် မီးဖိုချောင်သုံး အိုးအင်ခွက်ယောက်များကိုသာ တွေ့ရသည်။ အိုးအင်ခွက်ယောက်များမှာ များသောအားဖြင့် အခြယ်အလှယ်မပါသော ပြောင်ချောများသာဖြစ်သည်။ အချို့အိုးခြမ်းကွဲများတွင်သာ တုတ်ချွန်ဖြင့်ခြစ်ထားသော အခြယ်အလှယ်များပါရှိသည်။ ပုတီးစေ့အနေဖြင့် မြေပုတီးစေ့သုံးစေ့သာတွေ့ရသည်။ ကုန်းအမှတ်-၂၃ ၏ ထူးခြားမှုတစ်ခုမှာ မြေပုတီးစေ့ကို အုတ်ချပ်နှင့်ရော၍ မီးဖုတ်ထားခြင်းဖြစ်သည်။ ထိုသို့ အုတ်ချပ်နှင့်ရော၍ ပုတီးစေ့ကိုမီးဖုတ်ခြင်းသည် ပင်လယ်မြို့ဟောင်း တူးဖော်မှုတစ်လျှောက်လုံး ကုန်းအမှတ်-၂၃ တူးဖော်မှုတွင်သာ တွေ့ရသည်။

ပင်လယ်မြို့ဟောင်းသည် အဆောက်အအုံတည်ဆောက်မှုအတတ်ပညာ၊ ဗုဒ္ဓဘာသာယဉ်ကျေးမှုဓလေ့များ အားကောင်းခဲ့သည်ဟု ဆိုနိုင်သည်။ ကုန်းအမှတ်-၂၂ အဆောက်အအုံကို ဗိသုကာအုတ်များဖြင့် စနစ်တကျ အချိုးအစားကျနစွာတည်ဆောက်ထားသည်မှာ ပင်လယ်မြို့ဟောင်းကောင်းစားသောခေတ်တွင် အဆောက်အအုံတည်ဆောက်မှုပညာ မည်မျှတိုးတက်နေကြောင်းကို ပြသနေသည်။ ၎င်းမှာ ကုန်းအမှတ်-၂၂ တူးဖော်၏ရလဒ်ပင်ဖြစ်သည်။

ထို့ကြောင့် ပင်လယ်မြို့ဟောင်းတူးဖော်မှုသုတေသနလုပ်ငန်းများကို အစဉ်တစိုက်လုပ်ဆောင်ရန်လိုသည်။ တူးဖော်မှုလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်မည်ဆိုလျှင် ယခုထက်ပိုမိုသော သမိုင်းအထောက်အထားများ တွေ့လာနိုင်ပါသည်။

# လမ်းလျှောက်ခြင်းဖြင့် မုန့်ချိုအိတ်ကျန်းမာစေနိုင်သည်



ပန်ကရိယလို့ခေါ်တဲ့ မုန့်ချို အိတ်က မိမိတို့စားသောက်သမျှ အစာတွေအားလုံးကို ခန္ဓာကိုယ်ရဲ့ ကလာပ်စည်းတွေအတွက် လိုအပ်တဲ့ လောင်စာအဖြစ် ပြောင်းလဲပေးတဲ့ တာဝန်ကို ထမ်းဆောင်ပါတယ်။

သူမှာ လုပ်ငန်းကြီးနှစ်ခုရှိပါတယ်။ အဲဒါတွေကတော့ အစာခြေရည်ထုတ်ပေးခြင်းနဲ့ သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးခြင်းတို့ပါပဲ။

ပုံမှန်လမ်းလျှောက်ပေးခြင်းက သွေးတွင်းသကြားဓာတ် ပမာဏကို ကောင်းမွန်တဲ့အခြေအနေတစ်ခုမှာပဲ ရှိနေစေဖို့ ကူညီပေးပါတယ်။

လမ်းလျှောက်တဲ့သူနဲ့ ပြေးတဲ့သူနှိုင်းယှဉ်လိုက်ရင် လမ်းလျှောက်တဲ့သူက ကျန်းမာရေးနဲ့ ညီညွတ်တဲ့ သွေးတွင်းသကြားဓာတ်ပမာဏကို ပိုင်ဆိုင်ထားပါတယ်။

ဒါကြောင့် ဆီးချိုရောဂါဖြစ်ပွားမှုကိုကာကွယ်ရာမှာ လမ်းလျှောက်ခြင်းဟာ ပြေးခြင်းထက် ပိုပြီးထိရောက်မှုရှိတယ်လို့ ဆိုတာပါ။

# ရေဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၁၀၆၇ ဧက စိုက်ပျိုးပြီးစီး

**ရေဦး ဖေဖော်ဝါရီ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ရေဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၁၀၆၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။



ယခင်နှစ်က ဖူးစားပြောင်းစိုက်ခင်းကို တွေ့ရစဉ်။

ရေဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်းဧက ၁၂၀၀ စိုက်ပျိုးရန် လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၀၆၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ ရေဦးမြို့နယ်မှာ ဖူးစားပြောင်းဧက ၁၂၀၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၁၀၆၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့အတွက် အသိပညာပေးတာတွေ၊ ပိုးမွှားရောဂါကျရောက်မှုမရှိအောင် အသိပညာပေးတာတွေ ဆောင်ရွက်နေပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ရေဦးမြို့နယ်တွင် ဖူးစားပြောင်းသီးနှံစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးရေးဆိုင်ရာများ သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်း၊ ဖောင်မြှောင်တောင်ပိုးကြိုတင်ကာကွယ်နည်းများ၊ ဘက်စုံသီးနှံကာကွယ်ရေးစနစ်ဖြစ်သည့် တမာပိုးသတ်ဆေးနှင့် ချင်း၊ ဇရုတ်ပိုးနှင်ဆေးအသုံးပြုနည်းများ အသိပညာပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၂၀၆)

# မီးဘေးကင်းဖို့

\- နွေရာသီ ဤကာလ
သတိပြုကြ မီးသုံးကွယ်၊
အပူရှိန် မလွန်ကဲဖို့
သုံးစွဲသင့်တယ်၊
အမှိုက်တစ်စ မီးအန္တရာယ်
လောင်ကျွမ်းလွယ် ဆုံးရှုံးတတ်၊
မီးချိတ်ဆောင် သဲအိတ်များကို
ဆောင်ထားရှိအပ်။

\- မီးသတ်ကန် ထားရှိပေး
မီးဘေးဝေး အဆင်ပြေ၊
လျှပ်စစ်ဝိုင်ယာ ရှော့ခ်သတိ
သိရှိပါစေ၊
မီးသတိ ပြုလျက်နေ
ချစ်မိတ်ဆွေ နှိုးဆော်စို့၊
အားလုံးညီ လိုက်နာလျက်
ဆောင်ရွက်ကြဖို့။

\- လေပြင်းတွေ တိုက်ခတ်တော့
မီးငြိမ်းပေါ့ အမြန်သာ၊
မီးဘေးရှောင် မလောင်ခင်တား
နိုးကြားကြပါ၊
ဆေးလိပ်များ လမ်းပေါ်မှာ
သောက်သုံးကာ မပြုရေး၊
ရပ်ရွာနေ ပြည်သူလူထု
ကြည့်ရှုထိန်းပေး။ ။

**ဖြိုးထက်(ရေစကြို)**

# လွိုင်လင်မြို့နယ် ခဲလောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**လွိုင်လင် ဖေဖော်ဝါရီ ၇**

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်ခရိုင် လွိုင်လင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ခဲလောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေဖြင့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ဖေဖော်ဝါရီ ၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လွိုင်လင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသန်းနိုင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ခဲလောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက အဆိုပါကျေးရွာရှိ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ လအလိုက်ပြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှန်ကန်မှု ရှိ၊ မရှိ စစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ခဲလောင်းကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှစတင်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၀၀ ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ အဆိုပါကျေးရွာရှိ အသင်းသား၊ အသင်းသူ ၁၄၈ ဦးကို ငွေကျပ် ၄၆ ဒသမ ၀၆ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မောင်နိုင်**

# အုတ်ဖိုမြို့နယ် ဘုတလက်တန်းကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**အုတ်ဖို ဖေဖော်ဝါရီ ၇**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် အုတ်ဖိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တင်ဆိပ်ကျေးရွာအုပ်စု ဘုတလက်တန်းကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အုတ်ဖိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းမြင့်စိုးက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံကို ကျေးလက်နေပြည်သူများဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများဆောင်ရွက်နိုင်စေရန် ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အုတ်ဖိုမြို့နယ် မြစိမ်းရောင်ကျေးရွာ စီမံကိန်း တာဝန်ခံဝန်ထမ်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့် ပြစ်ဒဏ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဘုတလက်တန်းကြီးကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၈၈ ဦးကို ငွေကျပ် ၄၂ ဒသမ ၄ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၅ ဦးကို ငွေကျပ် ၅ ဒသမ ၄ သန်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်သူတစ်ဦးကို ငွေကျပ်သုည ဒသမ ၂ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၄ ဦးကို ငွေကျပ် ၄၈ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သုတ**

# နိုင်ငံတကာ သတင်းများ

## ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်မာနက် ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ ရောက်ရှိ

**ဗန်ကောက် ဖေဖော်ဝါရီ ၇**

ကမ္ဘောဒီးယား ဝန်ကြီးချုပ် ဟွန်မာနက်သည် ဝန်ကြီးချုပ်ရာထူး ရယူပြီးနောက် ပထမဆုံးတရားဝင် ခရီးစဉ်အဖြစ် ထိုင်းနိုင်ငံဗန်ကောက်မြို့သို့ ယနေ့တွင် ရောက်ရှိခဲ့သည်။

ထိုင်းနိုင်ငံ ခရီးစဉ်အတွင်း ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်မာနက်သည် ထိုင်းဝန်ကြီးချုပ် ဆရက်ထာ ထာဗီဆင်နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

ကမ္ဘောဒီးယား ဝန်ကြီးချုပ် ဟွန်မာနက်သည် ယခုခရီးစဉ်အတွင်း ထိုင်ဘုရင်မင်းမြတ် မဟာဝိဇယလောင်ကွန်းကိုလည်း တွေ့ဆုံဂါရဝပြုရန် စီစဉ်ထားသည်။


ကမ္ဘောဒီးယား ဝန်ကြီးချုပ် ဟွန်မာနက်၏ ထိုင်းခရီးစဉ်မှာ တစ်ရက်သာကြာမြင့်ခဲ့သော်လည်း နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးအတွက် အရေးကြီးသည့်ခရီးစဉ်ဖြစ်ကြောင်း ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

ဟွန်မာနက်နှင့် ဆရက်ထာတို့သည် ကမ္ဘောဒီးယားနှင့် ထိုင်းဝန်ကြီးချုပ်ရာထူးများကို ၂၀၂၂ ခုနှစ်ဩဂုတ် ၂၂ ရက်တွင်တစ်ချိန်တည်းရယူခဲ့သူများဖြစ်ကြသည်။

ထိုင်းနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့သည် ယေဘုယျအားဖြင့် ဆက်ဆံရေး တည်ငြိမ်ကောင်းမွန်သော အိမ်နီးချင်းနိုင်ငံများဖြစ်ကြကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**



## အိန္ဒိယနိုင်ငံ၌ မီးရှူးမီးပန်းစက်ရုံ မီးလောင်ပေါက်ကွဲမှုကြောင့် ခြောက်ဦးသေဆုံး

**ဒေလီ ဖေဖော်ဝါရီ ၇**

အိန္ဒိယနိုင်ငံအလယ်ပိုင်း မီးရှူးမီးပန်းစက်ရုံတစ်ရုံ၌ ဖေဖော်ဝါရီ ၆ ရက်တွင် မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ လူ ခြောက်ဦး သေဆုံး၍ ဦးရေ ၄၀ ခန့် ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

မီးလောင်မှုဖြစ်ပွားခဲ့ပြီးနောက် မီးရှူးမီးပန်းစက်ရုံအတွင်း အခြားပေါက်ကွဲမှုများဆက်တိုက်ဖြစ်ပွားခဲ့ရကြောင်း အိန္ဒိယတာဝန်ရှိသူများက ပြောကြားခဲ့သည်။

မီးလောင်ပေါက်ကွဲမှုဖြစ်ပွားခဲ့သော မီးရှူးမီးပန်းစက်ရုံသည် မဒရာပရာဒေ့ရှ်ပြည်နယ်၌တည်ရှိပြီး လက်ရှိအချိန်တွင် မီးလောင်မှုစတင်ဖြစ်ပွားရခြင်းအကြောင်းရင်းကို တာဝန်ရှိသူများက စုံစမ်းစစ်ဆေးနေဆဲဖြစ်သည်။

ဘာသာရေး ပွဲတော်များနှင့် လက်ထပ်မင်္ဂလာပွဲများတွင် သုံးစွဲလေ့ရှိသော မီးရှူးမီးပန်းများသည် အိန္ဒိယနိုင်ငံ၌ ဝယ်လိုအားမြင့်မားသောကုန်စည်များဖြစ်ကြသည်။

ပြီးခဲ့သည့်နှစ် ဇူလိုင်လကလည်း အိန္ဒိယနိုင်ငံတောင်ပိုင်းရှိ မီးရှူးမီးပန်းစက်ရုံတစ်ရုံ၌ ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ လူ ရှစ်ဦးသေဆုံးခဲ့ရသည်။

အိန္ဒိယနိုင်ငံ၌ မီးရှူးမီးပန်းစက်ရုံမတော်တဆမှုများသည် ဘေးအန္တရာယ်လုံခြုံရေးစည်းမျဉ်းများ အားနည်းမှုကြောင့် နှစ်စဉ်လိုလိုဖြစ်ပွားတတ်ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**

## ရုရှားလေတပ်မှ တီယူ-၉၅ အမ်စီအမျိုးအစားမဟာဗျူဟာမြောက်ဗုံးကြဲလေယာဉ်များ အမေရိကန်နိုင်ငံ အလက်စကာပြည်နယ်အနီး ကင်းလှည့်ပျံသန်း



**မော်စကို ဖေဖော်ဝါရီ ၇**

ရုရှားလေတပ်မှ တီယူ-၉၅ အမ်စီအမျိုးအစား မဟာဗျူဟာမြောက်ဗုံးကြဲလေယာဉ်နှစ်စင်းသည် အမေရိကန်နိုင်ငံ အလက်စကာပြည်နယ်အနီး ပင်လယ်ရေပြင်အထက်ဝေဟင်၌ ကင်းလှည့်ပျံသန်းခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

သို့သော် အဆိုပါမဟာဗျူဟာဗုံးကြဲလေယာဉ်များသည်နိုင်ငံတကာဝေဟင်ပိုင်နက် အတွင်း၌သာ ပျံသန်းခဲ့ခြင်းဖြစ်ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနသတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

တီယူ-၉၅ အမ်စီဗုံးကြဲလေယာဉ်နှစ်စင်းသည် ဘာရင်းပင်လယ်ဒေသနှင့် ချူ့ခ်စီပင်လယ်ဒေသတို့၌ ကိုးနာရီမျှ ပျံသန်းခဲ့ကြောင်း သိရသည်။

အဆိုပါဗုံးကြဲလေယာဉ်နှစ်စင်းကို အက်စ်ယူ-၃၀ အက်စ်အမ်တိုက်လေယာဉ်များက ခြံရံစောင့်ရှောက်ပေးခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနသတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

အလက်စကာပြည်နယ်လေကြောင်းရန်ကာကွယ်ရေး စီစစ်ဇုန်အတွင်း ရုရှားစစ်လေယာဉ်လေးစင်းပျံသန်းနေမှုကို ထောက်လှမ်းတွေ့ရှိခဲ့သည်ဟု အမေရိကန်စစ်ဘက်ကလည်း အတည်ပြုထားကြောင်း သိရသည်။

သို့သော် ရုရှားစစ်လေယာဉ်များသည် နိုင်ငံတကာလေပိုင်နက်အတွင်းမှာသာ ပျံသန်းခဲ့ပြီး အမေရိကန်နိုင်ငံ၏ ဝေဟင်ပိုင်နက်ကို ချိုးဖောက်မှုမရှိခဲ့ဟု အမေရိကန်စစ်ဘက်တာဝန်ရှိသူများက ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**

## ချီလီသမ္မတဟောင်း ဆီဘက်ရှန်ပီနေးရား ရဟတ်ယာဉ်ပျက်ကျမှုကြောင့် ကွယ်လွန်

**ဆန်တီယာဂို ဖေဖော်ဝါရီ ၇**

ချီလီသမ္မတဟောင်း ဆီဘက်ရှန်ပီနေးရားသည် ဖေဖော်ဝါရီ ၆ ရက်တွင် ရဟတ်ယာဉ်ပျက်ကျမှုကြောင့် ကွယ်လွန်ခဲ့ကြောင်း ချီလီအစိုးရတာဝန်ရှိသူများကပြောကြားခဲ့သည်။

ရဟတ်ယာဉ်ပျက်ကျမှုကြောင့် ကွယ်လွန်ချိန်တွင် သမ္မတဟောင်း ပီနေးရား၏ အသက်မှာ ၇၄ နှစ်ရှိပြီဖြစ်သည်ဟု ချီလီပြည်ထဲရေးဝန်ကြီး ကာရိုလိုင်းနားတိုဟားက ထုတ်ဖော် ပြောကြားထားကြောင်း သိရသည်။

သမ္မတဟောင်း ပီနေးရားသည် ၂၀၁၀ပြည့်နှစ်မှ ၂၀၁၄ ခုနှစ်ထိ၊ ၂၀၁၈ ခုနှစ်မှ ၂၀၂၂ ခုနှစ်ထိ ချီလီသမ္မတရာထူးကို နှစ်ကြိမ်ရယူခဲ့သူဖြစ်သည်။

သမ္မတဟောင်း ပီနေးရားနှင့် အခြားလူသုံးဦးတို့ လိုက်ပါလာသည့်ရဟတ်ယာဉ်သည် ချီလီနိုင်ငံတောင်ပိုင်း ရေကန်တစ်ကန်အတွင်းသို့ ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ရဟတ်ယာဉ်ပျက်ကျမှုကြောင့် သမ္မတဟောင်း ပီနေးရားသေဆုံးခဲ့ရသော်လည်း ၎င်းနှင့်အတူလိုက်ပါလာသူ သုံးဦးမှာ အသက်ရှင်ခဲ့ကြောင်း ချီလီတာဝန်ရှိသူများက ပြောကြားခဲ့သည်။

သတင်း အရင်းအမြစ်များ၏ အဆိုအရ ပျက်ကျခဲ့သည့်ရဟတ်ယာဉ်ကို သမ္မတဟောင်း ပီနေးရားကိုယ်တိုင်မောင်းနှင်ခဲ့ကြောင်းသိရသော်လည်း ချီလီရဲတပ်ဖွဲ့က တရားဝင်အတည်ပြုထားခြင်း မရှိသေးကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**

## အီကွေဒေါနိုင်ငံနှင့် စစ်လက်နက်ပစ္စည်းကိစ္စအငြင်းပွားခဲ့ပြီးနောက် အိန္ဒိယနိုင်ငံမှ ငှက်ပျောသီးများကို ရုရှားနိုင်ငံ စတင်ဝယ်ယူတင်သွင်း

**မော်စကို ဖေဖော်ဝါရီ ၇**

အီကွေဒေါနိုင်ငံနှင့် စစ်လက်နက်ပစ္စည်းကိစ္စအငြင်းပွားမှု ဖြစ်ပွားခဲ့ပြီးနောက် ရုရှားနိုင်ငံသည် အိန္ဒိယနိုင်ငံထံမှ ငှက်ပျောသီးများ စတင်ဝယ်ယူတင်သွင်းနေပြီဖြစ်ကြောင်း ရုရှားအစိုးရ တာဝန်ရှိသူများက ဖေဖော်ဝါရီ ၆ ရက်တွင် ထုတ်ဖော်ပြောကြားထားသည်။

အီကွေဒေါနိုင်ငံသည် ၎င်း၏လက်ဝယ်ရှိ ရုရှားနိုင်ငံထုတ် စစ်လက်နက်များကို အမေရိကန်ဒေါ်လာ သန်း၂၀၀ တန်ဖိုးရှိ အမေရိကန်စစ်လက်နက်များနှင့် အလဲအလှယ်ပြုလုပ်ရန် စီစဉ်ထားရာ ရုရှားနိုင်ငံက အပြင်းအထန်ဝေဖန်ကန့်ကွက်ထားသည်။

ထို့ပြင် အီကွေဒေါနိုင်ငံမှ ရုရှားထုတ်လက်နက်ပစ္စည်းများကို ယူကရိန်းနိုင်ငံသို့ပေးပို့ရန် အမေရိကန်နိုင်ငံက စီစဉ်ထားသည်။



ယင်းကဲ့သို့ ရုရှားထုတ်လက်နက်များကို အမေရိကန်လက်နက်များနှင့်အလဲအလှယ်ပြုလုပ်ရန် အီကွေဒေါနိုင်ငံက ဆုံးဖြတ်ခဲ့ပြီးနောက် ရုရှားနိုင်ငံသည် အီကွေဒေါကုမ္ပဏီငါးခုထံမှ ငှက်ပျောသီးများဝယ်ယူတင်သွင်းမှုကိုရပ်ဆိုင်းခဲ့ပြီး အိန္ဒိယငှက်ပျောသီးများ စတင်ဝယ်ယူတင်သွင်းနေခြင်းဖြစ်သည်။

ရုရှား ဈေးကွက်အတွင်းသို့ အိန္ဒိယငှက်ပျောသီးများ ဝယ်ယူတင်သွင်းမှုကို ဆက်လက်မြှင့်တင်မည်ဖြစ်ကြောင်း ရုရှားတာဝန်ရှိသူများက ပြောကြားခဲ့သည်။


လက်တင်အမေရိကနိုင်ငံ တစ်နိုင်ငံဖြစ်သည့် အီကွေဒေါနိုင်ငံသည် ရုရှားနိုင်ငံသို့ ငှက်ပျောသီးအများဆုံးတင်ပို့နေသောနိုင်ငံဖြစ်ကြောင်း သိရသည်။


**Ref : Xinhua**


**Trs : KKO**

# SCIENCE AND TECHNOLOGY

## တာရိုဆောရပ်စ် ခေါ် ကမ္ဘာဦးမိုးပျံသက်ရှိမျိုးစိတ်သစ်တစ်ခုကို သိပ္ပံပညာရှင်များတွေ့ရှိ







**လန်ဒန် ဖေဖော်ဝါရီ ၇**

တာရိုဆောရပ်စ် ခေါ် ကမ္ဘာဦး မိုးပျံသက်ရှိမျိုးစိတ်သစ် တစ်ခုကို စကော့တလန်နိုင်ငံ အိုက်စ်အော့ဖ်စကိုင်းကျွန်းပေါ်တွင် သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း ဖေဖော်ဝါရီ ၆ ရက် သတင်းများအရ သိရသည်။

Ceoptera Evansae ဟူ၍ အမည်ပေးထားသော အဆိုပါ တာရိုဆောရပ်စ်မျိုးစိတ်သစ်သည် လွန်ခဲ့သောနှစ်ပေါင်း ၁၆၈ သန်းနှင့် ၁၆၆ သန်းကြားကာလ ဂျူရက်ဆစ်ဘူမိခေတ်လယ်အတွင်း ရှင်သန်ခဲ့သည့် သက်ရှိများဖြစ်ကြသည်။

Ceoptera Evansae တာရိုဆောရပ်စ် ကျောက်ဖြစ်ရုပ်ကြွင်းကို အိုက်စ်အော့ဖ်စကိုင်းကျွန်း၏ အနောက်တောင်ပိုင်း၌ ရှာဖွေတွေ့ရှိခဲ့ပြီး အဆိုပါကျောက်ဖြစ်ရုပ်ကြွင်းများကို ၂၀၀၆ ခုနှစ်တွင် တွေ့ရှိခဲ့သော်လည်း ယခုမှသာ မျိုးစိတ်သစ်အဖြစ် ဖော်ထုတ်နိုင်ခဲ့သည်။

ဂျူရက်ဆစ်ဘူမိခေတ်လယ်ပိုင်းမှ တာရိုဆောရပ်စ်များ၏ ကျောက်ဖြစ်ရုပ်ကြွင်းများမှာ အလွန်ရှားပါးပြီး အများအားဖြင့် အပြည့်အစုံမရှိတော့သည့် ကျောက်ဖြစ်ရုပ်ကြွင်းများသာဖြစ်သည်။

သို့ရာတွင် ဗြိတိန်သိပ္ပံပညာရှင်များ တွေ့ရှိခဲ့သော တာရိုဆောရပ်စ် ကျောက်ဖြစ်ရုပ်ကြွင်းမှာ ပြည့်စုံသည့် ရုပ်ကြွင်းဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

## ကမ္ဘာပေါ်ရှိသက်ရှိများ အာကာသဟင်းလင်းပြင်အတွင်းမှ ရောက်ရှိလာခြင်းမဟုတ်ဘဲ ကမ္ဘာပေါ်မှာပင် စတင်ပေါ်ထွက်လာခြင်းဖြစ်



**ပဲရစ် ဖေဖော်ဝါရီ ၇**

ကမ္ဘာပေါ်ရှိ သက်ရှိများသည် အာကာသဟင်းလင်းပြင်အတွင်းမှ ရောက်ရှိလာခြင်းမဟုတ်ဘဲ ကမ္ဘာပေါ်မှာပင် စတင်ပေါ်ထွက်လာခြင်းဖြစ်ကြောင်း ဖေဖော်ဝါရီ ၆ ရက် သတင်းများအရ သိရသည်။

ပြင်သစ်နိုင်ငံ ဆောဘွန်းတက္ကသိုလ်မှ သိပ္ပံပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ယနေ့ခေတ် တူကီယဲ၊ ပီရူးနှင့် အီတလီနိုင်ငံနေရာများ၌ မီးတောင်ပေါက်ကွဲမှုများဖြစ်နေစဉ် မိုးကြိုးပစ်မှုများကြောင့် သက်ရှိများပေါ်ထွက်ရေးအတွက် အရေးကြီးသော နိုက်ထရိုဂျင်ဓာတ်ငွေ့များ ပေါ်ထွက်လာခဲ့ရကြောင်း သိရသည်။

မီးတောင်ပေါက်ကွဲနေချိန် မိုးကြိုးပစ်မှုကြောင့် ပေါ်ထွက်လာသည့် နိုက်ထရိုဂျင်ဓာတ်ငွေ့များသည် အောက်ဆီဂျင်နှင့် ဓာတ်ပြုပြီး နိုက်ထရိုဂျင်အောက်ဆိုက်များ ပေါ်ထွက်လာကြောင်း ပြင်သစ်သိပ္ပံပညာရှင်များက ပြောကြားသည်။

ပေါ်ထွက်လာသည့် နိုက်ထရိုဂျင်အောက်ဆိုက်များသည် မြေဆီလွှာအတွင်း ရောက်ရှိသွားချိန်တွင် ရှေးဦးသက်ရှိများ ပေါ်ထွက်ရေးအတွက် အကျိုးပြုနိုင်ကြောင်း သိရသည်။

ပြင်သစ်သိပ္ပံပညာရှင်များသည် ရှေးခေတ် မီးတောင်နယ်မြေသုံးခုတို့မှ ကျောက်သားနမူနာများကို လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်သည်။

ကမ္ဘာပေါ်ရှိ သက်ရှိများသည် အာကာသတွင်း ရောက်ရှိလာသော ဂြိုဟ်သိမ်များ၊ ဥက္ကာခဲများနှင့်အတူ ပါလာခြင်းဖြစ်ကြောင်း အချို့သိပ္ပံပညာရှင်များက ယူဆထားသည်။

**Ref : Russia Today**
**Trs : KKO**

## Space-X အာကာသနည်းပညာကုမ္ပဏီက IM-1 မစ်ရှင်ဖြင့် ပုဂ္ဂလိကလဆင်းယာဉ်တစ်စင်းကို လွှတ်တင်ရန် စီစဉ်ထား

**ဝါရှင်တန် ဖေဖော်ဝါရီ ၇**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X အာကာသနည်းပညာကုမ္ပဏီသည် IM-1 အမည်ရှိ မစ်ရှင်ဖြင့် ပုဂ္ဂလိကလဆင်းယာဉ်တစ်စင်းကို ဖေဖော်ဝါရီ ၁၄ ရက်တွင် လွှတ်တင်ရန် စီစဉ်ထားကြောင်း ဖေဖော်ဝါရီ ၆ ရက် သတင်းများအရ သိရသည်။



Space-X ကုမ္ပဏီသည် အိုဒက်ဆပ်စ်အမည်ရှိ အဆိုပါပုဂ္ဂလိကလဆင်းယာဉ်ကို ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ် အာကာသစခန်းမှ တစ်ဆင့် လွှတ်တင်မည်ဖြစ်သည်။

အိုဒက်ဆပ်စ် လဆင်းယာဉ်ကို အင်ကျူးရှင်းမရှင်းအမည်ရှိ ပုဂ္ဂလိက အာကာသကုမ္ပဏီတစ်ခုက တည်ဆောက်ထားခြင်းဖြစ်သည်။

လွှတ်တင်ပြီးနောက် ဖေဖော်ဝါရီ ၂၂ ရက်တွင် အိုဒက်ဆပ်စ်လဆင်းယာဉ်သည် လမျက်နှာပြင်ပေါ်သို့ ဆင်းသက်ရန် ကြိုးစားမည်ဖြစ်သည်။

လမျက်နှာပြင်ပေါ် ဆင်းသက်မှု အောင်မြင်ခဲ့ပါက အိုဒက်ဆပ်စ် လဆင်းယာဉ်သည် လမျက်နှာပြင်ပေါ် ဆင်းသက်နိုင်ခဲ့သော ပထမဆုံး ပုဂ္ဂလိကလဆင်းယာဉ်အဖြစ် မှတ်တမ်းတင်မည်ဖြစ်သည်။

အမေရိကန်နိုင်ငံ အခြေစိုက် အက်စထရိုဘော့တစ်ကုမ္ပဏီသည် ယခုနှစ် ဇန်နဝါရီ ၈ ရက်တွင် Peregrine အမည်ရှိ လဆင်းယာဉ်ကို လွှတ်တင်ခဲ့သော်လည်း လပေါ်ဆင်းသက်မှု အောင်မြင်ခဲ့ခြင်းမရှိကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

# HEALTH

## Zepbound ဆေးက ကိုယ်အလေးချိန်လျှော့ချနိုင်သကဲ့သို့ သွေးဖိအားမြင့်တက်မှုကိုလည်း ထိန်းချုပ်နိုင်

**နယူးယောက် ဖေဖော်ဝါရီ ၇**

Zepbound အမည်ရှိ ကိုယ်အလေးချိန်လျှော့ချရေးဆေးသည် ကိုယ်အလေးချိန် လျှော့ချနိုင်သကဲ့သို့ သွေးဖိအားမြင့်တက်မှုကိုလည်း ထိန်းချုပ်ပေးနိုင်ကြောင်း ဖေဖော်ဝါရီ ၆ ရက် သတင်းများအရ သိရသည်။

အဝလွန်သူများအနေဖြင့် သွေးဖိအားမြင့်တက်မှုကို ထိန်းချုပ်ရာတွင် Zepbound ဆေးက အထောက်အကူ ပေးနိုင်ကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ Zepbound ဆေးသုံးစွဲသည့် အဝလွန်လူနာများတွင် နှလုံးခုန်ချိန် သွေးဖိအား သိသိသာသာကျဆင်းနေတတ်သည်ကို တွေ့ရကြောင်း သိရသည်။

Zepbound ဆေးသည် အင်ဆူလင်ဟော်မုန်း ထွက်ပေါ်မှုကို လှုံ့ဆော်ပေးသည့် ဟော်မုန်းနှစ်မျိုးကို တုပနိုင်သည့်ဆေးဖြစ်သည်။

သို့ရာတွင် မိမိတို့၏ လေ့လာတွေ့ရှိချက်အရ Zepbound ဆေးသည် ကိုယ်အလေးချိန်ကို လျှော့ချနိုင်သည့်အပြင် သွေးဖိအားမြင့်တက်မှုကိုလည်း ထိန်းချုပ်ပေးနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များက အဝလွန်သူပေါင်း ၆၀၀ တို့ဖြင့် Zepbound ဆေးကို စမ်းသပ်ခဲ့ပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## မြေထဲပင်လယ်ဓာတ်စာက သက်ကြီးပိုင်းများ၏ ဦးနှောက်ကျန်းမာအောင် ထိန်းထားနိုင်

**နယူးယောက် ဖေဖော်ဝါရီ ၇**

မြေထဲပင်လယ်ဓာတ်စာ (Mediterranean Diet)သည် သက်ကြီးပိုင်းများ၏ ဦးနှောက်ကျန်းမာအောင် ထိန်းထားရာတွင် အထောက်အကူပြုနိုင်ကြောင်း ဖေဖော်ဝါရီ ၆ ရက် သတင်းများအရ သိရသည်။

မြေထဲပင်လယ်ဓာတ်စာကို စားသုံးသူ သက်ကြီးပိုင်းများသည် အခြားဓာတ်စာပုံစံများကို စားသုံးသူ သက်တူရွယ်တူများထက် ဦးနှောက်စွမ်းဆောင်ရည် ပိုမြင့်မားကြောင်း အမေရိကန်သုတေသနပညာရှင်များက ပြောကြားသည်။

မြေထဲပင်လယ်ဓာတ်စာများသည် အဝလွန်မှုနှင့်ဆက်စပ်နေပြီး ဦးနှောက်စွမ်းဆောင်ရည်အပေါ် အကျိုးသက်ရောက်မှုရှိသည့် သွေးကြောပြဿနာများ ပေါ်နိုင်ခြေကို လျှော့ချပေးနိုင်ကြောင်း သုတေသန ပညာရှင်များက သုံးသပ်ထားသည်။

ထို့ပြင် မြေထဲပင်လယ်ဓာတ်စာများထဲတွင် ဦးနှောက်ကျန်းမာရေးကို ထိန်းပေးထားနိုင်သော အောက်ဆီဂျင်ဓာတ်ဖျက်ပစ္စည်းများ ပါဝင်ကြောင်း ယခင်ပြုလုပ်ခဲ့သော သုတေသနစစ်တမ်းများတွင်လည်း ဖော်ပြထားသည်။

မြေထဲပင်လယ်ဓာတ်စာသည် သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်၊ ကောက်နှံကြမ်း၊ ပဲအမျိုးမျိုး၊ အခွံမာအစေ့အဆန်များနှင့် သံလွင်ဆီတို့ အဓိကပါဝင်သောဓာတ်စာပုံစံဖြစ်သည်။

အမေရိကန် သုတေသနပညာရှင်များသည် လူပေါင်း ၅၈၆ ဦးတို့ကို လေ့လာပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်ကို တင်ပြခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

# အာရှဖလားပြိုင်ပွဲ ဖိုင်နယ်သို့ ဂျော်ဒန်အသင်းပထမဆုံးအကြိမ်တက်ရောက်




**ဒိုဟာ ဖေဖော်ဝါရီ ၇**

အာရှဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် ဂျော်ဒန်အသင်းနှင့် တောင်ကိုရီးယားအသင်းတို့တွေ့ဆုံခဲ့ရာ ဂျော်ဒန်အသင်းက ပွဲကစားချိန်အတွင်း နှစ်ဂိုး ဂိုးမရှိဖြင့်အနိုင်ရခဲ့သောကြောင့် အာရှဖလား ဖိုင်နယ်ပွဲသို့ ပထမဆုံးအကြိမ်တက်ရောက်နိုင်ခဲ့သည်။

ကမ္ဘာ့အဆင့်(၈၇)တွင်ရပ်တည်နေသည့် ဂျော်ဒန်အသင်းသည် ယခုပြိုင်ပွဲတွင် ရှုံးပွဲမရှိသေးသည့် တောင်ကိုရီးယား အသင်းနှင့် တွေ့ဆုံခဲ့ကာ တောင်ကိုရီးယားအသင်းသည် အာရှတွင် တတိယမြောက်အကောင်းဆုံး အသင်းတစ်သင်းဖြစ်သောကြောင့် ခက်ခဲသည့်ပွဲစဉ်တစ်ပွဲဖြစ်ခဲ့သော်လည်း ပွဲပြီးဆုံးချိန်တွင် ဂျော်ဒန်အသင်းက နှစ်ဂိုးပြတ်ဖြင့်အနိုင်ရခဲ့ပြီး အာရှဖလားသမိုင်းတွင် ပထမဆုံးအကြိမ် ဖိုင်နယ်ပွဲတက်ရောက်နိုင်ခဲ့သည်။

ယင်းပွဲစဉ်တွင် တောင်ကိုရီးယားအသင်းက ဘောလုံးပိုင်ဆိုင်မှုအသာဖြင့် ဖိအားပေးကစားခဲ့ပြီး ဂျော်ဒန်အသင်းက ခံစစ်အားပြု၍ တန်ပြန်တိုက်စစ်မှ ထိရောက်သည့် ဂိုးပေါက်ခြိမ်းခြောက်မှုများ ပြုလုပ်နိုင်ခဲ့သဖြင့် ပွဲချိန် ၅၃ မိနစ်တွင်ရာဇန်က ဦးဆောင်ဂိုးနှင့် ပွဲချိန် ၆၆ မိနစ်တွင် မူဆာက ဒုတိယဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့သကဲ့သို့ တောင်ကိုရီးယားအသင်း အနေဖြင့် ထိရောက်သည့်ဂိုးပေါက်ခြိမ်းခြောက်မှုတစ်ကြိမ်မျှမရှိခဲ့ဘဲ နှစ်ဂိုးပြတ်ဖြင့် ရှုံးနိမ့်၍ ပြိုင်ပွဲမှထွက်ခွာခဲ့ရသည်။

ဂျော်ဒန်အသင်းနည်းပြ အမ်မိုတာက "တောင်ကိုရီးယားကစားသမားတွေက ထိပ်တန်းအဆင့်ကစားသမားတွေ များပါတယ်။ ကျွန်တော်တို့ကတော့ ဒါကိုလိုအပ်တာပိုပြီး အာရုံစိုက်ဖို့မလိုပါဘူး။ အခုပြိုင်ပွဲမှာ တောင်ကိုရီးယားရဲ့ ရလဒ်ကိုကြည့်ရင် ပေးဂိုးများနေတာဖြစ်လို့ ကျွန်တော်တို့အသင်း ဂိုးရမယ်ဆိုတာယုံကြည်နေတာပါ။ ဒီအချက်က ပြိုင်ပွဲရဲ့အဓိကအလှည့်အပြောင်းဖြစ်ခဲ့တာပါ"ဟုပြောကြားခဲ့ကြောင်း သိရသည်။ **Ref : RT**

**Trs : ML**

# ပိုကယ်ဖလား ဆီမီးဖိုင်နယ်သို့ လေဗာကူဆင်အသင်း တက်ရောက်

**ဘာလင် ဖေဖော်ဝါရီ ၇**

ဂျာမန်ပိုကယ်ဖလား ကွာတားဖိုင်နယ်ပွဲစဉ်တွင် လေဗာကူဆင်အသင်းက စတုဂတ်အသင်းကို သုံးဂိုး နှစ်ဂိုးဖြင့်အနိုင်ရခဲ့ပြီး ဆီမီးဖိုင်နယ်သို့ တက်ရောက်ခဲ့ကာ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံပွဲ ၃၀ ဆက်ရှုံးပွဲမရှိသည့်မှတ်တမ်းကောင်းကိုပိုင်ဆိုင်ခဲ့သည်။

လေဗာကူဆင် အသင်းသည် စတုဂတ်အသင်းနှင့် ပွဲစဉ်တွင် အဓိက ကစားသမားအစုံအလင်ဖြင့် ပွဲထွက်လာခဲ့ရာ ဘောလုံးပိုင်ဆိုင်မှုအသာဖြင့် ကစားနိုင်ခဲ့သော်လည်း စတုဂတ်အသင်းက ထိရောက်သည့် တိုက်စစ်ဆင်မှုများ ပြုလုပ်နိုင်ခဲ့သောကြောင့် ပွဲကစားချိန် ၁၁ မိနစ်တွင် ဦးဆောင်ဂိုးခွင့်ပြုခဲ့ရပြီး ပထမပိုင်းတွင် တစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

ဒုတိယပိုင်းတွင် နည်းပြအလွန်ဆိုက တိုက်စစ်ကစားပုံမြှင့်တင်လာခဲ့သဖြင့် ပွဲကစားချိန် မိနစ် ၅၀ တွင် ချေပဂိုးသွင်းယူနိုင်ခဲ့ပြီး ပြိုင်ပွဲကိုထိန်းချုပ်ကစားရန် ကြိုးပမ်းခဲ့သော်လည်း စတုဂတ်အသင်းက ပွဲချိန် ၅၈ မိနစ်တွင် ဦးဆောင်ဂိုး ထပ်မံသွင်းယူခဲ့သောကြောင့် လူစားလဲမှုများပြုလုပ်၍ ကစားအားမြှင့်တင်ခဲ့ပြီး ပွဲချိန် ၆၇ မိနစ်တွင် ချေပဂိုးနှင့် ပွဲချိန် မိနစ် ၉၀ တွင် ဦးဆောင်ဂိုးတို့သွင်းယူနိုင်ခဲ့သဖြင့် သုံးဂိုး နှစ်ဂိုးဖြင့်အနိုင်ရခဲ့ပြီး ဆီမီးဖိုင်နယ်သို့တက်ရောက်ခဲ့သည်။

လေဗာကူဆင် အသင်းသည် ယခုနှစ်ဘောလုံးရာသီ ပြိုင်ပွဲစုံပွဲ ၃၀ တွင် ၂၆ ပွဲနိုင် လေးပွဲသရေရလဒ်ထွက်ပေါ်ခဲ့သဖြင့် ဥရောပထိပ်သီးကလပ်ငါးခုတွင် ရှုံးပွဲမရှိသည့် အသင်းအဖြစ်ရပ်တည်နေသကဲ့သို့ ဘွန်ဒက်လီဂါပြိုင်ပွဲတွင် ၃၃ ပွဲဆက်ရှုံးပွဲမရှိသည့် ဘိုင်ယန်မြူးနစ်အသင်း၏စံချိန်ကို လိုက်မီနိုင်ရန် သုံးပွဲသာလိုအပ်တော့ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : ML**




# မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား အမျိုးသားတံခွန်စိုက်လက်ဝှေ့ပြိုင်ပွဲ ဆက်လက်ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၇**

လက်ဝှေ့မျိုးဆက်သစ်အားကစားသမားများနှင့် လက်ရွေးစင်အားကစားသမားများ ပေါ်ထွက်လာစေရန်ရည်ရွယ်၍ ယခုနှစ် မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား အမျိုးသားတံခွန်စိုက်လက်ဝှေ့ပြိုင်ပွဲကို ယနေ့ ညနေ ၃ နာရီက နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ လက်ဝှေ့ရုံ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ယနေ့လက်ဝှေ့ပြိုင်ပွဲ ပွဲစဉ်များအဖြစ် အမျိုးသမီး(၅၀)ကီလိုတန်းပြိုင်ပွဲတွင် အေးငြိမ်းထူး(အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန)က အေးအေးပြည့်(Youth Camp)ကိုလည်းကောင်း၊ အမျိုးသမီး(၅၄)ကီလိုတန်းပြိုင်ပွဲတွင် ဆုမြတ်နိုး(PTC)က မာရီနား(ပြည်ထဲရေး)ကိုလည်းကောင်း၊ အမျိုးသမီး(၆၀)ကီလိုတန်းပြိုင်ပွဲတွင် ကိမ်ရှင်းဒိတ်စန်(အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန)က ဇလီဇဘတ်(UMC-ချင်းပြည်နယ်) ကိုလည်းကောင်း၊အမျိုးသမီး(၆၃)ကီလိုတန်းပြိုင်ပွဲတွင် ကေသွယ်ငြိမ်း(PTC)က အိအိထွေး(Youth Camp) ကိုလည်းကောင်း၊ အမျိုးသား(၅၁)ကီလိုတန်းပြိုင်ပွဲတွင် ဇော်မြင့်မိုး(ပြည်ထဲရေး)က သိန်းထွန်းဇော်(တပ်မတော်(လေ))ကိုလည်းကောင်း၊ အမျိုးသား(၆၃ ဒသမ ၅)ကီလိုတန်းပြိုင်ပွဲတွင် စောဘွယ်ကလို(ပြည်ထဲရေး)က သီဟဇော်(အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန)ကိုလည်းကောင်း၊ ထူးအောင်ရဲရင့်(တပ်မတော်(လေ))က အေးနိုင်(ကာကွယ်ရေး)ကိုလည်းကောင်း၊ အမျိုးသား(၇၁)ကီလိုတန်း ပြိုင်ပွဲတွင် ရဲဝင်းအောင်(ကာကွယ်ရေး)က သက်ဖြိုးလွင်(ကာကွယ်ရေး)ကိုလည်းကောင်း၊ စတီးရှု(Youth Camp)က ရှိန်းထက်ကိုကို(မျိုးဆက်သစ်ကချင်) ကိုလည်းကောင်း၊ အမျိုးသား(၇၅)ကီလိုတန်းပြိုင်ပွဲတွင် အောင်ဇင်ထိုက်(Youth Camp)က မင်းဝေအောင်(အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်) ကိုလည်းကောင်း၊ အမျိုးသား(၈၀)ကီလိုတန်းပြိုင်ပွဲတွင် ရဲမင်းထွဋ်(တပ်မတော်(လေ))က စည်သူထက်(ကာကွယ်ရေး)ကိုလည်းကောင်း အသီးသီးယှဉ်ပြိုင် အနိုင်ရရှိခဲ့ကြောင်း သိရသည်။



**STA**

## အားကစားသတင်း အတိုအထွာများ

- ဂျီရိုနာအသင်းမှထွက်ခွာရန် ဆန္ဒရှိနေသည့်ဂါစီယာကို ဘာစီလိုနာအသင်းကခေါ်ယူရန်ဆုံးဖြတ်ခဲ့ပြီး ယူရို ၁၅သန်းထိ အသုံးပြုရမည်ဖြစ်ကြောင်း သိရသည်။
- တိုက်စစ်မှူး မိုရာတာသည် အေတီကိုအသင်းအတွက် ပြိုင်ပွဲစုံ သွင်းဂိုး ၁၉ ဂိုးသွင်းယူနိုင်ခဲ့သဖြင့် ထိပ်သီးအသင်းများတွင်ကစားသည့် ဘောလုံးရာသီတိုင်းတွင် သွင်းဂိုးအများဆုံးဖြစ်ခဲ့ကြောင်း သိရသည်။
- ကလပ်အသင်းလက်မဲ့ဖြစ်နေသည့် ကွင်းလယ်ကစားသမား လင်းဂတ်သည် တောင်ကိုရီးယားကလပ် ဆိုးလ်အက်ဖ်စီအသင်းနှင့် နှစ်နှစ်သက်တမ်းစာချုပ်ချုပ်ဆိုခဲ့ပြီး အသင်းလက်မဲ့ဖြစ်နေမှုကို အဆုံးသတ်နိုင်ခဲ့ကြောင်း သိရသည်။

**ML**

# ခံစစ်ကစားသမားတင်ဘာ ဒဏ်ရာရနေသော်လည်း အာဆင်နယ်အသင်းက ချန်ပီယံလိဂ်ကစားသမားစာရင်းတွင် ထည့်သွင်းခဲ့

**လန်ဒန် ဖေဖော်ဝါရီ ၇**

အာဆင်နယ်အသင်းမှ ခံစစ်ကစားသမားတင်ဘာသည် ဒူးအရွတ်ထိခိုက်မှု ဒဏ်ရာကြောင့် ကာလရှည် အနားယူနေရသော်လည်း အသင်းတာဝန်ရှိသူများက လာမည့် ဖေဖော်ဝါရီ ၂၂ ရက်တွင် ပေါ်တိုအသင်းနှင့် ကစားရမည့် ချန်ပီယံလိဂ်အသင်းလူစာရင်းတွင် ထည့်သွင်းခဲ့ကြောင်း သိရသည်။

ခံစစ်ကစားသမား တင်ဘာသည် ပြီးခဲ့သည့်နွေရာသီအပြောင်းအရွှေ့ကာလက အေဂျက်အသင်းမှ အာဆင်နယ်အသင်းသို့ ပြောင်းရွှေ့ရောက်ရှိခဲ့ပြီး ဩဂုတ်လတွင်ကစားခဲ့သည့် နော့တင်ဟမ်အသင်းနှင့် ပွဲစဉ်တွင်ရရှိခဲ့သည့် ဒူးအရွတ်ထိခိုက်မှုဒဏ်ရာကြောင့် ကာလရှည်အနားယူခဲ့ရကာ လာမည့်မတ်လအတွင်းမှ အသင်းနှင့် ပြန်လည်ပူးပေါင်းနိုင်မည် ဖြစ်သော်လည်း နည်းပြအာတီတာက ချန်ပီယံလိဂ်အသင်းလူစာရင်းတွင် ထည့်သွင်းခဲ့ခြင်းဖြစ်သည်။

နည်းပြအာတီတာ အနေဖြင့် ဇန်နဝါရီလက ဒူဘိုင်းမြို့တွင် ပြုလုပ်ခဲ့သည့် သွေးပူလေ့ကျင့်ခန်းတွင် တင်ဘာ၏အခြေအနေကို ကြည့်ရှု၍ ယခုနှစ်ဘောလုံးရာသီအတွင်း ပြန်လည်ကစားနိုင်မည်ဟု ယုံကြည်ခဲ့သောကြောင့် ချန်ပီယံလိဂ်အသင်း လူစာရင်းတွင်ထည့်သွင်းခဲ့ပြီး ဒဏ်ရာရကစားသမားဖြစ်သည့် ကွင်းလယ်ကစားသမား ပါတေးဖေဘီယိုဗီအဲရာနှင့်တိုက်စစ်မှူး ဂျီးဆပ်တို့ကိုလည်း ချန်ပီယံလိဂ်ပြိုင်ပွဲဝင်မည့် အသင်းလူစာရင်းတွင် ထပ်မံထည့်သွင်းခဲ့သည်။

အာဆင်နယ် အသင်းသည် ချန်ပီယံလိဂ် ၁၆ သင်းအဆင့်တွင် ပေါ်တိုအသင်းနှင့် တွေ့ဆုံနေပြီး ပထမအကျော့ပွဲစဉ်ကို ဖေဖော်ဝါရီ ၂၂ ရက်တွင် အဝေးကွင်း၌လည်းကောင်း၊ ဒုတိယအကျော့ကို မတ် ၁၃ ရက်တွင် အိမ်ကွင်း၌လည်းကောင်း ကစားရမည်ဖြစ်ပြီး အမှတ်ပေးပြိုင်ပွဲတွင် လီဗာပူးအသင်းကို သုံးဂိုးတစ်ဂိုးဖြင့်အနိုင်ရခဲ့ပြီးနောက် ချန်ပီယံဆုကိုစိန်ခေါ်နိုင်ရန် အခွင့်အရေးရရှိခဲ့ကာ လာမည့်ပွဲစဉ်များအဖြစ် ဝက်စ်ဟမ်းအသင်း၊ ဘန်လေအသင်းတို့နှင့် ကစားရမည်ဖြစ်ကြောင်း သိရသည်။

**Ref : Sputnik**

**Trs : ML**

# လေ့ကျင့်ရေးခြေစမ်းပွဲစဉ်တွင် မြန်မာ့လက်ရွေးစင်ဖူဆယ်အသင်းက Bintang Timur အသင်းကို ဂိုးပြတ်ရှုံးနိမ့်

**ရန်ကုန် ဖေဖော်ဝါရီ ၇**

AFC Futsal Asian Cup 2024 ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နေသည့် မြန်မာ့လက်ရွေးစင်ဖူဆယ်အသင်းသည် နိုင်ငံတကာခြေစမ်းပွဲစဉ်များ ကစားရန်အတွက် အင်ဒိုနီးရှားနိုင်ငံတွင်ရောက်ရှိနေပြီး လေ့ကျင့်ရေးခြေစမ်းပွဲစဉ်အဖြစ် ယနေ့မွန်းလွဲပိုင်းက အင်ဒိုနီးရှားကလပ် Bintang Timur အသင်းနှင့်ကစားခဲ့ရာ ၁၁ ဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ကြောင်း သိရသည်။



Bintang Timurအသင်းသည် လက်ရှိ အင်ဒိုနီးရှားဖူဆယ်လိဂ်ချန်ပီယံအသင်းဖြစ်ပြီး မြန်မာ့လက်ရွေးစင်ဖူဆယ်အသင်း အနေဖြင့် အကောင်းဆုံးတုံ့ပြန်ကစားခဲ့သော်လည်း ခြေစွမ်းပိုင်းမမျှတမှုကြောင့် ဂိုးပြတ်ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။

မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် AFC Futsal Asian Cup 2024 ပြိုင်ပွဲနှင့် နိုင်ငံတကာခြေစမ်းပွဲစဉ်များအတွက် ဇန်နဝါရီ ၂၂ ရက်မှစတင်ကာ ပဏာမကစားသမားများဖြင့် စခန်းသွင်းလေ့ကျင့်မှုများပြုလုပ်လျက်ရှိနေပြီး နိုင်ငံတကာခြေစမ်းပွဲစဉ်ကာလအတွင်း အင်ဒိုနီးရှားနိုင်ငံ၌ ဖေဖော်ဝါရီ ၉ ရက်တွင် Bintang Timur အသင်းနှင့် ဆက်လက်ကစားသွားမည်ဖြစ်ကာ ဖေဖော်ဝါရီ ၁၀ ရက်တွင်လည်း Regional East Java အသင်းနှင့် ကစားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် အသင်းသည် အင်ဒိုနီးရှားခရီးစဉ်ပြီးလျှင် လာမည့်မတ်လတွင်လည်း အာဖဂန်နစ္စတန်ဖူဆယ်အသင်းနှင့် ခြေစမ်းပွဲများ ထပ်မံကစားမည်ဖြစ်ပြီး မတ် ၃၀ ရက်နှင့် ၃၁ ရက်တို့တွင် ရန်ကုန်မြို့ရှိ MFF Futsal Stadium တွင် ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

**STA**

# WBO စူပါမစ်ဒယ်ဝိတ်တန်းချန်ပီယံဟောင်း ဂျွန်ရိုက်ဒါ လက်ဝှေ့လောကမှအနားယူ

**လန်ဒန် ဖေဖော်ဝါရီ ၇**

WBO စူပါမစ်ဒယ်ဝိတ်တန်း၏ ချန်ပီယံဟောင်း တစ်ဦးဖြစ်သူ အင်္ဂလန်လက်ဝှေ့သမား ဂျွန်ရိုက်ဒါသည် လက်ဝှေ့လောကမှအနားယူလိုက်ပြီဖြစ်ကြောင်း ယနေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

ဂျွန်ရိုက်ဒါသည် ၂၀၂၃ ခုနှစ် မေလတွင် WBA(Super)၊ WBC၊ IBF၊ WBO စူပါမစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံ မက္ကဆီကိုလက်ဝှေ့သမား ကန်နဲလိုအယ်ဗာရက်နှင့်ထိုးသတ်ခဲ့ရာတွင် ဒိုင်အမှတ်ဖြင့်ရှုံးနိမ့်ခဲ့ပြီး ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၂၇ ရက်တွင် WBC Silver စူပါမစ်ဒယ်ဝိတ်တန်း ချန်ပီယံခါးပတ်အတွက် မက္ကဆီကိုလက်ဝှေ့သမားတစ်ဦးပင်ဖြစ်သည့် မန်ဂူအီယာနှင့် ထိုးသတ်ခဲ့ရာတွင် ဒိုင်ပွဲရပ်ရလဒ်ဖြင့် ထပ်မံရှုံးနိမ့်ခဲ့ရသည်။

နောက်ဆုံး ထိုးသတ်ခဲ့သော ချန်ပီယံစိန်ခေါ်ပွဲ နှစ်ပွဲဆက်တိုက်တွင် ရှုံးနိမ့်ခဲ့ရပြီးနောက် ဂျွန်ရိုက်ဒါသည် လက်ဝှေ့လောကတွင် ဆက်လက် ကျင်လည်သွားရန် စိတ်ဓာတ်ပိုင်း အားနည်းလာသည့်အတွက် အနားယူရန်ဆုံးဖြတ်လိုက်ခြင်းဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။

ဂျွန်ရိုက်ဒါသည် ၎င်းမြတ်နိုးသည့် လက်ဝှေ့လောကမှ စွန့်ခွာခဲ့ရသည်ကို စိတ်မကောင်းဖြစ်ရသော်လည်း ဖြတ်သန်းခဲ့သော လက်ဝှေ့သမားဘဝတွင် ရရှိခဲ့သော အောင်မြင်မှုများအတွက် ဂုဏ်ယူမိကြောင်း ပြောကြားခဲ့သည်။

အသက် ၃၅ နှစ်အရွယ် ဂျွန်ရိုက်ဒါသည် ပရော်ဖက်ရှင်နယ်လက်ဝှေ့လောကတွင် စိန်ခေါ်ပွဲပေါင်း ၃၉ ပွဲထိ ထိုးသတ်ခဲ့ပြီး နိုင်ပွဲ ၃၂ ပွဲထိရရှိခဲ့ကာ ခုနစ်ပွဲ ရှုံးနိမ့်ခဲ့ရကြောင်း သိရသည်။

**Trs : Sputnik**

**Trs : AZL**




# မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် စည်းကမ်းထိန်းသိမ်းရေးကော်မတီက မအူပင် ယူ-၁၇ နှင့် Burmese Youth ယူ-၁၇ အသင်းမှကစားသမားများကို ပြစ်ဒဏ်များချမှတ်

**ရန်ကုန် ဖေဖော်ဝါရီ ၇**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် စည်းကမ်းထိန်းသိမ်းရေးကော်မတီသည် ယနေ့တွင် အစည်းအဝေးပြုလုပ်၍ FIFA MFF U-17 Youth League 2023-2024 Week(5)ပွဲစဉ် အမှတ်(၂၈)အဖြစ် ယှဉ်ပြိုင်ကစားခဲ့သော မအူပင်အသင်းနှင့် Burmese Youth အသင်းတို့ပွဲစဉ်တွင် ခိုက်ရန်ဖြစ်ပွားမှုနှင့်ပတ်သက်၍ ပြိုင်ပွဲကြီးကြပ်ရေးအစီရင်ခံစာ၊ ဒိုင်ကြီးကြပ်အစီရင်ခံစာ၊ ဒိုင်လူကြီးအစီရင်ခံစာနှင့် မှတ်တမ်းဗီဒီယိုများကို အကြိမ်ကြိမ်ကြည့်ရှုပြီး ပြစ်ဒဏ်များအသီးသီး ချမှတ်ခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် စည်းကမ်းထိန်းသိမ်းရေးကော်မတီက မအူပင်အသင်းမှ ကောင်းခန့်သူ၊ ပိုင်စိုးသူ၊ အောင်ကျော်သူတို့ကို စည်းကမ်းထိန်းသိမ်းရေးမှု အပိုဒ်(၄)အရ အရေးယူရန်ရှိသော်လည်း လူငယ်ပြိုင်ပွဲဖြစ်သဖြင့် ၎င်းတို့ကို အနီးကပ်ဆုံး နှစ်ပွဲ ကွင်းအတွင်း ဝင်ရောက်ကစားခွင့် မပြုရန်နှင့် ဒဏ်ကြေး ငွေကျပ် တစ်သိန်းစီ ပေးဆောင်ရန် ပြစ်ဒဏ်ချမှတ်ခဲ့သည်။

အလားတူ Burmese Youth FC အသင်းမှ လမင်း၊ ဆန်းလင်းအောင်၊ သော်ဇင်မင်းထွန်းတို့ကို စည်းကမ်းထိန်းသိမ်းရေးမှု အပိုဒ်(၄)အရ အရေးယူရန်ရှိသော်လည်း လူငယ်ပြိုင်ပွဲဖြစ်သဖြင့် ၎င်းတို့ကို အနီးကပ်ဆုံး နှစ်ပွဲ ကွင်းအတွင်း ဝင်ရောက်ကစားခွင့် မပြုရန်နှင့် ဒဏ်ကြေးငွေကျပ် တစ်သိန်းစီ ပေးဆောင်ရန် ပြစ်ဒဏ်များ အသီးသီးချမှတ်ခဲ့သည်။

ထို့ပြင် နှစ်ဖက်ပရိသတ်များ ကွင်းအတွင်း ဝင်ရောက်ကြောင်း တွေ့ရှိရသဖြင့် စည်းကမ်းထိန်းသိမ်းရေးမှု အပိုဒ်(၁၉)အရ နောက်နောင် မိမိပရိသတ်များ ယင်းကဲ့သို့ ကွင်းအတွင်းဝင်ရောက်ခြင်းမပြုရန် နှစ်သင်းစလုံးကို နောက်ဆုံးအကြိမ်အဖြစ် သတိပေးခဲ့ကာ ဘောလုံးပွဲများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြိုင်ပွဲကျင်းပရေးအနေဖြင့် လုံခြုံရေးအစီအမံများ ဆောင်ရွက်ထားရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

**STA**

# ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်၏ တစ်ကမ္ဘာလုံးဆိုင်ရာချစ်ကြည်ရေးသံတမန်အဖြစ် တူနီးရှားတင်းနစ်မယ်အွန်ဂျပ်ဘာ ခန့်အပ်ခံရ



**ရောမ ဖေဖော်ဝါရီ ၇**

ကမ္ဘာ့အဆင့်(၆) နေရာတွင် ရပ်တည်နေသည့် တူနီးရှားအဆင့်(၁)တင်းနစ်မယ် အွန်ဂျပ်ဘာသည် ကမ္ဘာ့ကုလသမဂ္ဂ၏ အီတလီနိုင်ငံ ရောမမြို့တွင်အခြေစိုက်သည့် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်(WFP)၏ တစ်ကမ္ဘာလုံးဆိုင်ရာချစ်ကြည်ရေး သံတမန်အဖြစ် ခန့်အပ်ခံခဲ့ရကြောင်း ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်(WFP)က ယနေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

အွန်ဂျပ်ဘာသည် တင်းနစ်လောကတွင် အရှိန်အဝါရှိသည့် ကစားသမားတစ်ဦးဖြစ်ကာ တင်းနစ်လောကမှ ပရော်ဖက်ရှင်နယ်တင်းနစ်မယ်များ၏ လေးစားမှုကိုလည်း ရရှိထားသူဖြစ်သည်။

ထို့ပြင် လူမှုအဖွဲ့အစည်းများတွင်လည်း စံပြအားကစားသမားအဖြစ် အသိအမှတ်ပြုခံထားရသူဖြစ်ပြီး ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်(WFP)၏ အငတ်ဘေးဒုက္ခပပျောက်ရေးစီမံချက်ကိုဆောင်ရွက်ရာတွင် အွန်ဂျပ်ဘာသည်အကောင်းဆုံး စွမ်းဆောင်ပေးနိုင်မည်ကို ယုံကြည်သည့်အတွက် အွန်ဂျပ်ဘာအား တစ်ကမ္ဘာလုံးဆိုင်ရာချစ်ကြည်ရေးသံတမန်အဖြစ် ခန့်အပ်ခဲ့ခြင်းဖြစ်ကြောင်း ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်(WFP)က ထုတ်ပြန်ခဲ့သည်။

အွန်ဂျပ်ဘာကလည်း ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်(WFP)၏ သံတမန်အဖြစ်ခန့်အပ်ရန်ကမ်းလှမ်းလာမှုကိုလက်ခံခဲ့ပြီး အငတ်ဘေးဒုက္ခပပျောက်ရေး စီမံချက်များကို အကောင်းဆုံး အကောင်အထည်ဖော်နိုင်အောင် ကူညီပေးမည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : RT**

**Trs : AZL**

# Phoenix Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဘက်ကော်လေ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်းထုတ်ပြန်

**အရီဇိုးနား ဖေဖော်ဝါရီ ၇**

အမေရိကန် ဂေါက်သီးရိုက်ကစားသမား ဘက်ကော်လေသည် ဒဏ်ရာပြဿနာများကြောင့် ဂေါက်သီးရိုက်လောကမှ သုံးနှစ်ကျော်ထိ အနားယူခဲ့ရပြီးနောက် အမေရိကန်နိုင်ငံ အရီဇိုးနားပြည်နယ်တွင် ကျင်းပမည့် Phoenix Open ဂေါက်သီးရိုက်ပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း ယနေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

ဘက်ကော်လေသည် ၂၀၁၈ ခုနှစ်တွင် ယာဉ်တိုက်မှုဖြစ်ပွားခဲ့ကာ ဒဏ်ရာအပြင်းအထန် ရရှိခဲ့ဖူးပြီး ဒဏ်ရာ ပျောက်ကင်းပြီးနောက် ဂေါက်သီးရိုက်လောကသို့ ပြန်လည်ဝင်ရောက်လာခဲ့သော်လည်း ဒဏ်ရာဟောင်း မကြာခဏဒုက္ခပေးနေသည့်အတွက် ပြိုင်ပွဲများနှင့် လွဲချော်ခဲ့ရသည်။

၂၀၂၀ ပြည့်နှစ် နှစ်ကုန်ခါနီးတွင် ဒဏ်ရာထပ်မံရရှိခဲ့ပြီး နောက်ပိုင်း ဂေါက်သီးရိုက်လောကမှ သုံးနှစ်ကျော်ထိအနားယူခဲ့ရပြီးနောက် ဒဏ်ရာ ရာနှုန်းပြည့်ကောင်းမွန်လာခဲ့သည့်အတွက် Phoenix Open ဂေါက်သီးရိုက်ပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ဒဏ်ရာကြောင့် သုံးနှစ်ကျော်ခန့်ထိ အနားယူခဲ့ရပြီးမှ ပထမဦးဆုံးအကြိမ် PGA Tour တွင် ပါဝင်ယှဉ်ပြိုင်မည့် အခြေအနေနှင့်ပတ်သက်ပြီး စိတ်လှုပ်ရှားနေကြောင်း ပြောကြားခဲ့ပြီး ပြိုင်ပွဲဝင်လိုစိတ်တစ်ခုကြောင့်သာ ပါဝင်ယှဉ်ပြိုင်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဘက်ကော်လေက "အခုတော့ ဒဏ်ရာတွေ ပျောက်ကင်းသက်သာပြီး ကျွန်တော်အရမ်းလွမ်းနေတဲ့ ဂေါက်သီးရိုက်ပြိုင်ပွဲတွေမှာ ပါဝင်ခွင့်ရတော့မယ်။ ကျွန်တော့်မိတ်ဆွေဟောင်းတွေနဲ့လဲ ပြန်လည်ဆုံတွေ့ခွင့်ရတော့မယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : AZL**

# ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ စီးပွားရေးတိုးတက်မှုအလားအလာ

ဝင်းဇင်(သုတေသန)

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ၁၉၇၁ ခုနှစ်တွင် နိုင်ငံစတင်ထူထောင်ကတည်းက စီးပွားရေးပြုပြင်ပြောင်းလဲမှုများကို အလေးထားအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံများစာရင်းမှ ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အလျင်မြန်ဆုံးနိုင်ငံအဖြစ် ရပ်တည်လာလျက်ရှိသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် လူသားဖွံ့ဖြိုးတိုးတက်မှုအညွှန်းကိန်း (HDI)နှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များ (SDGs)ကဲ့သို့သော အညွှန်းကိန်းများတွင် သိသိသာသာဖွံ့ဖြိုးတိုးတက်ခဲ့သော်လည်း ကိုဗစ်-၁၉ ရောဂါနှင့် ရုရှား-ယူကရိန်း ပဋိပက္ခကဲ့သို့သော ပြည်ပသက်ရောက်မှုများသည် တိုင်းပြည်၏စီးပွားရေးအပေါ် သက်ရောက်မှုများဖြစ်ပေါ်ခဲ့သည်။

ထိုသို့ ပြည်ပသက်ရောက်မှုများရှိနေသည့်တိုင်အောင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ၂၀၂၀ ပြည့်နှစ်တွင် GDP တိုးတက်မှုနှုန်း ၃ ဒသမ ၄ ရာခိုင်နှုန်းရှိခဲ့ပြီး အခြားသောဖွံ့ဖြိုးတိုးတက်ဆဲနိုင်ငံများထက် စီးပွားရေးတိုးတက်ခဲ့သဖြင့် အစိုးရ၏စီမံခန့်ခွဲမှုများအပေါ် ချီးမွမ်းမှုများပင် ရှိလာခဲ့သည်။

သို့သော် ၂၀၂၂ ခုနှစ် နှောင်းပိုင်းတွင် သီရိလင်္ကာ၊ ပါကစ္စတန်နိုင်ငံတို့နှင့်အတူ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (IMF) ထံမှ ချေးငွေ အမေရိကန်ဒေါ်လာ ၄ ဒသမ ၅ ဘီလီယံရရှိရန် ကြိုးပမ်းခဲ့ရခြင်းသည် စီးပွားရေးဆိုင်ရာစိန်ခေါ်မှုများအနေဖြင့် လက်ရှိဖြစ်ပွားလျက်ရှိသော ကမ္ဘာလုံးဆိုင်ရာမသေချာမရေရာမှုများထက်ပင် ပိုမိုလာပြီဖြစ်ကြောင်း ထင်ဟပ်စေလျက်ရှိသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၇ ရက်တွင် လွှတ်တော်ရွေးကောက်ပွဲများ ကျင်းပခဲ့ရာ ဝန်ကြီးချုပ် ရှိတ်ခ်ဟာဆီနားဦးဆောင်သည့် အဝါမီလိဂ်ပါတီသည် လေးကြိမ်ဆက်တိုက် အနိုင်ရရှိခဲ့သည်။ သို့သော် အတိုက်အခံဘင်္ဂလားဒေ့ရှ်အမျိုးသားရေးပါတီ(BNP) သည် ရွေးကောက်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်းမရှိသဖြင့် အနောက်နိုင်ငံများက ရွေးကောက်ပွဲတရားမျှတမှုနှင့်စပ်လျဉ်း၍ မေးခွန်းထုတ်ခဲ့သည်။ ထို့ကြောင့် တိုင်းပြည်၏အနာဂတ်စီးပွားရေးအပေါ် ဂယက်ရိုက်ခတ်မှုများ ဖြစ်ပေါ်လာလျက်ရှိသည်။

အလားတူ ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့် အထည်အလိပ်နှင့် အသင့်ချုပ်ပြီးအဝတ်အထည် (RMG) ကဏ္ဍအပေါ် အလွန်အမင်းမှီခိုအားထားရမှုကြောင့် စီးပွားရေးနှင့်ပတ်သက်၍ စိုးရိမ်ပူပန်မှုများမြင့်တက်လာလျက်ရှိသည်။ မည်သို့ပင်ဆိုစေ ၂၀၁၉ -၂၀၂၀ ဘဏ္ဍာနှစ်တွင် ပြည်ပပို့ကုန်များအနက် ၈၄ ရာခိုင်နှုန်းခန့်ကို အထည်အလိပ်လုပ်ငန်းမှ ရှာဖွေနိုင်ခဲ့သည်။ စီးပွားရေးဆိုင်ရာစွန့်စားရမှုများသည် ကမ္ဘာလုံးဆိုင်ရာစီးပွားရေးအတက်အကျများ၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများတွင် လုပ်သားဈေးကွက် သက်ရောက်မှုသဘောသဘာဝတို့နှင့် ဆက်နွယ်လျက်ရှိသည်။ ဝန်ဆောင်မှုကဏ္ဍသည် ရေတိုကာလအတွက် အထောက်အပံ့သာဖြစ်နေသည့်အချိန်တွင် ရေရှည်မဟာဗျူဟာများကိုလည်း ပိုမိုလုပ်ဆောင်လာရလျက်ရှိသည်။

အခွန်ကောက်ခံမှုနှင့်စပ်လျဉ်း၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ လက်ရှိအချိန်ထိ GDP တိုးတက်မှုတွင် အခွန်ပါဝင်မှုအချိုးသည် ရှစ်ရာခိုင်နှုန်းဖြစ်ပြီး အရှေ့တောင်အာရှတွင် ဒုတိယအနိမ့်ဆုံးအဆင့်၌ ရပ်တည်လျက်ရှိသည်။ အင်စတီကျူးရှင်းပိုင်းဆိုင်ရာတွင် အဂတိလိုက်စားမှုများ ဖြစ်ပေါ်နေခြင်းသည် အခွန်ကောက်ခံရရှိရေးတွင် အဟန့်အတားဖြစ်ပေါ်စေလျက်ရှိပြီး GDP တိုးတက်မှုတွင် အခွန်ပါဝင်မှုအချိုးအပေါ် ဆိုးကျိုးသက်ရောက်စေလျက်ရှိသည့်အပြင် အခွန်ထမ်းပြည်သူများအပေါ်တွင်လည်း သက်ရောက်မှုဖြစ်ပေါ်စေလျက်ရှိသည်။

အခွန်စနစ်များ တိုးတက်အောင်ဖော်ဆောင်ခြင်းနှင့် အသုံးစရိတ်များဆန်းစစ်ခြင်းအပါအဝင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွက် အရေးပေါ်အစီအမံများ ချမှတ်ဆောင်ရွက်ရေး၊ ဘဏ္ဍာရေးတည်ငြိမ်မှုခိုင်မာသေချာရေး၊ မလုံလောက်မှုများဖြေရှင်းခြင်းနှင့် စဉ်ဆက်မပြတ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်များ တောင့်တင်းခိုင်မာအားကောင်းရေးတို့သည် မရှိမဖြစ်လုပ်ဆောင်ရမည့်လုပ်ငန်းများပင်ဖြစ်သည်။

ဘဏ္ဍာငွေစာရင်းလက်ကျန်နည်းပါးခြင်းသည်လည်း အခြားစိန်ခေါ်မှုဖြစ်ပြီး သွင်းကုန်-ထုတ်ကုန်မညီမျှမှုသည် လတ်တလောငွေစာရင်းနှင့် ငွေစာရင်း




လက်ကျန်အားလုံးအပေါ်တွင် အကျပ်အတည်းပိုမိုဖြစ်ပေါ်စေလျက်ရှိသည်။ ဘဏ္ဍာရေးဆိုင်ရာဖောင်းပွမှုများသည် ပို့ကုန်တန်ဖိုးကျဆင်းစေပြီး သွင်းကုန်တန်ဖိုးများ မြင့်တက်လာစေလျက်ရှိသောကြောင့် စီးပွားရေးလုပ်ငန်းအပေါ် ဆိုးကျိုးသက်ရောက်စေလျက်ရှိသည်။

နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (FDI)ကျဆင်းခြင်းသည်လည်း ရင်းနှီးမြှုပ်နှံမှုလက်ကျန်ငွေလျော့နည်းကျဆင်းစေလျက်ရှိသည်။ ပြည်ပပို့ကုန်မြှင့်တင်ခြင်း၊ အရေးကြီးသွင်းကုန်များအပေါ် မှီခိုအားထားမှုလျှော့ချခြင်းနှင့် စီးပွားရေးအခြေအနေတိုးတက်အောင်ဆောင်ရွက်ခြင်းကဲ့သို့သော မဟာဗျူဟာများချမှတ်ဆောင်ရွက်ခြင်းအားဖြင့် အသေးစားစီးပွားရေးလုပ်ငန်းများတွင် ဝင်ငွေထွက်ငွေမညီမျှမှုများကို ပြုပြင်တည့်မတ်သွားရန် လိုအပ်ပေသည်။

ကမ္ဘာလုံးဆိုင်ရာဖြစ်စဉ်များကြောင့် နိုင်ငံခြားအရန်ငွေလျော့နည်းလာခြင်းနှင့် ဘင်္ဂလားဒေ့ရှ်တာကာငွေခိုင်မာမှု အားနည်းလာခြင်းတို့ကြောင့် သက်ရောက်လာနိုင်သည့် တိုင်းပြည်၏စီးပွားရေးကို ကာကွယ်နိုင်ရေးအတွက် အစိုးရ၏ အရေးပေါ်ကိုင်တွယ်ဖြေရှင်းမှုများ လိုအပ်လျက်ရှိသည်။ ပြည်ပသွင်းကုန်တန်ဖိုးများ အချိန်မီပေးချေနိုင်ရေးအတွက် အရေးမကြီးသောကုန်စည်များတင်သွင်းမှုကို ရပ်ဆိုင်းခြင်း၊ နိုင်ငံခြားအရန်ငွေကြေးကို ထိန်းသိမ်းထားနိုင်ရေးအတွက် စီးပွားရေးဘဏ်များသို့ အမေရိကန်ဒေါ်လာထောက်ပံ့မှု ကန့်သတ်ခြင်းများ လုပ်ဆောင်သွားရန် လိုအပ်သည်။ စင်စစ်အားဖြင့် လူမှုလုံခြုံရေးအစီအမံများအပါအဝင် အစိုးရ၏ပါဝင်ဆောင်ရွက်ဖြေရှင်းပေးမှုများသည် ပြည်တွင်းစီးပွားရေးတည်ငြိမ်မှုနှင့် ပျော့ကွက်ရှိသောကဏ္ဍများကာကွယ်စောင့်ရှောက်ခြင်းတို့တွင် များစွာအရေးပါလျက်ရှိသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် လျှပ်စစ်စွမ်းအင်ထုတ်လုပ်မှုစွမ်းဆောင်ရည်သည် သိသိသာသာတိုးတက်လျက်ရှိသော်လည်း စွမ်းအင်ကဏ္ဍတွင် စက်ရုံများမှထုတ်လုပ်နိုင်မှုသည် ၂၀၂၂ ခုနှစ်တွင် ကျဆင်းခဲ့သည်။ နည်းပညာအဆင့်မြှင့်တင်ခြင်းနှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ထုတ်လုပ်မှု အလျင်အမြန်ကူးပြောင်းခြင်းမှတစ်ဆင့် ဝယ်လိုအားနှင့် ရောင်းလိုအားကွာဟချက်ကို လျှော့ချခြင်းသည် စဉ်ဆက်မပြတ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာအရေးပါလာလျက်ရှိသည်။

စားနပ်ရိက္ခာနှင့် လောင်စာဆီဈေးနှုန်းများ မြင့်တက်လာမှုကြောင့် ဖြစ်ပေါ်လာသည့် ငွေကြေးဖောင်းပွမှုဖိအားများသည် စီးပွားရေးဆိုင်ရာစိန်ခေါ်မှုများနှင့် ဘဏ္ဍာရေးကဏ္ဍတို့တွင် ကသောင်းကနင်းဖြစ်ပေါ်စေလျက်ရှိသည်။ ချေးငွေလိမ်လည်မှု၊ ရင်းနှီးမြှုပ်နှံမှုများထွက်ခွာခြင်း၊ လုပ်ပိုင်ခွင့်ရှိသူများနှင့် ပေါင်းစားခြင်း၊ အာဏာရှင်ဆန်သောအဂတိလိုက်စားမှုများသည် စီးပွားရေးဆိုင်ရာစိန်ခေါ်မှုများနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ဖြစ်ပေါ်လေ့ရှိသည့် နိုင်ငံရေးအာဏာဆက်ခံမှုတို့ကို ထင်ဟပ်ပေါ်လွင်စေလျက်ရှိသည်။

ထို့ပြင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ဆင်းရဲချမ်းသာကွာဟမှုများဖြေရှင်းရန်နှင့် ရာသီဥတုအလျင်အမြန်ပြောင်းလဲမှုများနှင့် ဆက်နွယ်သော စီးပွားရေးဆိုင်ရာအန္တရာယ်များ ကိုင်တွယ်ဖြေရှင်းရေးဆိုသည့်စိန်ခေါ်မှုနှစ်ရပ်ဖြင့်လည်း ရင်ဆိုင်ရှိန်းကန်ရလျက်ရှိသည်။ ထို့ကြောင့် လူနေမှုအသုံးစရိတ်များ တိုးမြှင့်ပေးခြင်း၊ စုဆောင်းမှုနှင့် ရင်းနှီးမြှုပ်နှံမှုများ တစ်ပြိုင်တည်းဆောင်ရွက်ခြင်းအားဖြင့် သာတူညီမျှကွာဟမှုများလျှော့ချရန် ကြိုးပမ်းခြင်းအပြင် အားလုံးအကျုံးဝင်သောဖွံ့ဖြိုးတိုးတက်မှုများ ခိုင်မာအားကောင်းအောင်ဆောင်ရွက်ခြင်းတို့သည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာအရေးပါလျက်ရှိသည်။

တစ်ချိန်တည်းမှာပင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ရာသီဥတုပြောင်းလဲမှုဆိုင်ရာခြိမ်းခြောက်မှု၊ ပင်လယ်ရေမျက်နှာပြင်မြင့်တက်လာမှု၊ မြို့ပြတည်ဆောက်မှု၊ သစ်တောပြုန်းတီးမှု၊ လူနေမှုဘဝနှင့် ဂေဟစနစ်ဝန်ဆောင်မှုလုပ်ငန်းများ ထိခိုက်လာမှုတို့ဖြင့်ရင်ဆိုင်ရလျက်ရှိသည်။ ထို့ကြောင့် နိုင်ငံတကာအထောက်အပံ့များနှင့် နည်းပညာများလွှဲပြောင်းပေးခြင်းအပြင် ဘေးအန္တရာယ်လျော့ပါးသက်သာရေးဆိုင်ရာထိရောက်သောမဟာဗျူဟာများသည် သဘာဝပတ်ဝန်းကျင်ယိုယွင်းပျက်စီးမှုများလျှော့ချရေးနှင့် စီးပွားရေးကုန်ထုတ်စွမ်းအားများကို ကာကွယ်စောင့်ရှောက်ရာတွင် များစွာအရေးပါလျက်ရှိသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် တာဝန်ထမ်းဆောင်ဆဲအစိုးရပြန်လည်ရွေးကောက်ခံနိုင်ရေး ရည်ရွယ်ဆောင်ရွက်သည့် နိုင်ငံရေးဆိုင်ရာစီးပွားရေးစက်ဝန်းသည်လည်း ပြည်ပစွက်ဖက်မှုများကို တုံ့ပြန်ရာတွင် စီးပွားရေးဆိုင်ရာလှုပ်ရှားဆောင်ရွက်မှုများကို အတက်အကျဖြစ်ပေါ်စေလျက်ရှိသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ၂၀၁၄ ခုနှစ်နှင့် ၂၀၁၈ ခုနှစ်တို့တွင် စီးပွားရေးတိုးတက်မှု သမိုင်းမှတ်တမ်းများရှိခဲ့သဖြင့် ရွေးကောက်ပွဲကျင်းပသည့်နှစ်များတွင် စီးပွားရေးတိုးတက်လာလေ့ရှိသည်။ ဆိုရလျှင် အာဏာဆက်လက်စွဲကိုင်ထားနိုင်ရေးအတွက် မသေချာမရေရာမှုများ လျှော့ချသွားနိုင်ရေး ကြိုးပမ်းမှုတစ်ရပ်အနေဖြင့် စီးပွားရေးတိုးတက်မှုရရှိရန် အားစိုက်ခဲ့ခြင်းပင်ဖြစ်သည်။ အမှန်တော့ ရွေးကောက်ခံအစိုးရတစ်ရပ်အနေဖြင့် စိန်ခေါ်မှုများကို အောင်မြင်စွာဖြေရှင်းနိုင်မည်ဆိုလျှင် လာမည့်ဘဏ္ဍာနှစ်တွင် စီးပွားရေးပြန်လည်ဦးမော့လာမည်ဖြစ်သည့်အပြင် အနာဂတ်တွင်လည်း စီးပွားရေးတိုးတက်မှုကို ဖော်ဆောင်နိုင်မည်ဖြစ်သည်။

လွှမ်းခြုံကြည့်မည်ဆိုလျှင် ဘင်္ဂလားဒေ့ရှ်အနေဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုလမ်းဆုံတွင် တည်ရှိနေသောကြောင့် မဟာဗျူဟာမြောက်ပါဝင်ဆောင်ရွက်ခြင်းနှင့် အပြောင်းအလဲဖော်ဆောင်ခြင်းတို့သည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာအရေးပါလျက်ရှိသည်။ စင်စစ်အားဖြင့် စီးပွားရေးဆိုင်ရာစိန်ခေါ်မှုများ၊ နိုင်ငံရေးဆိုင်ရာသက်ရောက်မှုများနှင့် ကမ္ဘာလုံးဆိုင်ရာမသေချာမရေရာမှုများအပေါ် တုံ့ပြန်မှုသည် လက်တွေ့ကျသောချဉ်းကပ်မှုများ လိုအပ်သည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့် အဆိုပါပြဿနာပေါင်းစုံကို ရင်ဆိုင်ဖြေရှင်းခြင်းအားဖြင့် လက်ရှိအကျပ်အတည်းကို ကျော်လွှားနိုင်မည့်အပြင် ကမ္ဘာလုံးဆိုင်ရာစီးပွားရေးစင်မြင့်တွင်လည်း ကြံ့ကြံ့ခံနိုင်သည့်တိုးတက်အောင်မြင်မှုရှိသောနိုင်ငံအဖြစ် ရပ်တည်လာနိုင်မည်ဖြစ်သည်။

မည်သို့ပင်ဆိုစေ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်လျက်ရှိကြောင်း၊ ၂၀၃၁ ခုနှစ်တွင် အလယ်အလတ်အဆင့်ဝင်ငွေရှိသောနိုင်ငံအဖြစ်သို့ ရောက်ရှိမည်ဖြစ်ကြောင်း ကမ္ဘာ့ဘဏ်က ပြောဆိုထားသည်။ ထို့ပြင် အာရှဖွံ့ဖြိုးရေးဘဏ်ကလည်း ဘင်္ဂလားဒေ့ရှ်၏ GDP တိုးတက်မှုသည် ၂၀၂၁ ခုနှစ်တွင် ၆ ဒသမ ၉ ရာခိုင်နှုန်း၊ ၂၀၂၂ ခုနှစ်တွင် ၇ ဒသမ ၁ ရာခိုင်နှုန်းနှင့် ၂၀၂၃ ခုနှစ်တွင် ခြောက်ရာခိုင်နှုန်းရှိခဲ့ကြောင်းနှင့် ၂၀၂၄ ခုနှစ်တွင် ၆ ဒသမ ၅ ရာခိုင်နှုန်းတိုးတက်ရန် ရည်မှန်းထားရှိကြောင်း ဖော်ပြထားသည်။

အထူးသဖြင့် ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၇ ရက် ရွေးကောက်ပွဲ၌ အဝါမီလိဂ်ပါတီသည် အမတ်နေရာ ၃၀၀ အနက် ၂၂၃ နေရာရရှိခဲ့သဖြင့် ရှိတ်ခ်ဟာဆီနားသည် ဝန်ကြီးချုပ်တာဝန်ကို စတုတ္ထအကြိမ်မြောက်ဆက်လက်ထမ်းဆောင်နေပြီဖြစ်သည်။ ဟာဆီနားအနေဖြင့် လာမည့်ဆယ်စုနှစ်တစ်ခုကျော်ကာလအတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံကို အလယ်အလတ်အဆင့်ထက် မြင့်မားသောဝင်ငွေရှိသည့်နိုင်ငံအဖြစ် တည်ဆောက်သွားနိုင်ရေး စီးပွားရေးဆိုင်ရာမဟာဗျူဟာမြောက်ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်လာလျက်ရှိကြောင်း သုံးသပ်တွေ့ရှိရပါသည်။

**ကိုးကား**


(1) **Navigating Bangladesh's economic trajectory By Asia Times.**

(2) **Why Bangladesh can't get enough of Hasina By Asia Times.**

# Confessions on illegal businesses of AA group

The government is striving for forging rule of law and development of the nation in all aspects. Trafficking and distribution of narcotic drugs which is posing a great menace to the mankind including new generation youths to Rakhine State and international community has been presented to the people. At present, AA terrorists allows illegal entering of Bengalis into the country by taking money for their interest in order to purchase and supply man/arms, ratios and fuel to their group. In this regard, the confessions of Zaw Min Tun (aka) Soe Moe Lin (aka) Ko Nyi, son of U Kyaw Than Myint and owner of Tha Li Swa rice noodle shop artiste Rakhine singer Hla Maung Thein (aka) Bo Wine, son of U Kyaw Hla, who contacted Bengali brokers for handling illegal entrance to Myanmar, purchased a ship to be used in transport of rations and fuel to AA group and took responsibilities of sending ration under the order of Min Khant at the rank of Colonel from AA group were mentioned as follows: -

**The confessions of Zaw Min Tun (a) Soe Moe Lin (a) Ko Nyi**



I was introduced by Ko Tun from Masaekhan Town, Yathae Taung Township. I knew Ko Kyaw Naing living in Sittawe. Introducing by Ko Kyaw Naing, I met Ko Nay Moe Aung from AA terrorist group. I knew Ko Yin (a) Ko Myo Ko Ko because Ko Maung Phyu from Sittwe introduced me to him. He lives in Pauktaw, Sittwe.

There are shrimp ponds and three fishing boats. Those (3) ships are Shwe Thazin, Lamin Myitta and Ta Tine Ya. In November, 2023, they were arrested while loading fuel for AA terrorists. I was asked by Ko Myo Ko Ko to run those ships. Shwe Thazin ship was bought for 230 million kyats, Lamin Myitta 50 million kyats and Ta Tine Ya 40 million kyats. The signing of the contract on those ships was done by myself because they did not come. I signed in the transaction contract. Ko Yin (a) Ko Myo Ko Ko knew Ko Min Khant who was a colonel-rank member of the AA. He provided all the food and fuel to AA. He introduced me to Ko Min Khant, who was a colonel-rank member of AA.

He said he moved in Yathae Taung, Kyauk Taw and Mrauk-Oo. I met him in Mrauk Oo once. After that, we were in contact on Telegram. About a mile away from Oak Pho village in Yathae Taung Township, there is an AA camp. There, I went to meet with Ko Min Khant because I was told by Ko Yin (a) Ko Myo Ko Ko. Then I went there to discuss the Bengali issue and issue of tax collection. It was said that Zee Chaung Dam in Kyauk Taw was occupied by AA. Ko Myo Ko Ko fetched me there. There were about four or five people there. After discussing about the smuggling Bengali, he sent me back from there.

Ko Min Khant who is in the rank of a colonel in AA asked me to report about the Bengalis who sneaked in without paying taxes, fishing boats that did not pay taxes and AA deserters through Telegram. I smuggled illegal Bengali into the country four times with Hamidula, Abdu Zawle, and Naw Ziamauk from Maungdaw and Ko Nay Moe Aung of the AA terrorist group. According to Bengali brokers, smuggled Bengalis paid AA group 200,000 kyats each. They entered two times a month. At one time, there were between (70) and (100) Bengalis. Then each Bengali from the boats sent by Bengali brokers had to pay seven hundred thousand kyats. Bengali brokers get two million kyats for each. From there, they went to Yay or Mawlamyine and then to Thailand or Malaysia. AA collected a tax of one million per fishing boat for one season.

Ko Yin (a) Ko Myo Ko Ko had bought (3) satellite phones for the ships. A satellite phone cost four million kyats. Then he said to buy a radar. The radar cost more than thirty million kyats, so I didn't buy it. Akhara was introduced to me by Ko Myo Ko Ko in 2023. When he arrived at Sittwe, I bought him machine parts and engine wine. Money was transfered by Wavemoney and Kpay. When I arrived in Yangon, I was called to come to Rakhine by Ko Myo Ko Ko and Ko Min Khant. At that time, my wife did not have an ID card, so she made a fake card with the name of Eaint Thu Lin and it cost eighty thousand kyats. But I will give one hundred thousand kyats. The next day, I went and take it. I went to Thali Swa Monti shop.

After taking it, my wife went to Mandalay, but I went to Rakhine through the country lane. On 29th December, Ko Yin (a) Ko Myo Ko Ko asked me to take a ticket of Shwe Pwint Phyu express car from Bo Win and made me to take that express car. He also said that I must get off at 5 miles before I got to Minbu, and then contact Zaw Moe and A Ba San there. I was arrested on the way. I had bought the AA group the fuel and food with the money collected from smuggled Bengalis and. I just bought them and gave them to Ko Nay Moe Aung. Only Ko Nay Moe Aung and in the rank of colonel Min Khant managed them. I was afraid that I would be killed if I didn't come back to Rakhine from Yangon. My mother was also there. She is over 70 years old. I was afraid that my mother would be killed. I knew that if I returned with that car ticket, I would be arrested.

But I returned because I was afraid that I would be killed again. I wanted to earn my living honestly in Yangon. My wife said that she didn't want to be with me, so she left Mandalay. I was sick for two or three days. I didn't want to go.I dreamed that I met my mother, I knew that my family would be in trouble because of me. My wife said that she wanted to get divorced. My mother had to spend 1.5 million kyats on medical expenses per month. So I went.

They had asked me to do. Now there is no one to take responsibility for me. In addition to not being responsible, I was the only one arrested in this car and they asked to arrest me exactly. I do what they asked me to do as I was scared. Now I regret doing those things. I also want to see my mother again. I don't want to do them any more.

**Arakan singer Hla Maung Thein (a) Bo Wine, the owner of Thali Swa Monti shop**



In 2015, I started entering the art field and in 2016 I released an album called `` How brave are the Arakan Men!". In March 2019, Ko Zaw Min Oo, who is in the rank of captain in AA group and I sang the songs at the stage show four times. Among those (4) times, in the morning of the last day of singing, when I was about to go back my home, he made me bring his worker and a small backpack with me to Ponnagyun. When we arrived Ponnagyun market, there was a man waiting on the street. A package was given to him. I left his worker who came along with me there. Then, when I arrived there again, I met that worker. I asked him that what the package that he had given was. He said that the one wrapped in yellow tape was drugs. That's when I found out.




Photo shows the helm of two illegally operating ships named Ta Tine Ya and Lamin Myitta-7.

In October 2022, we lost contact with Ko Zin Min Oo, who is in the rank of a captain and had been fired from AA group. No contact at all. Then, in November 2022, I got contact with him again. He was in Htigyaing. He told me to come and attend pig husbandry course of his acquaintance there. I went to him. I stayed and learned there. After nearly two months of studying the pig husbandry, I came back. At that time, I learned that Ko Zin Min Oo, a captain-rank member in the AA group, was working for the AA group again. In February 2023, Ko Zin Min Oo from the AA group rented a house for me in Mandalay at two hundred and fifty thousand kyats a month.

At that time, he gave me the money I needed. When I was in Mandalay, I delivered car equipments and parts to Ko Zin Min Oo, who is in the rank of a captain in the AA group, about four times. Also, I sent him books one time. Then I was told that I had to send the important items, but I would not have to make mistakes in delivering those things.

Ko Zin Min Oo, who is in the rank of a captain in the AA group, and I did not get along any more, so I immediately returned to Rakhine. After living with Arakan singer Ma Yu Yu Hlaing, we moved to Pyinmana with our family to open a Monti shop near Pyinmana. We opened a Monti shop called Thali Swa for three months near Pyinmana.

After that, we arrived in Yangon in last August. In Yangon, we opened Thali Swa Monti shop at the top of 31st Road in South Ookalapa Township, Yangon Region. In November 2023, as Sayar U Aung Gyan told me to come and sing, , I went to Rakhine from Yangon. I stayed there for about 40 days. Then my friend Akhara knew I was there and he lived near the house I was staying, so he came to me. I told him I had not been OK. My friend told me that if I wanted to work, there was a boss in Yangon. If I went to Yangon, I could work with the boss. I came back Yangon.

When I arrived in Yangon, Zaw Min Tun (a) Soe Moe Lin (a) Ko Nyi , and I talked to him on the phone. After that, he arranged to see me one day.

*See Page 13*




Photo shows the right side of Ta Tine Ya ship.



Photo shows the engine room of Ta Tine Ya ship.


Photo shows the arrested suspects from Ta Tine Ya ship: Tin Maung Tun, Tun Lwin, Nyi Nyi Tun and San Naing Oo.


Photo shows the arrested suspects from Lamin Myitta-7 ship: Myo Min Win, Ye Htut Than, Thein Zaw Oo and Myat Ko Oo.

*From Page 12*
The next day, we met at the RV restaurant in Kyauk Myaung, Tamwe. Seeing me that day, he told me about the work. I had to go and see the ship. I had to check how many people were in the ship and whether people on that the ship had stolen the fuel or not. The next day he called me. His wife's ID card had been banned. He said he wanted to make a fake ID card I made the fake ID of Ko Nyi's wife at eighty thousand kyats. He gave me one hundred thousand kyats but it cost eighty thousand kyats. I made this fake ID card with the name of Eaint Thu Lin at the shop in Pansoedan. Ko Zaw Min Tun (a) Soe Moe Lin (a) Ko Nyi then called me. He told me to buy him an express ticket. I bought him Shwe Pwint Phyu express car ticket to go to Minbu.

I met him about five times, two times outside and three times in my shop. On 30 December 2023, I was arrested at my Thali Swa Monti shop in South Ookalapa.

I want to say that our family have earned our living honestly. Don't destroy your life as you make your living honestly due to such a few nonsense things.

From now, I'd like to ask AA group, please don't use the lives of such people. I would like to say that I am very sorry that our honest lives have been destroyed so quickly.

# Kanbalu Township finishes cultivation of pulses and beans on more than 90,000 acres this cold season

**Kanbalu February 7**

The statistics of Kanbalu Township Agriculture Department stated that a total of 95,110 acres of pulses and beans have been cultivated in Kanbalu Township of Sagaing Region.

In 2023-24 cold season, the township has grown 95,110 acres of pulses and beans against the target of 96,668 acres.

"We have set an aim to grow more than 96,000 acres of pulses and beans this year, but could grow over 95,000 acres. The Township Agriculture Department assists local farmers in growing pulses and beans in a systematic manner with use of quality strains, correct agricultural techniques and systematic use of fertilizers," said Head of Kanbalu Township Agriculture Department U Myo Zaw.

This year, local farmers have grown 38,544 acres of black bean, 22,214 acres of green gram, 3,797 acres of butter bean, 7,219 acres of sister bean, 1,393 acres of sister bean red, 6,941 acres of chickpea, 2,395 acres of rice bean, 171 acres of lablab bean, 9,897 acres of true pea and 2,539 acres of other beans.

In cold season, the township earmarked cultivation of 22,464 acres of green gram, 38,439 acres of black bean, 2,395 acres of rice bean, 6,840 acres of chickpea, 10,430 acres of true bean, 7,227 acres of blue sister bean, 1,408 acres of red sister bean, 3,809 acers of butter bean and 3,656 acres of other beans.

Staff members of the Township Agriculture Department provide assistance for local farmers to have quality strains of beans, use of systematic agricultural techniques, prevention of pests and systematic use of fertilizers so as to boost per-acre yield. 206

# More than 800 truckloads of goods flow out to China via Lweje camp

**Myitkyina February 7**

More than 800 cargo trucks pass Lweje border to transport cargo to China, said Vice Chair Daw Tu of Kachin State Highway Cargo Transport Association.


In the past, a few number of cargo trucks flowed into China via Lweje border. Now, number of argo trucks carrying rice, maize, chilli, maize and other crops to China is larger and larger.

"Seasonal fruits are imported from China via Lweje border. Hence, number of cargo trucks is on the rise," she added.

Starting from the second week of January, the cargo trucks leading to China via Lweje hit more than 700 per day, compared with more than 800 cargo trucks starting from the third week of January.

"Now, China exports cargo to Myanmar via Lweje camp, most of which are machinery, textile and personal goods," she explained.

184


Lweje border trade camp.

# More than 3,000 acres of maize and corns cultivated in Taze Township this year

**Taze February 7**

This year's cold season cultivation period, Taze Township of YeU District in Sagaing Region cultivated more than 3,000 acres of maize and corns, according to the YeU District Agriculture Department.

The township earmarked cultivation of 2,433 acres of maize and corns in 2023-24 cultivation season. Starting from October 2023, local farmers have cultivated 3,441 acres of maize and corn exceeding the target.

"This year, the township set a plan to grow more than 2,000 acres of maize and corns. So far, more than 3,000 acres of crops have been grown on the croplands. The department provides agricultural techniques to local farmers for having successful thriving of maize and corns," said Head of YeU District Agriculture Department U Zaw Myint Tun.

In Taze Township, a total of 315 acres of maize and 3,126 acres of corns, totalling 3,441 have been cultivated against the target of 2,126 acres for both crops.

In 2022-23 cold season cultivation period, Taze Township planted 2,433 acres of maize and corns.

Taze Township Agriculture Department conducts training course on cultivation of corns and maize, field demonstration, prevention of FAW and use of pesticides for local farmers.

In 2023-24 financial year, the township earmarked 10,065 acres of monsoon maize and corns. Local farmers planted 9,683 acres of both crops against the target.

206

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## အမေရိကန်အထက်လွှတ်တော်က ယူကရိန်းအတွက် ကန်ဒေါ်လာဘီလီယံ ၆၀ ပံ့ပိုးရန် ဥပဒေကြမ်း ထုတ်ပြန်



အမေရိကန်အထက်လွှတ်တော်သည် ယူကရိန်းအတွက် အမေရိကန်ဒေါ်လာ ဘီလီယံ ၆၀ ပံ့ပိုးရန်နှင့် ယူကရိန်း၊ အစ္စရေးနှင့် တရုတ်(တိုင်ပေ)တို့ကို နိုင်ငံရပ်ခြားအကူအညီများ၊ တင်းမာနေသော နယ်စပ်လုံခြုံရေးအတွက် ပြဋ္ဌာန်းချက်များနှင့် ပေါင်းစပ်ထားသည့် ကာလကြာရှည်စောင့်ဆိုင်းနေခဲ့ရသော အမျိုးသားလုံခြုံရေးနောက်ဆက်တွဲဥပဒေကြမ်းတစ်ရပ်ကို ဖေဖော်ဝါရီ ၄ ရက်တွင် ထုတ်ပြန်ခဲ့ကြောင်း ရုရှားနိုင်ငံပိုင် RT သတင်းဌာနက ဖေဖော်ဝါရီ ၅ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အမေရိကန်ဒေါ်လာ ၁၁၈ ဘီလီယံ အကူအညီပေးရေးအစီအစဉ်များအနက် ယူကရိန်းကို စစ်ရေးအကူအညီအတွက် အမေရိကန်ဒေါ်လာ ဘီလီယံ ၆၀၊ အစ္စရေးအတွက် အမေရိကန်ဒေါ်လာ ၁၄ ဘီလီယံနှင့် အင်ဒို-ပစိဖိတ် မိတ်ဖက်နိုင်ငံများကို ထောက်ပံ့ရေး အမေရိကန်ဒေါ်လာ ၄ ဒသမ ၈ ဘီလီယံသုံးစွဲရန် ခွဲဝေပေးထားသည်။

ဂါဇာအနောက်ဘက်ကမ်းနှင့် ယူကရိန်းအရပ်သားများအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများပေးအပ်နိုင်ရန် နောက်ထပ် အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံလည်း အသုံးပြုသွားလိမ့်မည်ဖြစ်သည်။

အမေရိကန်နိုင်ငံ၏ နယ်ခြားစောင့်မူဝါဒအပြောင်းအလဲအတွက် ကုန်ကျစရိတ်သည် အမေရိကန်ဒေါ်လာ ဘီလီယံ ၂၀ ထိရှိပြီး နေရပ်ပြန်ပို့ခြင်း၊ အမိုးအကာဆောက်လုပ်ပေးခြင်းများနှင့် ခိုလှုံလာမည့် အရာရှိ ၄၀၀၀ ကျော်အတွက် သယ်ယူပို့ဆောင်ရေးစရိတ်များ ကျခံသုံးစွဲမည်ဖြစ်သည်။

ဆယ်စုနှစ်များအတွင်း အပြင်းထန်ဆုံးနှင့် တရားမျှတသောနယ်စပ်ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များပါဝင်သော ရီပတ်ဘလစ်ကန်နှင့် ဒီမိုကရက်ပါတီနှစ်ဖွဲ့၏ အမျိုးသားလုံခြုံရေးသဘောတူညီချက်ကို ရရှိခဲ့ကြောင်း အခိုင်အမာပြောကြားထားပြီး ဖေဖော်ဝါရီ ၄ ရက်က ထုတ်ပြန်သည့်ကြေညာချက်တွင် ဥပဒေပြုမှုအတွက် အပြည့်အဝထောက်ခံကြောင်း" အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က ထုတ်ဖော်ပြောကြားခဲ့သည်။

ယူကရိန်းနှင့် အစ္စရေးအတွက် အကူအညီများကိုရည်ညွှန်းပြီး အမေရိကန်နှင့် မိတ်ဖက်နိုင်ငံများကို ယူကရိန်းနှင့် အစ္စရေးအတွက် အထောက်အကူဖြစ်စေရန် ဥပဒေကြမ်းကို မြန်မြန်အတည်ပြုရန် ကွန်ဂရက်လွှတ်တော်ကို သမ္မတဂျိုးဘိုင်ဒင်က တိုက်တွန်းခဲ့သေးသည်။

ပိုမိုကျယ်ပြန့်သောအမျိုးသားလုံခြုံရေးနောက်ဆက်တွဲဥပဒေကြမ်း တစ်စိတ်တစ်ပိုင်းအဖြစ် ယူကရိန်းကို စစ်ရေးအကူအညီ အမေရိကန်ဒေါ်လာ ဘီလီယံ ၆၀ ဖိုး ထောက်ပံ့ပေးအပ်သွားရန် သမ္မတ ဂျိုးဘိုင်ဒင်သည် လပေါင်းများစွာ ရှန်းကန်နေခဲ့ရသည်။ သို့သော်လည်း ဝေဖန်မှုများနှင့် အတိုက်အခံပြုလုပ်နေသော ရီပတ်ဘလစ်ကန်လွှတ်တော်အမတ်များကို အသစ်ညှိနှိုင်းထားသော အမေရိကန်နိုင်ငံ နယ်နိမိတ်အစီအမံများဖြင့် ဆွဲဆောင်နိုင်ပြီး တစ်ဖက်က ဒီမိုကရက်အမတ်များထံမှ အတိုက်အခံမဲများကို ကျော်လွှားနိုင်ယူနိုင်မည်လားဆိုသည်ကို စောင့်ကြည့်ရဦးမည်ဖြစ်သည်။

အမေရိကန်အထက်လွှတ်တော်အဆိုပြုချက်သည် လက်ရှိပုံစံဖြင့် အောက်လွှတ်တော်သို့ရောက်ရှိလာပါက မျှော်မှန်းထားသည့်အတိုင်း ဖြစ်လာလိမ့်မည်မဟုတ်ကြောင်း ဖေဖော်ဝါရီ ၄ ရက်တွင် အောက်လွှတ်တော်ဥက္ကဋ္ဌ Mike Johnson က ပြောကြားခဲ့သည်။

လာမည့်ရက်သတ္တပတ်တွင် အောက်လွှတ်တော်သည် အစ္စရေးအတွက် သီးသန့်ထောက်ပံ့မှုအစီအစဉ်ကို မဲပေးရန် စီစဉ်ထားသော်လည်း အိမ်ဖြူတော်က သီးသန့်ဥပဒေမူကြမ်းကို ဗီတိုအာဏာသုံးမည်ဟု ကတိပြုခဲ့သော သမ္မတဂျိုးဘိုင်ဒင်အတွက် စိတ်ဝင်စားစရာဖြစ်လိမ့်မည်မဟုတ်ကြောင်း ထပ်ခါတလဲလဲ ထုတ်ဖော်ပြောကြားခဲ့သည်။

လုံခြုံရေးဆိုင်ရာနောက်ဆက်တွဲဥပဒေကြမ်းသစ်အတွက် အမေရိကန်လွှတ်တော်အမတ်များသည် ဈေးစပ်ညှိနှိုင်းမှုများ အကြိတ်အနယ်ဖြစ်နေချိန်တွင် ဥရောပသမဂ္ဂအဖွဲ့ နိုင်ငံ့ခေါင်းဆောင်များက ယူကရိန်းနိုင်ငံကို အမေရိကန်ဒေါ်လာ ၅၄ ဘီလီယံ ထောက်ပံ့ရေးအစီအစဉ်ကို ပြီးခဲ့သည့်သီတင်းပတ်က လက်မှတ်ရေးထိုးခဲ့ပြီဖြစ်သည်။ ဥရောပသမဂ္ဂအဖွဲ့ချုပ်အနေဖြင့် ငွေများကို မည်ကဲ့သို့ သုံးစွဲမည်ကိုမသိရကြောင်း အတိုက်အခံပြုလုပ်၍ အဆိုပြုချက်ကို မူလက ဗီတိုအာဏာသုံးပယ်ချခဲ့သော ဟန်ဂေရီဝန်ကြီးချုပ် Viktor Orban သည် သဘောတူညီချက်ကို လက်ခံရန် ဖိအားပေးခံခဲ့ရခြင်းလည်းဖြစ်သည်။

**US Senate unveils new bill with $60bn for Ukraine ကို ဘာသာပြန်ဆိုထားပါသည်။**

## ရုရှားထုတ် Pantsir လေကြောင်းရန်ကာကွယ်ရေးစနစ်က နိုင်ငံတကာဖောက်သည်နိုင်ငံများကို ဆွဲဆောင်မှုရှိသည်ဟု ရုရှားသမ္မတပြော

ရုရှားထုတ် Pantsir လေကြောင်းရန်ကာကွယ်ရေးစနစ်သည် နိုင်ငံတကာကာကွယ်ရေးဈေးကွက်များတွင် ဖောက်သည်နိုင်ငံများကို ဆွဲဆောင်မှုရှိသည်ဟု ရုရှားသမ္မတ ဗလာဒီမာပူတင်က ထုတ်ဖော်ပြောကြားခဲ့သည်။

Pantsir သည် နိုင်ငံတကာမှ ဖောက်သည်နိုင်ငံများကို မည်သည့်အတွက်ကြောင့် ဆွဲဆောင်မှုဖြစ်နေရသည်ကို ရုရှားနိုင်ငံ Sputnik သတင်းဌာနက ဖေဖော်ဝါရီ ၅ ရက်တွင် အစီအရင်ခံရေးသားဖော်ပြခဲ့သည်။

Pantsir လေကြောင်းရန်ကာကွယ်ရေးစနစ်ကို ၂၀၁၀ ပြည့်နှစ်က ရုရှားတပ်မတော်တွင် စတင်အသုံးပြုနိုင်ခဲ့သည့်အချိန်မှစ၍ အကြိမ်ပေါင်းများစွာ အဆင့်မြှင့်တင်မှုများပြုလုပ်နိုင်ခဲ့ပြီး ထူးခြားသောစွမ်းဆောင်ရည်များ ပိုင်ဆိုင်ထားသည်။

Pantsir ကို အဆင့်မြှင့်တင်မွမ်းမံမှုအသစ်သည် ရုရှားနိုင်ငံ၏ ယူကရိန်းအထူးစစ်ဆင်ရေးတွင် တိုက်ပွဲဝင်လုပ်ဆောင်နေသော လေကြောင်းရန်ကာကွယ်ရေးတပ်ရင်းတပ်ဖွဲ့များက ရရှိခဲ့သည့်တိုက်ပွဲအတွေ့အကြုံများအပေါ် အခြေခံထားကြောင်း ရုရှားနိုင်ငံပိုင်စစ်လက်နက်ထုတ်လုပ်သူ Rostec ကုမ္ပဏီက ယခင်နှစ်နှောင်းပိုင်းတွင် ထုတ်ပြန်ကြေညာခဲ့သည်။

Pantsir လက်နက်စနစ်သည် ယာဉ်တင်မြေပြင်မှ ဝေဟင်ပစ်ဒုံးကျည်နှင့်လေယာဉ်ပစ်အမြောက်တို့ ပေါင်းစပ်ထားသောစနစ်ဖြစ်ပြီး ရန်သူလေယာဉ်များ၊ ရဟတ်ယာဉ်များ၊ တိကျပဲ့ထိန်းခဲယမ်းများ၊ ခရုဇ်ဒုံးကျည်များရန်မှ စစ်ဘက်အချက်အချာနေရာများ၊ အုပ်ချုပ်ရေးအဆောက်အအုံများအပေါ် Point Air Defense အချက်အချာနေရာ လေကြောင်းရန်ကာကွယ်ရေးရည်မှန်းချက်တာဝန်ထမ်းဆောင်နိုင်ရန် ဒီဇိုင်းထုတ်ထားခြင်းဖြစ်သည်။ Pantsir လက်နက်စနစ်သည် အထူးသဖြင့် အနိမ့်ပျံနှင့် အလွန်နိမ့်သောအခြေအနေမှ တိကျပဲ့ထိန်းလမ်းညွှန်စနစ်သုံး လက်နက်များဖြင့် အသုံးပြုတိုက်ခိုက်လာသည့် ရန်သူလေကြောင်းတိုက်ခိုက်မှုများမှ လေကြောင်းရန်ကာကွယ်ရေးတပ်ရင်းတပ်ဖွဲ့များကို ထပ်ဆောင်းအားဖြည့်အကာအကွယ်ပေးနိုင်သည်။

Pantsir လက်နက်စနစ်သည် အကွာအဝေး ကီလိုမီတာ ၂၀၊ အမြင့် ၁၅ ကီလိုမီတာတွင် ပျံသန်းဝင်ရောက်လာသော လေကြောင်းခြိမ်းခြောက်မှု ပစ်မှတ်များကို ပစ်ချနိုင်စွမ်းရှိပြီး မီလီမီတာ ၃၀ လေယာဉ်ပစ်အမြောက်ကြီးနှစ်စင်းနှင့် ဒုံးကျည် ၁၂ စင်းတို့ကို တပ်ဆင်ထားကြောင်း ရုရှားတပ်မတော် ဗိုလ်မှူးကြီး(အငြိမ်းစား) စစ်ရေးလေ့လာအကဲခတ်သူ Viktor Litovkin က Sputnik သတင်းဌာနသို့ ပြောကြားခဲ့သည်။



အဆင့်နှစ်ဆင့်သုံးအစိုင်အခဲလောင်စာ တပ်ဆင်ထားသည့် ဒုံးကျည် ၁၂ စင်းသည် တစ်စက္ကန့်လျှင် မီတာ ၁၃၀၀ နှုန်းထိ အရှိန်မြှင့်တင်ပျံသန်းနိုင်ပြီး တစ်စက္ကန့်လျှင် မီတာ ၁၀၀၀ ထိ ပျံသန်းဝင်ရောက်လာမည့် ရန်သူပစ်မှတ်များကို တိုက်ပွဲဝင်နိုင်စွမ်းရှိသည်။ အလေးချိန် ကီလိုဂရမ် ၂၀ ရှိ ထိပ်ဖူးတပ်ဆင်ထားသော အဆိုပါဒုံးကျည်သည် တောင်ပံပုံသေတပ်လေယာဉ်များ၊ ဒုံးကျည်များနှင့် အကြီးစားဒရုန်းများကဲ့သို့ ရန်သူပစ်မှတ်များကို ပေါက်ကွဲဖျက်ဆီးပစ်နိုင်ရန် ဒီဇိုင်းထုတ်ထားသည်။ ပစ်မှတ်ကိုထောက်လှမ်းသည့်အခါ တွင် Pantsir လက်နက်စနစ်သည် အမြင့် မီတာ ၆၀ အောက်နိမ့်သော အနိမ့်ပျံပစ်မှတ်များကို ခြေရာခံထိန်းကျောင်း၍ တိုက်ပွဲဝင်နိုင်ခြင်းမရှိသော အမေရိကန်ထုတ် Patriot လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်ထက် သာလွန်ကြောင်း စစ်ဘက်လေ့လာအကဲခတ်သူ Litovkin က အခိုင်အမာပြောကြားခဲ့သည်။

**What Makes Russia's Pantsir Air Defenses Second-to-None? ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ခန္တီးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ၁၇၀၉ ဧက စိုက်ပျိုးပြီးစီး


ယခင်နှစ်က မြေပဲစိုက်ခင်းကို တွေ့ရစဉ်။

**ခန္တီး ဖေဖော်ဝါရီ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင် ခန္တီးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ၁၇၀၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ခန္တီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ခန္တီးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ၁၁၁၉ ဧကစိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၇၀၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ခန္တီးမြို့နယ်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီ ဆီထွက်သီးနှံဧက ၁၁၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ လက်ရှိမှာတော့ ဧက ၁၇၀၀ ကျော် စိုက်ပျိုးပြီးပါပြီ။ ဒီနှစ် ဆီထွက်သီးနှံ စိုက်ပျိုးမှုအနေနဲ့ လျာထားဧကထက် ကျော်လွန်စိုက်နိုင်ခဲ့တယ်။ စားသုံးဆီဖူလုံဖို့အတွက် ဆီထွက်သီးနှံတိုးမြှင့်စိုက်ပျိုးဖို့ ဆောင်ရွက်နေပါတယ်" ဟု ခန္တီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုခိုင်က ပြောပြသည်။

ခန္တီးမြို့နယ်တွင် ဆီထွက်သီးနှံစိုက်ပျိုးပြီးစီးမှုအနေဖြင့် မြေပဲဧက ၁၃၅၀၊ ဆီမုန်ညင်း ၁၈၅ ဧက၊ နေကြာဧက ၁၂၀ နှင့် ပန်းနှမ်း ၅၄ ဧက စုစုပေါင်း ၁၇၀၉ ဧကဖြစ်ကြောင်း၊ လျာထားမှုအနေဖြင့် မြေပဲဧက ၇၅၀၊ ဆီမုန်ညင်း ၁၉၅ ဧက၊ နေကြာဧက ၁၂၀ နှင့် ပန်းနှမ်း ၅၄ ဧက စုစုပေါင်း ၁၁၁၉ ဧက ဖြစ်ကြောင်း သိရသည်။

ခန္တီးမြို့နယ်တွင် ဆီထွက်သီးနှံစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များစိုက်ပျိုးရန်၊ သီးထပ်သီးညှပ်ဖြင့် ဆီထွက်သီးနှံများ စိုက်ပျိုးထုတ်လုပ်ရန်အတွက် ပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (၂၀၆)

# ကျုံပျော်မြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၈၄၃၇ ဧက စိုက်ပျိုးမည်

**ကျုံပျော် ဖေဖော်ဝါရီ ၇**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ကျုံပျော်မြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၈၄၃၇ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ကျုံပျော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်က ပြောပြ၍ သိရသည်။

ကျုံပျော်မြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၈၄၃၇ ဧကကို ယခုနှစ် ဖေဖော်ဝါရီလ ဒုတိယပတ်တွင် စတင်လျာထား စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"အခုနှစ် နွေသီးနှံစိုက်ပျိုးရာသီမှာ စပါး ၁၈၄၃၇ ဧကလျာထား စိုက်ပျိုးသွားမှာဖြစ်ပါတယ်။ စိုက်ပျိုးရေးဦးစီးဌာနက နွေစပါးတွေ အခက်အခဲမရှိ လျာထားချက်အတိုင်း အဆင်ပြေပြေ စိုက်ပျိုးနိုင်ဖို့အတွက် ပိုးမွှားရောဂါကာကွယ်ရေးနည်းလမ်းနဲ့ စိုက်ပျိုးရေးနည်းပညာပေးလုပ်ငန်းတွေကို ကြိုတင်လုပ်ဆောင်ပေးနေပါတယ်။ စိုက်ပျိုးရေရရှိဖို့အတွက် ရေမြောင်းတွေ ပြန်လည်တူးဖော်တဲ့ လုပ်ငန်းတွေကိုလဲ တောင်သူတွေနဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်။ ဒါ့ပြင် ဓာတ်မြေဩဇာနဲ့ အခြားလိုအပ်တာတွေကိုလဲ သက်ဆိုင်ရာဌာနအဖွဲ့အစည်းတွေနဲ့ လိုအပ်သလို ချိတ်ဆက်ကူညီပေးထားပါတယ်" ဟု ကျုံပျော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်က ပြောပြသည်။


ယခင်နှစ်က စပါးစိုက်ခင်းကို တွေ့ရစဉ်။

ကျုံပျော်မြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၈၄၃၇ဧကကို ရက် ၉၀၊ သီးထပ်ရင်၊ နှစ်လခွဲစသည့် စပါးအမျိုးအစားများကို အများဆုံး စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ နွေစပါးများ ဖြစ်ထွန်းအောင်မြင်စေရန်၊ စပါးအရည်အသွေးကောင်းမွန်စေရန်၊ စပါးအထွက်နှုန်း ကောင်းလာစေရန်၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရန်၊ ရွှေခရု အန္တရာယ်ကာကွယ်စေရန် စသည့် အသိပညာပေးလုပ်ငန်းများကို စပါးများပြန်လည်ရိတ်သိမ်းချိန်ထိ နည်းပညာများဆက်လက်ဖြန့်ဝေပို့ချပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# ခရမ်းမြို့နယ် ဘိုကလေးကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းခင်းခြင်းဆောင်ရွက်နေမှု စစ်ဆေး

**ခရမ်း ဖေဖော်ဝါရီ ၇**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် ခရမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားစီးပွားရေးလုပ်ငန်းများ၏ ထုတ်ကုန်၊ ထွက်ကုန်များ ကုန်ကျစရိတ်သက်သာစွာဖြင့် ဈေးကွက်အတွင်းသို့ လျင်မြန်စွာရောက်ရှိစေရန် ရည်ရွယ်၍ ဘိုကလေးကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ခရမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ထားထားနိုင်နှင့် အင်ဂျင်နီယာဝန်ထမ်းများသည် ဘိုကလေးကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကုန်ထုတ်လမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားသည်။

ဘိုကလေးကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းသည် လမ်းအရှည် ၄ ဒသမ ၅၄၅ ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ ဂဝံမြေခင်းခြင်းလုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၅၄ ဒသမ ၉ သန်း အသုံးပြုကာ တင်ဒါအောင်မြင်သည့် ရွှေသံလွင်အားမာန်ကုမ္ပဏီက ၂၀၂၃ ခုနှစ် ဇူလိုင်လ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၈၇ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **ချိုသန်းညွန့်**




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၇-၂-၂၀၂၄

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၆၀၀၀၀/၁၆၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၅၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| နွေဧယာ(အသစ်) (တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၈၃၀၀၀/၈၅၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၂၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၃၀၀၀/၁၃၅၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၆၀၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၆၄၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၅၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၈၁၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၉၄၀ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)



# ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးကိုတည်ဆောက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံး အေးအတူပူအမျှ ဥမကွဲသိုက်မပျက် အတူတကွပေါင်းစည်းနေထိုင်လျက်ရှိသော ပြည်ထောင်စုကြီးဖြစ်ပါသည်။ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ရင်းနှီးချစ်ကြည်မှု၊ စည်းလုံးညီညွတ်မှု၊ စုစည်းလုပ်ဆောင်မှုတို့ဖြင့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကိုကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးကိုတည်ဆောက်သွားနိုင်ရန် ဦးတည်ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ ၂၀၂၃ ခုနှစ်၊ (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာမှကောက်နုတ်ချက်)**

၁၂-၂-၂၀၂၃

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန

ရက်စွဲ၊၁၃၈၅ခုနှစ်ပြာသိုလပြည့်ကျော်(၁၃ )ရက်
၂၀၂၄ခုနှစ်၊ ဖေဖော်ဝါရီလ(၇)ရက်

၁၃၈၅ ခုနှစ် (၂၀၂၄)ခုနှစ်၊ အစိုးရဓမ္မာစရိယစာမေးပွဲကို အောက်ပါအချိန်ဇယားအတိုင်း ကျင်းပမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်-

**အစိုးရဓမ္မာစရိယစာမေးပွဲအချိန်စာရင်း**

| ရက်စွဲ | အချိန် | ဘာသာ |
|---|---|---|
| ၁၃၈၅ ခုနှစ်၊တပေါင်းလပြည့်ကျော်(၄)ရက် (၂၈-၃-၂၀၂၄)ကြာသပတေးနေ့ | မွန်းတည့်(၁၂)နာရီမှ ညနေ (၄) နာရီအထိ | ကျမ်းရင်း ပါရာဇိကကဏ္ဍပါဠိအဋ္ဌကထာ (၁) |
| ၁၃၈၅ ခုနှစ်၊တပေါင်းလပြည့်ကျော်(၅)ရက် (၂၉-၃-၂၀၂၄)သောကြာနေ့ | မွန်းတည့်(၁၂)နာရီမှ ညနေ (၄) နာရီအထိ | ကျမ်းရင်းပါရာဇိကကဏ္ဍပါဠိအဋ္ဌကထာ (၂) |
| ၁၃၈၅ ခုနှစ်၊တပေါင်းလပြည့်ကျော်(၆)ရက် (၃၀-၃-၂၀၂၄)စနေနေ့ | မွန်းတည့်(၁၂)နာရီမှ ညနေ (၄) နာရီအထိ | ကျမ်းရင်း သီလက္ခန္ဓဝဂ္ဂပါဠိအဋ္ဌကထာ (၁) |
| ၁၃၈၅ ခုနှစ်၊တပေါင်းလပြည့်ကျော်(၇)ရက် (၃၁-၃-၂၀၂၄)၊ တနင်္ဂနွေနေ့ | မွန်းတည့်(၁၂)နာရီမှ ညနေ (၄) နာရီအထိ | ကျမ်းရင်း သီလက္ခန္ဓဝဂ္ဂပါဠိအဋ္ဌကထာ (၂) |
| ၁၃၈၅ ခုနှစ်၊တပေါင်းလပြည့်ကျော်(၈)ရက် (၁-၄-၂၀၂၄)၊တနင်္လာနေ့ | မွန်းတည့်(၁၂)နာရီမှ ညနေ (၄) နာရီအထိ | ကျမ်းရင်း ဓမ္မသင်္ဂဏီပါဠိအဋ္ဌကထာ (၁) |
| ၁၃၈၅ ခုနှစ်၊တပေါင်းလပြည့်ကျော်(၉)ရက် (၂-၄-၂၀၂၄)၊အင်္ဂါနေ့ | မွန်းတည့်(၁၂)နာရီမှ ညနေ (၄) နာရီအထိ | ကျမ်းရင်း ဓမ္မသင်္ဂဏီပါဠိအဋ္ဌကထာ (၂) |
| ၁၃၈၅ ခုနှစ်၊တပေါင်းလပြည့်ကျော်(၁၀)ရက် (၃-၄-၂၀၂၄)၊ ဗုဒ္ဓဟူးနေ့ | မွန်းတည့်(၁၂)နာရီ မှ ညနေ (၄) နာရီအထိ | **မြန်မာဂုဏ်ထူး** ပါစိတျာဒိပါဠိအဋ္ဌကထာ သုတ်မဟာဝါသုတ်ပါထိကပါဠိအဋ္ဌကထာ မဇ္ဈိမနိကာယပါဠိအဋ္ဌကထာ သံယုတ္တနိကာယပါဠိအဋ္ဌကထာ အင်္ဂုတ္တရနိကာယပါဠိအဋ္ဌကထာ ဝိဘင်္ဂပါဠိအဋ္ဌကထာ ပဋ္ဌာန်းဒိဂမ္ဘပါဠိအဋ္ဌကထာ |
| ၁၃၈၅ ခုနှစ်၊တပေါင်းလပြည့်ကျော်(၁၁)ရက် (၄-၄-၂၀၂၄)၊ ကြာသပတေးနေ့ | မွန်းတည့်(၁၂)နာရီမှ ညနေ (၄) နာရီအထိ | **ပါဠိဂုဏ်ထူး** ပါစိတျာဒိပါဠိအဋ္ဌကထာ (၁) သုတ်မဟာဝါသုတ်ပါထိကပါဠိအဋ္ဌကထာ(၁) ဝိဘင်္ဂပါဠိအဋ္ဌကထာ (၁) |
| ၁၃၈၅ ခုနှစ်၊တပေါင်းလပြည့်ကျော်(၁၂)ရက် (၅-၄-၂၀၂၄)၊ သောကြာနေ့ | မွန်းတည့်(၁၂)နာရီမှ ညနေ (၄) နာရီအထိ | **ပါဠိဂုဏ်ထူး** ပါစိတျာဒိပါဠိအဋ္ဌကထာ (၂) သုတ်မဟာဝါသုတ်ပါထိကပါဠိအဋ္ဌကထာ(၂) ဝိဘင်္ဂပါဠိအဋ္ဌကထာ (၂) |

သာသနာရေးဦးစီးဌာန

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန

ရက်စွဲ၊၁၃၈၅ ခုနှစ်ပြာသိုလပြည့်ကျော်(၁၃)ရက်
၂၀၂၄ ခုနှစ်၊ဖေဖော်ဝါရီလ(၇)ရက်

၁၃၈၅(၂၀၂၄)ခုနှစ်၊ ပါဠိပထမပြန်စာမေးပွဲ(ကြီး၊ လတ်၊ ငယ်၊ မူ)တန်းများကို အောက်ပါအချိန်စာရင်းအတိုင်းကျင်းပမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်-

**ပါဠိပထမပြန်စာမေးပွဲအချိန်စာရင်း**

| ရက်စွဲ | အချိန် | အတန်း | ဘာသာရပ် |
|---|---|---|---|
| ၁၃၈၅ ခုနှစ်၊တပေါင်းလပြည့်ကျော် (၁၀)ရက် (၃-၄-၂၀၂၄)၊ဗုဒ္ဓဟူးနေ့ | မွန်းတည့်(၁၂)နာရီ မှ ညနေ (၃)နာရီထိ | အခြေပြုမူလတန်း ပထမငယ်တန်း ပထမလတ်တန်း ပထမကြီးတန်း | ဝိနည်းကျင့်ဝတ်/ သုကုမာရမဂ္ဂဒီပနီ ဘိက္ခုပါတိမောက်ဘာသာ/ ဓမ္မပဒ ဒွေမာတိကာဘာသာ/ ဓမ္မပဒ ။ |
| ၁၃၈၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၁)ရက် (၄-၄-၂၀၂၄)၊ကြာသပတေးနေ့ | မွန်းတည့်(၁၂)နာရီ မှ ညနေ (၃)နာရီထိ | အခြေပြုမူလတန်း ပထမငယ်တန်း ပထမလတ်တန်း ပထမကြီးတန်း | ကစ္စည်းသဒ္ဒါကြီးဘာသာ ။ ။ ။ |
| ၁၃၈၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၂)ရက် (၅-၄-၂၀၂၄)၊သောကြာနေ့ | မွန်းတည့်(၁၂)နာရီ မှ ညနေ (၃)နာရီထိ | အခြေပြုမူလတန်း ပထမငယ်တန်း ပထမလတ်တန်း ပထမကြီးတန်း | အဘိဓမ္မတ္ထသင်္ဂဟဘာသာ ။ ။ ။ |
| ၁၃၈၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၃)ရက် (၆-၄-၂၀၂၄)၊စနေနေ့ | မွန်းတည့်(၁၂)နာရီ မှ ညနေ (၃)နာရီထိ | အခြေပြုမူလတန်း ပထမငယ်တန်း ပထမလတ်တန်း ပထမကြီးတန်း | တိကမာတိကာ တိကမာတိကာဒုကမာတိကာနှင့် ဓာတုကထာဘာသာ သုတ္တန္တိကမာတိကာနှင့်ဓာတုကထာ ဘာသာ အဘိဓာန်အလင်္ကာဆန်းဘာသာ |
| ၁၃၈၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၄)ရက် (၇-၄-၂၀၂၄)၊တနင်္ဂနွေနေ့ | မွန်းတည့်(၁၂)နာရီ မှ ညနေ (၃)နာရီထိ | ပထမငယ်တန်း ပထမလတ်တန်း ပထမကြီးတန်း | ဘာသာပြန်ဘာသာ ယမိုက်အောက်(၅)ကျမ်းဘာသာ ယမိုက်အထက်(၅)ကျမ်းဘာသာ |
| ၁၃၈၅ ခုနှစ်၊ တပေါင်းလကွယ်နေ့ (၈-၄-၂၀၂၄)၊တနင်္လာနေ့ | မွန်းတည့်(၁၂)နာရီ မှ ညနေ (၃)နာရီထိ | ပထမလတ်တန်း ပထမကြီးတန်း | ဘာသာပြန်ဘာသာ ပဋ္ဌာန်းကုသလတိက်ဘာသာ |
| ၁၃၈၅ ခုနှစ်၊ တန်ခူးလဆန်း(၁)ရက် (၉-၄-၂၀၂၄)၊အင်္ဂါနေ့ | မွန်းတည့်(၁၂)နာရီ မှ ညနေ (၃)နာရီထိ | ပထမကြီးတန်း | ဘာသာပြန်ဘာသာ |

မှတ်ချက်။ လူနှင့်သီလရှင်များသည် (၃-၄-၂၀၂၄)ရက်နေ့တွင် ဝိနည်းဘာသာအစားပထမကြီးတန်း၌ ဓမ္မပဒပါဠိ အဋ္ဌကထာ(သုခဝဂ်မှအဆုံးထိ)၊ ပထမလတ်တန်း၌ဓမ္မပဒပါဠိအဋ္ဌကထာ(ပဏ္ဍိတဝဂ်မှဗုဒ္ဓဝဂ်အဆုံးထိ)၊ ပထမငယ်တန်း၌ဓမ္မပဒပါဠိအဋ္ဌကထာ(အစမှဗာလဝဂ်အဆုံးထိ)၊ အခြေပြုမူလတန်း၌သုကုမာရမဂ္ဂဒီပနီ (လယ်တီ)တို့ကို ဖြေဆိုကြရန်ဖြစ်ပါသည်။

သာသနာရေးဦးစီးဌာန

---

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး နိုင်ငံတကာရေးရာနှင့် တားဆီးကာကွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထိန်လင်းအား အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး ကော်မရှင်ရုံးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

## သဇင်(FM) အသံလွှင့်အစီအစဉ်

**၈-၂-၂၀၂၄ (ကြာသပတေးနေ့)**

| | | |
|---|---|---|
| ၁။ | ၀၈း၂၀ | Morning Song |
| ၂။ | ၁၀း၀၀ | Internet Pages |
| ၃။ | ၁၃း၃၅ | Music Quiz |
| ၄။ | ၁၇း၀၀ | ကမ္ဘာကျော်တို့ အနုပညာခရီး |



# မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံဆက်ဆံရေးနှင့်နှစ်နိုင်ငံအကျိုးတူကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများပိုမိုမြှင့်တင်ရေးဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၇**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသံအမတ်ကြီး ဒေါက်တာ မိုဟာမက်မွန်(န)ဝါဟူစိန်ကို ယနေ့ညနေ ၅ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ညှိနှိုင်းခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံဆက်ဆံရေးနှင့်နှစ်နိုင်ငံအကျိုးတူကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ရေး၊ မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးအတွက် ပိုမိုနီးကပ်စွာပူးပေါင်းဆောင်ရွက်သွားရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# (၃၆)ကြိမ်မြောက် မဟာဘွဲ့နှင်းသဘင်အခမ်းအနားနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲအခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေး ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၇**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ကြီးမှူးကျင်းပပြီး မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် (၃၆)ကြိမ်မြောက် မဟာဘွဲ့နှင်းသဘင်အခမ်းအနားနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲအခမ်းအနားအောင်မြင်စွာကျင်းပနိုင်ရေး ဒုတိယအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီးရုံး နှစ်ထပ်ဆောင်အစည်းအဝေးခန်းမတွင်ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်တာဝန်ရှိသူများ၊တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။


ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးများ၊ လုပ်ငန်းကော်မတီများမှ တာဝန်ရှိသူများက မဟာဘွဲ့နှင်းသဘင်အခမ်းအနားအတွက် နေရာချထားမှု၊ ဆွမ်းဆန်စိမ်းလောင်းလှူရန် နေရာများကြိုတင်ပြင်ထားမှု၊ ပင့်သံဃာ ၁၁ ပါးနှင့် အထူးအောင်သံဃာ ၂၇ ပါးတို့ကို ဆွမ်းဆက်ကပ်သွားရန်စီစဉ်ထားရှိမှု၊ အလှူရှင်များ၏ လှူဒါန်းငွေများ လက်ခံရရှိမှုနှင့် လှူဒါန်းငွေများ ဆက်လက်လက်ခံနေမှုများနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**



# ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ် ဇရပ်ကြီးမြို့ရှိ နယ်မြေခံတပ်ရင်းကို KNLA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များက အင်အားအလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့ရာ တပ်မတော်သားများ၏ ရှုပ်ရှုပ်ချုံချုံခုခံတိုက်ခိုက်မှုကြောင့် အကျအဆုံးများစွာဖြင့် ဆုတ်ခွာထွက်ပြေး

ဇရပ်ကြီးမြို့ရှိ နယ်မြေခံတပ်ရင်းအား KNLA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက အင်အားအလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့သည့်နေရာပြပုံ




**နေပြည်တော် ဖေဖော်ဝါရီ ၇**

ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ် ဇရပ်ကြီးမြို့ရှိ နယ်မြေခံတပ်ရင်းကို KNLA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက ယနေ့နံနက် ၄ နာရီခန့်တွင် တပ်ရင်း၏ မြောက်ဘက်၊ အနောက်ဘက်နှင့်တောင်ဘက်တို့မှနေ၍ Drop Bomb များ၊ လက်နက်ကြီး၊ လက်နက်ငယ်များအသုံးပြု၍ အင်အားအလုံးအရင်းဖြင့် တိုက်ခိုက်ခဲ့ပြီး တစ်ချိန်တည်းတွင် မြို့ဆိုးတံတားလုံခြုံရေးစခန်းနှင့်နှစ်တန့်ကူးတံတားလုံခြုံရေးစခန်းများကို တိုက်ခိုက်မှုများပြုလုပ်ခဲ့သည်။

ထိုသို့ တိုက်ခိုက်မှုများဖြစ်ပွားချိန်တွင် နယ်မြေခံတပ်ရင်းမှ အရာရှိ၊စစ်သည်၊ရဲမေများက ရှုပ်ရှုပ်ချုံချုံပြန်လည်တွန်းလှန်တိုက်ခိုက်ခဲ့သည့်အပြင် တိုက်ခိုက်ခံရသည်နှင့်တစ်ပြိုင်နက် တပ်မတော်မှလေကြောင်းပစ်ကူ၊ လက်နက်ကြီးပစ်ကူများကိုဟန်ချက်ညီစွာဖြင့် ပစ်ကူပေးပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့ပြီး နေ့လယ်ပိုင်းတွင် စစ်ကူစစ်ကြောင်းများက တိုက်ခိုက်ခံရသည့် တပ်ရင်းဌာနချုပ်သို့ သွားရောက်ပူးပေါင်းနိုင်ခဲ့သည်။

အလားတူ တိုက်ပွဲဖြစ်ပွားချိန်တွင် နယ်မြေတည်ငြိမ်အေးချမ်းမှုကို လိုလားသည့် တာဝန်သိပြည်သူများ၏ သတင်းပေးပို့ချက်များအရ အကြမ်းဖက်သမားများ ခိုအောင်းနေသည့်နေရာများသို့ တိကျစွာဖြင့် ပစ်ခတ်နှိမ်နင်းမှုများပြုလုပ်ခဲ့ရာ KNLA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများ ထိခိုက်ကျဆုံးမှုများစွာဖြင့် မွန်းလွဲ ၂ နာရီခန့်တွင် အနောက်ဘက်နှင့်မြောက်ဘက်တို့သို့ ဖရိုဖရဲဖြင့် ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

ဖြစ်စဉ်တွင် မိမိဘက်မှစစ်သည်အချို့ ကျဆုံး၊ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး KNLA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများ၏အလောင်းနှင့်လက်နက်အချို့သိမ်းဆည်းရမိခဲ့ကာ အဆိုပါအကြမ်းဖက်သမားများ ဆုတ်ခွာထွက်ပြေးရာ နေရာများသို့ တပ်မတော်မှ သောင်းကျန်းသူချေမှုန်းမှုစစ်ဆင်ရေးများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် ဇရပ်ကြီးမြို့အတွင်း လိုအပ်သော လုံခြုံရေးလုပ်ငန်းများ ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

# (၇၇)နှစ်မြောက် ရှမ်းပြည်နယ်နေ့ အခမ်းအနားကို ကျိုင်းတုံမြို့၌ ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၇**

(၇၇)နှစ်မြောက် ရှမ်းပြည်နယ်နေ့ကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ မြို့တော်ခန်းမ၌ ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ခိုင်ဝင်းနှင့်အဖွဲ့ဝင်များ၊ တာဝန်ရှိသူများ၊ တိုင်းရင်းသားစာပေယဉ်ကျေးမှုအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံကို အလေးပြုကြသည်။ ထို့နောက် တိုင်းမှူးက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှပေးပို့သည့် (၇၇)နှစ်မြောက် ရှမ်းပြည်နယ်နေ့ သဝဏ်လွှာကိုဖတ်ကြားပြီးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်ထံမှပေးပို့သည့်သဝဏ်လွှာတို့ကို အသီးသီးဖတ်ကြားခဲ့ကြကြောင်း သတင်းရရှိသည်။



ကျိုင်းတုံမြို့၌ (၇၇)နှစ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနားကျင်းပစဉ်။

# လပြာသို

## မောင်လူမွေး(မြန်မာမှု)

**ပြာသိုလ၏အခြားထူးခြားသောပွဲမှာ “ရှင်တစ်ထောင်” အခါတော်နေ့ဖြစ်ပါသည်။ ဗုဒ္ဓဘုရားရှင်လက်ထက် ရသေ့ညီနောင်ရှင်တစ်ထောင်တို့သည် သူတို့၏ ရေငုပ် မီးလှုံ တုံးခုန် ဇယ်ခတ် စသည့် အယူလွဲ မိစ္ဆာဝါဒများစွန့်လွှတ်၍ ဗုဒ္ဓ၏မဇ္ဈိမပဋိပဒါ လမ်းစဉ်(ဝါ)ဗုဒ္ဓသာသနာအတွင်းသို့ ကူးပြောင်းရောက်ရှိလာကြသည်။ ထိုကိုအကြောင်းပြု၍ ပြာသိုလပြည့်နေ့တွင် ဘုရားရှင်ကိုရည်စူး၍ ဆီမီးတစ်ထောင်၊ ပန်းတစ်ထောင်၊ ဆွမ်းတော်တစ်ထောင်၊ ရေတော်ခွက်တစ်ထောင်၊ သစ်သီးတစ်ထောင် ပူဇော်ကြလေသည်။**

ပြာသိုလဝေါဟာရကို ရှေးပုဂံခေတ်က “ပွသိုဝ် လပွည်” (ငနွယ်သင်ကျောက်စာ သက္ကရာဇ် ၅၀၉ ခရစ် ၁၁၄၇)ပွသောဝ်လဆုတ် (အထောလက်ကျောက်စာ-သက္ကရာဇ် ၅၂၇) ပွသုဂ်လ (သူငွေပုခ်ဂူဘုရားကျောက်စာ သက္ကရာဇ် ၅၅၉) ပွါသိုလ်လ (ပေိုက်သင်လင်မယား ကျောက်စာ) ပြတ်သိုဝ်လ (သိစ်ဆိမ့်မင်းတုရင်သိန်းစည်းကျောင်း ကျောက်စာသက္ကရာဇ် ၇၉၂) စသည်ဖြင့် ရေးထိုးခဲ့ကြရာ ယခင်လများက တင်ပြခဲ့သည့်အတိုင်း မြန်မာစာအရေးအသားသတ်ပုံသတ်ညွှန်း မတည်ငြိမ်သေးရကာ ရေးနည်းရေးဟန် ကွဲပြားနေပေသေးသည်ဟု ဆိုရပါမည်။

သက္ကရာဇ် ၉၀၇- သင်တော်သွေးရခိုင်ကျောက်စာတွင် (သကြခ် ၉၀၇ ပြာသိုလွှတ် တရက်) ဟု ရေးထိုးချက်ကိုတွေ့ရရာ နှောင်းခေတ်ရေးထုံးများအတိုင်း ပြာသိုလအရေး တည်ငြိမ်ဖြစ်လာသည်ကို တွေ့ရပေသည်။ (ခရစ် ၁၈-၁၂-၁၅၄၅)

ပုဂံခေတ်က က၊ ခ၊ ပ၊ ဖ၊ မ ဗျည်းတို့တွင် လဆွဲ၍ ရေးကြလေသည်။ ပြောသံဖတ်ရွတ်သံ အတိုင်းကျအောင် ရေးခြင်းပင်ဖြစ်တန်ရာ၏။ မြန်မာနှင့်မျိုးနွယ်တူ တိဗက်၊ ချင်း၊ မွန်၊ ဗမာ၊ ထိုင်း၊ ပသျှူး ဘာသာစုများတွင်လည်း ဗျည်းရွတ်ဖတ်သောအခါ “လ” သံယှဉ်၍ ပြောဆိုကြ၏။ ထားဝယ်ဒေသိယစကားများတွင် ကွ္လား(ကျား)၊ ကွေ္လာန်း(ကျောင်း)၊ ခွ္လေ(ချေး)၊ ခွေ္လါန်(ချောင်း)၊ အပွ္လါ(အပြာ)၊ အဖွ္လူ(အဖြူ)၊ မွ္လေ(မြေ)၊ မွ္လစ်(မြစ်)စသည်ဖြင့် ရှေးပုဂံခေတ်ကသို့ပင် ဗျည်းတွင် လ ယှဉ်သံကို သုံး၍ ပြောကြသည်ကို သိနိုင်လေသည်။

ထိုပင့်ရစ် သတ်ပုံတွင် လ ဖျောက်၍ ရေးသားလာသောကာလကို သက္ကရာဇ် ၈၀၄ ခုနှစ် ရေးထိုးသော ပုဂံမြို့တက်နွယ်ကျောင်း ကျောက်စာကို သုတေသနပြု၍ ရ ရစ် ယပင့် သံယုဂ် ယနေ့ ရေးထုံးပုံသဏ္ဌာန်ဖြစ်ပေါ်လာကြောင်း တည်ငြိမ်ပြီဖြစ်လာကြောင်းကို ဆရာကြီး ဦးဖိုးလတ်က သုံးသပ်ထားသည်ကို တွေ့ရပါ၏။

အထက်ဖော်ပြပါ သင်တော်သွေး ရခိုင်ကျောက်စာ (၉၀၇)သည် ထိုအဆိုကို အထောက်အကူပြုပေသည်။ ပြာသိုရေးထုံးကို ဤမျှနှင့်အကျဉ်းတင်ပြပြီး ဝေါဟာရ အဓိပ္ပာယ်ကို တင်ပြပါဦးမည်။

လေ့သင်းအတွင်းဝန်ဦးချိန်၏ဝေါဟာရလိနတ္ထဒီပနီတွင် မြန်မာဘာသာ “ပြာသိုလ” ဟု ခေါ်ဝေါ်သည်မှာ အမရကောသ အဘိဓာန်လာ “ဖုဿျယုတ္တာပုဏ္ဏမာသီပေါ်ပိ” ဟူ၍ လာသည်။ ဖုဿနက္ခတ်နှင့်ယှဉ်၍ လပြည့်သောနေ့သည် “ပေါ်ပိ” မည်၏ ဆိုသည်။ ထိုမှ တစ်ပါး ရာဇမတ္တဏ်ကျမ်းတွင်လည်း “ပေါသီဦး ပြာသိုလ” ဟု အနက်ဆိုသည်။ ထိုပေါသီပင် သက္ကတအလို ရရစ်နှင့် “ပြောသီ ” ဖြစ်သည်။ ကာလရှည်ကြာသောအခါ “ပြောသီ”မှ “ပြာသို” ဖြစ်လာသည်။ “ပရသီတလံ အတ္တောတီတိပြာသို” ဟူ၍လည်း ပါဠိဝိဂြိုဟ်ကြံကြကုန်၏။ ဘာသာပြန်ပါက တစ်ပါးသောလများထက် လွန်ကဲထူးခြားစွာချမ်းအေးသောလဟု အဓိပ္ပာယ်ရ၏။ ထို့ကြောင့် “ပြာသို” မည်၏ဟု အကျယ်တဝင့် ဖွင့်ဆိုထားလေသည်။ ဤ၌ ဖော်ပြပါပါဠိသက္ကတဘာသာမှ ပါဠိပျက်-ပါဠိသက် သက္ကတမှ ဆက်နွယ်မှုအကြောင်းပြု၍ ပြာသိုဝေါဟာရ ခေါ်ဝေါ်ခြင်းဟုတ်မဟုတ်ကို မစောကြောတော့ဘဲ ဗဟုသုတအနေနှင့်သာ တင်ပြခြင်းဖြစ်ပါသည်။

ဆရာကြီးဦးဖိုးလတ်၏ ပြာသိုလအဖွင့်ကမူ တိဗက်၊ တရုတ်၊ မြန်မာမျိုးနွယ်စုများမှသည် တိုင်းရင်းသားအသီးသီးတို့၏ ဝေါဟာရဇာစ်မြစ်များကိုအခြေခံ၍ “သ်ပြ-ပြာ-ပွ္လ-ပွ္လါ”အသံထွက်ဝေါဟာရမှာ “တောက်လောင်ခြင်း” အနက်အဓိပ္ပာယ်ရှိကြောင်း “ပ”၏ အဓိပ္ပာယ်မှာ တောက်လောင်၊ လောင်ကျွမ်း၊ ရှို့-မြိုက်၊ လှော်ကင်၊ နေလှန်းအဓိပ္ပာယ်ဆောင်ကြောင်းကို ဖော်ပြထားလေသည်။ မြန်မာတိုင်းရင်းသားများ ဖြစ်ကြသော လီဆူ၊ ချင်း၊ ကရင်၊ နာဂ၊ မူဆိုး၊ ရှီယင်၊ မွန်၊ ကချင် စသည်တို့၏ အသံထွက်အရလည်း ပြာ၏ အဓိပ္ပာယ်မှာ- ထွန်းလင်း၊ တောက်ပ၊ လောင်ကျွမ်းသော သဘောများကိုဆောင်ကြောင်းကို အကိုးသာဓကများပြပြီး ကောက်ချက်ချရာတွင် ပြာမှာ-ပျားဖယောင်း၊ ဖယောင်းကိုဆိုလိုကြောင်း ဖော်ပြထားလေသည်။

“သို” မှာလည်း ထို့အတူ တိဗက်၊ တရုတ်၊ မြန်မာ၊ လာအို၊ထိုင်းနိုင်ငံများ၏ဝေါဟာရ ဇာစ်မြစ်အရ “အဆီ” ဟောပုဒ်ဖြစ်ကြောင်း မြန်မာတိုင်းရင်းသားများဖြစ်ကြသော ကချင်၊ ချင်း၊ မွန်၊ ရှမ်း စသည်မျိုးနွယ်စုများတွင် အဆီဟောပုဒ်ကို “သို” ဟု ခေါ်ဆိုကြောင်းများကို ဖွင့်ဆိုထားလေသည်။

ရှေးအခါက မီးထွန်းဖို့ရာတွင် ပျားဖယောင်းသည် အဓိကဖြစ်ပေသည်။ ပြာသိုလသည် ပျားဖယောင်းလှိုင်လှိုင်ထွက်သော ကာလဖြစ်ပေသည်။ ဤသို့သော အကြောင်းခြင်းရာ အချက်အလက်များကို ကိုးကား၍ ဆရာကြီးဦးဖိုးလတ်က ပြာသိုဝေါဟာရ အဘိဓာန်ကို-

“ပြာသို(ကျောက်စာ-ပွ္လသိုလ်၊ ပွ္လသိုလ်၊ ပွ္လါသိုလ်၊ ပြသိုဝ်)ဦးဖယောင်း၊ ပျားဖယောင်း၊ ပျားဖယောင်းစု၍ အရဆုံးသောလ၊ ပျားဖယောင်းလ၊ မြန်မာ့ဆယ့်နှစ်လတို့တွင် ဒသမလ၊ မကာရရာသီ” ဟု ဖွင့်ဆိုထားလေသည်။

ဤသို့ဖွင့်ဆိုရာ၌ မကာရရာသီကိုပါတွဲ၍ ဖော်ပြထားသည်ကို သတိမူရာ၏။ ဆယ့်နှစ်လရာသီတွင် အယန နှစ်ပါးကိုအကြောင်းပြု၍ အပူအအေး မိုးလေအကျ ဥတု-ရတု တို့ကို မှတ်သားပြီးလျှင် ရှေးအခါက သမားတော်ကြီးများက ဆေးဝါးကုသကြကုန်၏။ ပြာသိုလသည် မကာရရာသီတွင် ပါဝင်၏။ ဟေမန္တဆောင်းဥတု သိသိရ-ရတုတွင် ပါဝင်၊ ရှေးမြန်မာကြီးများသည် ဆေးသမားလည်း ဆေးသမားအလျောက်၊ စာဆိုကလည်း စာဆိုအမြင်၊ ဝေဒပညာရှင်များကလည်း ကောင်းကင်အမြင်နက္ခတ်စဉ် စသည့်မြန်မာမှုများကို ရေးပြုမှတ်တမ်းတင်ပြခဲ့ကြကုန်၏။

မကာရရာသီသဘောမှာ ကုန်းတစ်ပိုင်း ရေတစ်ပိုင်း ပုံသဏ္ဌာန်ဖြစ်၏။ ထိုကို ပါဠိပျက်အနေဖြင့် “မကာန်း” ဟု ခေါ်ရေး၏။ ထိုမကာရရာသီသို့ တနင်္ဂနွေဂြိုဟ်ရောက်သောအခါ (ကောင်းကင်လမ်း ဒိက္ခိဏာယာဉ်) ဆန့်ကျင်ဘက် ပထဝီအိမ် ပုစ္ဆန်တာရာ အဝိုင်းအဝန်းရှိ ကရကဋ်ရာသီတွင် ဖုဿနက္ခတ်နှင့် စန်းယှဉ်သော အခါ ပြာသိုလပြည့်၏။

“ပုဏ္ဏမာ ဖုဿျငယ် ယုန်စန္ဒာနှင့်၊ မှုန်ပြာပြာဝင္ကာတွင်းမှာလ၊ ငွေပုစ္ဆန်တာရာလင်းတယ်၊ နှင်းမြူပိတ်ဖုံး” ဆိုသည့် ပြာသိုလကား ဆောင်းဥတုအလယ် နှင်းထူပြော အအေးဓာတ်လွန်ကဲသောအခါဖြစ်၏။

“. . . ပြာသိုတပို့တွဲ၊ စိုရွဲငွေနှင်း၊ သုတ်လေညှင်းနှင့်၊ ယင်းနှစ်လကြား၊ ရှစ်ရက်အားဖြင့်၊ တပါးထိုမျို၊ တပို့တပေါင်း၊ ရှေးနှောင်းအညီ၊ လေးရက်စီလည်း၊ ပထဏီမှတ်၊ အန္တရဋ်ဟု၊ ပညတ်နာမ၊ ကြားရစ်ညဉ့်၊ တောက်ပလင်းဟုန်၊ တက်အရုဏ်ဝယ်၊ ခိုက်တုန်လွန်ကဲ၊ အေးစမြဲတည့်” (မယဒေဝ-၁၁၁) စသည်ဖြင့် ပြာသိုလချမ်းအေးပုံကို ရှေးစာပေများတွင် ရေးဖွဲ့ခဲ့ကြရာ ပထမတင်ပြခဲ့သော လေ့သင်းအတွင်းဝန်ဦးချိန်၏ ပရသီတလံ အခြားသောလများထက်လွန်ကဲစွာချမ်းအေးသောကြောင့် ပြာသိုမည်၏။ ပါဠိဝိဂြိုဟ်ကြံ သက္ကတဟန်သည်လည်း ယုတ္တိရှိဟုတ်ယောင်နိုးထင်ရပါ၏။ သို့သော်ဆရာကြီးဦးဖိုးလတ်၏ သုတေသနပြုချက် ဖယောင်းစုဆောင်းသော ကာလမှ “ပြာသို” ဝေါဟာရ၏ ဖြစ်လာသည်ဟူသော အဆိုကို ယုတ္တိသာဓက ပြည့်စုံသည်ဟု ဆိုချင်ပါသည်။

ထိုကဲ့သို့ အေးသောကာလတွင် ကိုယ်လက်လှုပ်ရှားရသော မြင်းခင်းသဘင်ကို ရှေးအစဉ်အလာလုပ်ဆောင်ချက်များစွာလည်း မြန်မာ့သဘာဝနှင့် ကိုက်ညီသည့်ပွဲဟု ဆိုရပါမည်။

မြန်မာ့စစ်ရေးတွင် ဆင်၊ မြင်း၊ ရထား၊ ခြေသည်အားဆိုသည့်အတိုင်း ဆင်ခင်းမြင်းခင်းသည် အဓိကအရေးပါသောအရာဖြစ်ပေသည်။ မြင်းခင်းသဘင်ဟု ဆိုသော်လည်း ကုန်ခဲ့သည့် နတ်တော်လက ဆင်ဖမ်းပွဲမှရရှိသော သို့မဟုတ် ယခင်လေ့ကျင့်ပြီးသော ဆင်များအပါအဝင် ဆင်ခင်း၊ မြင်းခင်း၊ လေးခင်း၊ ဓားခုတ်လှံထိုး၊ စက်ထိုး၊ ဗလီခတ်၊ သိုင်းအမျိုးမျိုးတို့ အဆင့်ဆင့်ကျင်းပသော ပွဲတော်ဖြစ်ပေသည်။ မြန်မာဓားရေး ၃၇-ချင်း၊ လှံရေး ၃၇-ချင်း၊ အဲမောင်းရေး ၃၇-ချင်း စသည်တို့မှာ ဤပြာသိုလမြင်းခင်းပွဲတော်မှ ပေါ်ပေါက်လာသော စာပေများဖြစ်သည်။

“ခါးပတ်တော်မှာ ရွှေချည်စုံ၊ မိုင်းလုံရွှေဝတ်လုံ၊ မလုံသာချမ်းအေးမြ” အစချီသော မြင်းခင်းတော်ဘွဲ့ကြီးသည် ပင်းယခေတ်တစ်စီးရှင် သီဟသူလက်ထက် သက္ကရာဇ်-၆၇၄ နှစ်စဉ် ပေါ်ပေါက်ခဲ့သည်ဟု သုတေသီများက မှတ်ချက်ကိုတွေ့ရပေသည်။”

ကုန်းဘောင်ခေတ် ဘိုးတော်ဘုရားလက်ထက် မောင်းထောင်သာသနာပိုင် ဆရာတော်ဖြေကြားတော်မူသော အမေးတော်ဖြေကျမ်းတွင် ဇာတ်နိပါတ်တော်လာအကြောင်းအရာများကိုညွှန်းဆိုပြီး ဒုတိယအင်းဝခေတ်၊ ညောင်ရမ်းမင်းလက်ထက် ပေါ်ပေါက်ခဲ့သည်ဟု ဖြေကြားတော်မူထားသည်ကို တွေ့ရပေသည်။

မြင်းခင်းသဘင်နှင့် ဆက်စပ်၍ စာဆိုကွမ်းရေတော်ကိုင်ဦးယာ၏ လူးတား၊ မဟာမင်္ဂလာသကြိန်၏ အဲမောင်းရေး ၃၇-ချင်းသံပေါက်၊ မြင်းစီးနည်း ၃၇-ချင်း၊ လောကဗျူဟာ အင်ရုံစာတမ်း၊ ရတနာပုံခေတ် မြင်းခင်းသဘင်(ကုန်းဘောင်ဆက် မဟာရာဇဝင်ကြီး) စသည်တို့တွင် ရှေးခေတ်မြင်းခင်းသဘင်၊ မင်းညီမင်းသားများ၊ စစ်ရေးတွင် ပြည်သူများပါဝင်မှုများကို အကျယ်တဝင့် လေ့လာသိရှိနိုင်ပေသည်။

ရှေးမြန်မာဘုရင်များသည် ဤမြင်းခင်းသဘင်ကို ပျော်ပွဲရွှင်ပွဲမျိုးလုပ်ခြင်းမဟုတ်ဘဲ တိုင်းပြည်ကာကွယ်ရေးကိုရှေးရှု၍ ကျင်းပခဲ့ကြသည်ဟု ဆိုနိုင်ရာ၏။ လူစွမ်းကောင်းများပေါ်ထွက်ရေး၊ သက်လုံကောင်းရေးတို့သည် ဤပွဲမှုများစွာအကြောင်းပြုပေသည်။ မြန်မာ့သမိုင်းစဉ်တွင် တိုင်းတစ်ပါးတို့နှင့်စစ်ရေးဖြစ်ခဲ့ကြတိုင်း အောင်မြင်ခဲ့ကြသည်မှာ ဤအကြောင်းအရာနှင့်ဆက်စပ်နေသည်ဟုဆိုနိုင်ရာ၏။ မြန်မာနိုင်ငံသည် လူဦးရေသန်းပေါင်းများစွာ ပြည့်နှက်နေသော တိုင်းပြည်ကြီးနှစ်ပြည်ကြား လူဦးရေပေါက်ကွဲနေသော နိုင်ငံနှင့် အခြားတိုင်းပြည်များကြားတွင် တည်ရှိနေသော နိုင်ငံဖြစ်ရာ စစ်ရေးဆိုင်ရာတွင် အမြဲသက်လုံကောင်းရန် လိုအပ်ပေသည်။

ထိုပွဲမျိုးကို (Paradigm အနေဖြင့်) မည်သို့ဆင်ယင်ကျင်းပသင့်သည်ကို စဉ်းစားရာ၏။ မည်သို့ဖြစ်စေ မြန်မာနိုင်ငံသည် နှစ်ပေါင်းတစ်ထောင်ကျော်တိုင် အမျိုးဘာသာသာသနာနှင့်ကိုယ့်မင်းကိုယ့်ချင်း ရပ်တည်နေနိုင်သည့် အကျိုးဆက်များသည် ရှေးမြန်မာများ၏ အမျိုးသားရေးစိတ်ဓာတ်နှင့်စစ်ရေးသက်လုံကောင်းမှုကြောင့်ဟု ဆိုရပါမည်။

ပြာသိုလ၏ အခြားထူးခြားသောပွဲမှာ “ရှင်တစ်ထောင်” အခါတော်နေ့ဖြစ်ပါသည်။ ဗုဒ္ဓဘုရားရှင်လက်ထက် ရသေ့ညီနောင် ရှင်တစ်ထောင်တို့သည် သူတို့၏ ရေငုပ် မီးလှုံ တုံးခုန် ဇယ်ခတ် စသည့် အယူလွဲ မိစ္ဆာဝါဒများစွန့်လွှတ်၍ ဗုဒ္ဓ၏မဇ္ဈိမပဋိပဒါ လမ်းစဉ်(ဝါ)ဗုဒ္ဓသာသနာအတွင်းသို့ ကူးပြောင်းရောက်ရှိလာကြသည်။ ထိုကိုအကြောင်းပြု၍ ပြာသိုလပြည့်နေ့တွင် ဘုရားရှင်ကိုရည်စူး၍ ဆီမီးတစ်ထောင်၊ ပန်းတစ်ထောင်၊ ဆွမ်းတော်တစ်ထောင်၊ ရေတော်ခွက် တစ်ထောင်၊ သစ်သီးတစ်ထောင်ပူဇော်ကြလေသည်။ ဤပူဇော်ပွဲအကြောင်းကို ရှေးဟောင်းစာပေမှတ်တမ်းမှတ်ရာများ၌ ထူးထူးခြားခြားစီစဉ်ရေးသားမှုမတွေ့ရပေ။

မာဃဓီသာစည်ဆရာတော် ဘုရားရှိစဉ် ၁၂-လရာသီမင်္ဂလာအခါတော်နေ့များကျင်းပကြရာမှ ပေါ်ပေါက်လာသည်ဟုသိရပါသည်။ မင်္ဂလာဗျူဟာအသင်းချုပ်ကြီး၏ မင်္ဂလာအခါတော်နေ့များတွင်လည်းသီးခြားဖော်ပြထားသည်ကို မတွေ့ရပေ။ (မင်္ဂလာဗျူဟာအသင်းကို ၁၉-၅-၁၉၅၆ ခုနှစ်တွင် တည်ထောင်ခဲ့ပါသည်။) မည်သို့ဖြစ်စေ ဗုဒ္ဓဘာသာယဉ်ကျေးမှုအရ ကောင်းမြတ်သော ကုသိုလ်မှုတစ်ခုပါပေ။ အနာဂတ်လူငယ်များအတွက် စုပေါင်းကုသိုလ်ပြုမှုပေါင်းသင်းဆက်ဆံရေး ကျယ်ပြန့်မှုများကိုဖြစ်စေသော အကြောင်းအရာအချက်အလက်ဖြစ်ပေသည်။

ဗုဒ္ဓဘာသာတို့သည် အနန္တောအနန္တငါးပါးကို ဦးထိပ်ထားကြပါ၏။ ထိုအထဲတွင် မာတာပိတုဂုဏောအနန္တောဆိုသည့်အတိုင်း မိဘတို့၏ဂုဏ်ကျေးဇူးကို အထူးအောက်မေ့ သတိပြုနှလုံးမူကြရိုးရှိပါသည်။ ဤသည်ကို ဘာသာရေးအကြောင်းအရာနှင့်ဆက်စပ်မှုသာမက ဆရာကြီးအကယ်ဒမီဦးသုခ၏ ကြိုးပမ်းအားထုတ်မှုကြောင့် အမေများနေ့အဖြစ် ယဉ်ကျေးမှုအနေနှင့်ပါ ဖြစ်ပေါ်လာခဲ့ပါသည်။ ပြာသိုလ၏လရာသီပွဲများတွင် ဘာသာရေး၊ အမျိုးသားရေးယဉ်ကျေးမှုများဖြင့် အစဉ်ထုံမွမ်းပါစေသတည်း။ ။

# PDF အမည်ခံအကြမ်းဖက်သမားများက မင်းကင်းမြို့နယ် ကံကျေးရွာအတွင်းသို့ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် အကြောင်းမဲ့လာရောက်ပစ်ခတ်ခဲ့မှုကြောင့် အပြစ်မဲ့အရပ်သားပြည်သူ အမျိုးသား လေးဦး သေဆုံး

PDF အမည်ခံ အကြမ်းဖက်သမားများက မင်းကင်းမြို့နယ်၊ ကံကျေးရွာအတွင်းသို့ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့သည့် နေရာပြပုံ




**နေပြည်တော် ဖေဖော်ဝါရီ ၇**

စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ် ကံကျေးရွာအတွင်းသို့ PDF အမည်ခံ အကြမ်းဖက်သမားများက ယနေ့နံနက်ပိုင်းတွင် လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် အကြောင်းမဲ့ လာရောက်ပစ်ခတ်ခဲ့မှုကြောင့် အပြစ်မဲ့အရပ်သားပြည်သူအမျိုးသားလေးဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ PDF အမည်ခံအကြမ်းဖက်သမားများက ယနေ့နံနက် ၆ နာရီခန့်တွင် ကံကျေးရွာ၏ အနောက်ဘက် မီတာ ၄၀၀ ခန့်အကွာမှနေ၍ ကျေးရွာအတွင်းသို့ ၄၀ မမ ဗုံးပစ်လောင်ချာများ၊ လက်နက်ငယ်များဖြင့် အကြောင်းမဲ့ပစ်ခတ်ခဲ့မှုကြောင့် ကျေးရွာအတွင်း နေထိုင်လျက်ရှိသည့် အပြစ်မဲ့အရပ်သားပြည်သူအမျိုးသားလေးဦး ဗုံးစထိမှန်ဒဏ်ရာများဖြင့် သေဆုံးခဲ့သည်။ ထို့ပြင် အဆိုပါအကြမ်းဖက်သမားများသည် ကျေးရွာ၏အနောက်ဘက်ခြမ်းသို့ ဝင်ရောက်ကာ လူနေအိမ်များကို မီးရှို့ဖျက်ဆီးသွားခဲ့သဖြင့် လူနေအိမ် ၃၅ လုံးခန့် မီးလောင်ပျက်စီးသွားခဲ့ပြီး ၎င်းတို့ လာရာလမ်းအတိုင်း ပြန်လည်ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်း သိရသည်။

PDF အမည်ခံအကြမ်းဖက်သမားများ၏ ယခုကဲ့သို့ မြို့ရွာ လူနေရပ်ကွက်များအတွင်းသို့ အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်မှုများကြောင့် အပြစ်မဲ့ဒေသခံပြည်သူ သေဆုံးမှုများ မကြာခဏဖြစ်ပေါ်လျက်ရှိပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်းနှင့် ဖြစ်စဉ်ဖြစ်ပွားရာနေရာတစ်ဝိုက်ကို လိုအပ်သော လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

# Online လောင်းကစားမှုများ၊ ငွေကြေးခဝါချမှုများနှင့် အလိုရှိသည့် ဦးကျော်လွင်(ဘ)ဦးအလီအား ဥပဒေအရ အရေးယူရန် ဖမ်းဝရမ်းထုတ်ဆင့်ခြင်း

**နေပြည်တော် ဖေဖော်ဝါရီ ၇**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့ အင်္ဂါဝါရပ်ကွက် ပိတောက်လမ်း အမှတ် (၂၅၀)နေ ဦးကျော်လွင်(ဘ)ဦးအလီသည် တရားမဝင် Online လောင်းကစားမှုများ ပြုလုပ်ခြင်း၊ယင်းတရားမဝင် လောင်းကစားမှုများမှရရှိသော ငွေကြေးများ၊ ပစ္စည်းများကို အသွင်ပြောင်းလဲခြင်း၊ ဖုံးကွယ်ခြင်းများ ပြုလုပ်သည်ဟု သံသယဖြစ်ဖွယ်ရာတွေ့ရှိရခြင်းများကြောင့် ၎င်းကို ဥပဒေအရ အရေးယူရန် ယနေ့တွင် ကော့သောင်းခရိုင်တရားရုံးက ဖမ်းဝရမ်းထုတ်ဆင့်ထားကြောင်း သက်ဆိုင်ရာမှ သတင်းရရှိသည်။



ဦးကျော်လွင်

# မြင်းခြံမြို့နယ် ကန်ဆွယ်ကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များကမီးတင်ရှို့ပြီး စစ်ဘေးရှောင်ပြည်သူ ၃၀၀ ခန့်ကို ဓားစာခံအဖြစ်ဖမ်းဆီးထားကြောင်း သတင်းတု၊ သတင်းမှားများကို မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၇**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ကန်ဆွယ်ကျေးရွာကို ဖေဖော်ဝါရီ ၅ ရက်က လုံခြုံရေးတပ်ဖွဲ့ဝင်များ ၎င်းကျေးရွာအတွင်းသို့ ဝင်ရောက်ခဲ့ရာ PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက ဒရုန်းနှင့် ဗုံးကြဲတိုက်ခိုက်ခဲ့ခြင်းကြောင့် ကန်ဆွယ်ကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးတင်ရှို့နေပြီး ဘုန်းကြီးကျောင်းတွင် တိမ်းရှောင်နေသည့် ပြည်သူ ၃၀၀ ခန့်ကိုလည်း ဓားစာခံများအဖြစ် ဖမ်းဆီးထားရှိကြောင်း သတင်းတု၊ သတင်းမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာ Khit Thit က ပြည်သူများ အထင်အမြင်လွဲမှားစေရန် မဟုတ်မမှန် လိမ်လည်ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။




အဆိုပါသတင်းနှင့်ပတ်သက်၍ ဒေသခံပြည်သူတစ်ဦးထံ ဆက်သွယ်မေးမြန်း ပြောကြားချက်အရ ၎င်းရက်တွင် ကန်ဆွယ်ကျေးရွာအနီး၌ နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများနှစ်ဖက် ထိတွေ့မှုဖြစ်ပွားခဲ့ကြောင်း သိရှိရပြီး ဒေသခံပြည်သူများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးထားခြင်းမရှိကြောင်း သိရသည်။

တရားမဝင် ပြည်ဖျက်မီဒီယာများက မြေပြင်ဖြစ်စဉ်သတင်းများကို အခြေခံကာ ပြည်သူများကို သတင်းအမှန်များချပြရေးသားခြင်းမရှိဘဲ တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန် သတင်းတု၊ သတင်းမှားများဖြင့် လိမ်လည်ရေးသားဝါဒဖြန့်နေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

# ရေဦးမြို့နယ် ကုက္ကိုစုကျေးရွာမှ ပြည်သူနှစ်ဦးကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးညှဉ်းပန်းနှိပ်စက်ပြီး လည်လှီးသတ်ဖြတ်ခဲ့ကြောင်း သတင်းမှားများကို လုပ်ကြံရေးသားဝါဒဖြန့်ချိလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ် ကုက္ကိုစုကျေးရွာမှ ပြည်သူနှစ်ဦးကို ဖေဖော်ဝါရီ ၆ ရက်က လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးညှဉ်းပန်းနှိပ်စက်ပြီးသတ်ဖြတ်သွားခဲ့ကြောင်းကို PDF အမည်ခံအကြမ်းဖက်အဖွဲ့၏ တာဝန်ခံတစ်ဦးက ပြောကြားခဲ့သည်ဟု သတင်းမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက လူမှုကွန်ရက်ပေါ်တွင် မဟုတ်မမှန်ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ ရေဦးမြို့နယ် ကုက္ကိုစုကျေးရွာအနီးတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များကို PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများက ၎င်းတို့ ချောင်းမြောင်းတိုက်ခိုက်ရန်အတွက် ကြိုတင်ပြင်ဆင်လုပ်ဆောင်နေမှုများ သတင်းပေါက်ကြားခဲ့သည်ဟု အကြောင်းပြချက်ဖြင့် အဆိုပါကုက္ကိုစုကျေးရွာမှ ရွာသားများကို ခြိမ်းခြောက်ပြောဆိုခဲ့ပြီး ရွာသား နှစ်ဦးကို ဒလန်ဟုစွပ်စွဲသတ်ဖြတ်သွားခဲ့ကြောင်း အကြမ်းဖက်လုပ်ရပ်များကိုလက်မခံသည့် ဒေသခံတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် နယ်မြေလုံခြုံရေးနှင့် ရပ်ရွာတည်ငြိမ်အေးချမ်းရေးကို ပြည်သူလူထုနှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ တရားမဝင်ပြည်ဖျက်မီဒီယာများက အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေရန်အတွက် လုပ်ကြံရေးသား ဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။




# ရပ်ရွာကာကွယ်ရေးအဖွဲ့ဝင်များက PDF အမည်ခံအကြမ်းဖက်သမား နှစ်ဦးကို အရှင်လတ်လတ် မီးရှို့သတ်ဖြတ်သည်ဟု တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် လုပ်ကြံဝါဒဖြန့်




**နေပြည်တော် ဖေဖော်ဝါရီ ၇**

တရားမဝင် ပြည်ဖျက်မီဒီယာများ အနေဖြင့် လူမှုကွန်ရက်စာမျက်နှာများတွင် လူနှစ်ဦးကို အရှင်လတ်လတ်မီးရှို့သတ်ဖြတ်နေသည့် ရုပ်သံဖိုင်အား ဖြန့်ဝေလျက်ရှိပြီး ၎င်းလုပ်ရပ်ကို ရပ်ရွာကာကွယ်ရေးအဖွဲ့ဝင်များက ကျူးလွန်ခြင်းဖြစ်သည်ဟု ရေးသားဖော်ပြလျက်ရှိသည်။

၎င်းဖြစ်စဉ်နှင့်ပတ်သက်၍ နယ်မြေခံ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ဒေသခံများထံမှ စုံစမ်းသိရှိရသည့် သတင်းရင်းမြစ်အချို့အရ ၂၀၂၃ ခုနှစ် နိုဝင်ဘာလ ပထမပတ်အတွင်း၌ မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ် မြောက်ခင်ရန်းကျေးရွာတွင် လုံခြုံရေးဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ရပ်ရွာကာကွယ်ရေးအဖွဲ့ဝင်များကို PDF အမည်ခံအကြမ်းဖက်သမားများက လာရောက်တိုက်ခိုက်ခဲ့ပြီး အကျအဆုံးများစွာဖြင့် ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်းနှင့် အကြမ်းဖက်သမားများကို အရှင်ဖမ်းဆီးရမိခဲ့ခြင်းမရှိကြောင်း ကနဦး သိရှိရသည်။

ဆက်လက်စိစစ်ချက်များအရ လူမှုကွန်ရက်စာမျက်နှာများ၌ ဖြန့်ဝေလျက်ရှိသည့် ရုပ်သံဖိုင်၌ ရက်ရက်စက်စက် သတ်ဖြတ်ခံရသူနှစ်ဦးမှာ PDF အမည်ခံ အကြမ်းဖက် သမားများဖြစ်ကြောင်း သိရှိရပြီး ၎င်းတို့အချင်းချင်း နယ်မြေလုခြင်း၊ ငွေကြေးအရှုပ်အရှင်းများရှိခြင်းနှင့် အကြမ်းဖက်လုပ်ရပ်များကို ဆက်လက်မလုပ်ဆောင်လိုခြင်းစသည့် အကြောင်းခြင်းရာများကြောင့် အချင်းချင်းစိတ်သဘောထားမတိုက်ဆိုင်သဖြင့် ၎င်းတို့အချင်းချင်း ယခုကဲ့သို့ လုပ်ကြံသတ်ဖြတ်ခဲ့ခြင်းဖြစ်ကြောင်းနှင့် ထိုကဲ့သို့ လုပ်ဆောင်ခဲ့ခြင်းကို ရပ်ရွာကာကွယ်ရေးအဖွဲ့ဝင်များက လုပ်ဆောင်ခဲ့သည့်အသွင်ဖြင့် လုပ်ကြံဖန်တီးရိုက်ကူးထားသည့် ရုပ်သံဖိုင်တစ်ခုသာဖြစ်ကြောင်း သိရသည်။

PDF အမည်ခံအကြမ်းဖက်သမားများ အနေဖြင့် ၎င်းတို့နှင့် သဘောထား မတိုက်ဆိုင်သူများနှင့် ၎င်းတို့အလိုကိုလိုက်၍ လိုက်ပါဆောင်ရွက်ခြင်း မရှိသူများကို အကြောက်တရားများ လွှမ်းမိုးစေရန် အများပြည်သူများရှေ့မှောက်၌ တာယာကွင်းစွပ်၍ မီးရှို့သတ်ဖြတ်ခြင်း၊ လည်လှီးသတ်ဖြတ်ခြင်း၊ ဝါးရင်းတုတ်ဖြင့်ရိုက်သတ်ခြင်း၊ အရှင်လတ်လတ် မီးရှို့သတ်ဖြတ်ခြင်းစသည့် လူမဆန်သည့် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်လျက်ရှိသည်ကိုလည်း မကြာခဏဆိုသလို လူမှုကွန်ရက်စာမျက်နှာများ၌ စိတ်နှလုံးမချမ်းမြေ့ဖွယ် တွေ့မြင်နေရသည်။

PDF အမည်ခံအကြမ်းဖက်သမားများ အနေဖြင့် ထိုကဲ့သို့ လူမဆန်သောရက်စက်ယုတ်မာသည့် အကြမ်းဖက်လုပ်ရပ်လုပ်ဆောင်နေမှုများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လုပ်ဆောင်နေသည့်အသွင်ဖြင့် နိုင်ငံတကာနှင့်ပြည်သူလူထုကအထင်အမြင်လွဲမှားစေရန် တရားမဝင် ပြည်ဖျက်မီဒီယာများက အချိန်အခါကိုက် သတင်းတု၊ သတင်းမှားများကို ဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

➤ ➤ ➤

# AA အဖွဲ့ လုပ်ဆောင်နေသည့် တရားမဝင်လုပ်ငန်းများနှင့်ပတ်သက်၍ ထွက်ဆိုချက်များ

**နိုင်ငံတော်အစိုးရအနေဖြင့် တရားဥပဒေစိုးမိုးရေး၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဘက်ပေါင်းစုံမှကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်နေသော်လည်း AA အကြမ်းဖက်အဖွဲ့အနေဖြင့် မျိုးဆက်သစ်လူငယ်များအပါအဝင် လူသားမျိုးနွယ်စုတစ်စုလုံးကို အန္တရာယ်ဖြစ်စေသည့် မူးယစ်ဆေးဝါးကို ရခိုင်ပြည်နယ်နှင့် နိုင်ငံတကာသို့ ရောင်းဝယ်ဖြန့်ဖြူးနေမှုများကို မိဘပြည်သူများသိရှိစေရန် တင်ပြခဲ့ပြီးဖြစ်ပါသည်။ ယခုအခါ AA အကြမ်းဖက်အဖွဲ့မှ ၎င်းတို့၏ လူ/လက်နက်၊ ရိက္ခာနှင့်စက်သုံးဆီများ ဝယ်ယူဖြည့်တင်းနိုင်ရေးနှင့် ၎င်းတို့၏ကိုယ်ကျိုးစီးပွားများအတွက် တရားမဝင်ဘင်္ဂါလီခိုးဝင်မှုများကို ဥပဒေနှင့်မညီဘဲ အခကြေးငွေရယူကာ ဆောင်ရွက်လာခဲ့ကြပါသည်။ ယခုလို ဘင်္ဂါလီခိုးဝင်မှုများကို AA အဖွဲ့မှ ဗိုလ်မှူးကြီးအဆင့်ရှိ မင်းခန့်၏စေခိုင်းမှုဖြင့် ဘင်္ဂါလီပွဲစားများနှင့်ချိတ်ဆက်လုပ်ကိုင်ခဲ့သူ၊ AA အဖွဲ့တွင် ရိက္ခာနှင့်စက်သုံးဆီများပို့ရန် သင်္ဘောဝယ်ယူခဲ့သူ၊ ကိုယ်တိုင်ရိက္ခာများ ဝယ်ပို့ခဲ့သူ ဇော်မင်းထွန်း(ခ) စိုးမိုးလင်း(ခ)ကိုညီ(ဘ) ဦးကျော်သန်းမြင့်နှင့် သာလီစွမ်ုန့်တီဆိုင်ပိုင်ရှင်အနုပညာရှင် ရခိုင်အဆိုတော် လှမောင်သိန်း(ခ) ဘိုဝိုင်း (ဘ) ဦးကျော်လှတို့၏ ဝန်ခံထွက်ဆိုချက်များကို အောက်ပါအတိုင်း ဖော်ပြလိုက်ရပါသည်-**



**ဇော်မင်းထွန်း(ခ) စိုးမိုးလင်း (ခ) ကိုညီ (ဘ) ဦးကျော်သန်းမြင့်၏ ဝန်ခံထွက်ဆိုချက်**

ကျွန်တော့်ကို ရသေ့တောင်မြို့နယ်က မဆဲကန်းမြို့က ကိုထွန်းကမိတ်ဆက်ပေးပါတယ်။ စစ်တွေက ကိုကျော်နိုင်နဲ့သိတယ်။ ကိုကျော်နိုင်က တစ်ခါထပ်ပြီး မိတ်ဆက်ပေးလို့ AA အကြမ်းဖက်အဖွဲ့က ကိုနေမိုးအောင်နဲ့သိပါတယ်။ ကိုရင်(ခ) ကိုမျိုးကိုကို ကိုသိတာ စစ်တွေက ကိုနေမိုးအောင်မိတ်ဆက်ပေးလို့သိတာပါ။ သူကစစ်တွေ၊ မြောက်ဦး၊ ပေါက်တောဘက်မှာနေပါတယ်။ ပုစွန်ကန်တွေ ငါးဖမ်းသင်္ဘောသုံးစင်းရှိပါတယ်။ အဲဒီသင်္ဘောသုံးစင်းက ရွှေသဇင်၊ လမင်းမေတ္တာ၊ တတိုင်းရ ဖြစ်ပါတယ်။ အဲ့ဒါ ၂၀၂၃ ခုနှစ် ၁၁ လပိုင်းမှာ AA အကြမ်းဖက်အတွက် စက်သုံးဆီတွေတင်လာရာမှာ အဖမ်းခံရပါတယ်။ အဲဒီသင်္ဘောတွေကို ဦးစီးစောင့်ရှောက်ဖို့အတွက် ကျွန်တော့်ကို လုပ်ကိုင်ဖို့အတွက် ဦးစီးဦးဆောင်လုပ်ဖို့အတွက် ကျွန်တော့်ကို ကိုမျိုးကိုကိုက ခိုင်းထားပါတယ်။ ရွှေသဇင်သင်္ဘောကို သိန်းနှစ်ထောင့်သုံးရာနဲ့ဝယ်ထားပါတယ်။ တတိုင်းရက သိန်းငါးရာပါ၊ လမင်းမေတ္တာက သိန်းလေးရာပါ။ အဲဒီသင်္ဘောတွေမှာ စာချုပ်မှာလက်မှတ်ရေးထိုးရာကတော့ သူတို့မလာတော့ ကျွန်တော်ကိုယ်တိုင် လက်မှတ်ထိုးလိုက်ပါတယ် အရောင်းအဝယ်စာချုပ်မှာ။ ကိုရင်(ခ) ကိုမျိုးကိုကို သူက AA က ဗိုလ်မှူးကြီးအဆင့်ရှိသူ ကိုမင်းခန့်နဲ့သိပြီးတော့ AA အဖွဲ့အတွက် စက်သုံးဆီတွေ၊ ရိက္ခာတွေ အကုန်လုံး သူကထောက်ပံ့ပေးတယ်။ ကျွန်တော့်ကို ကိုမျိုးကိုကို မိတ်ဆက်ပေးတာက AA က ဗိုလ်မှူးကြီးအဆင့်ရှိ မင်းခန့်နဲ့ မိတ်ဆက်ပေးတယ်။ သူကတော့ ရသေ့တောင်၊ ကျောက်တော်၊ မြောက်ဦးဘက်မှာ လှုပ်ရှားနေတယ်လို့ပြောပါတယ်။ အဲဒီတော့ ကျွန်တော်နဲ့ မြောက်ဦးမှာ တစ်ခါတွေ့ပါတယ်။ နောက်ပိုင်းက ကျွန်တော်နဲ့ တယ်လီဂရမ်မှာ အဆက်အသွယ်ရှိပါတယ်။ ရသေ့တောင်မြို့နယ် အုတ်ဖိုရွာ တစ်မိုင်ခန့်အကွာ အဲဒီမှာ AA စခန်းအဲဒီမှာ ကျွန်တော်က ကိုရင်(ခ)ကိုမျိုးကိုကိုက ပြောလို့ ကိုမင်းခန့်နဲ့သွားတွေ့ပါတယ်။ ဘင်္ဂါလီကိစ္စကို အခွန်ကောက်ဖို့ကိစ္စအကြောင်း သွားတွေ့ပါတယ်။ ကျောက်တော်က ဇီးချောင်းဆည် AA ကသိမ်းထားတယ်လို့ ပြောပါတယ်။ အဲဒီမှာကိုမျိုးကိုကိုက ကျွန်တော့်ကို ခေါ်တွေ့ပါတယ်။ လူလေး ငါးယောက်လောက်ရှိပါတယ်။ ဘင်္ဂါလီအကြောင်း အလုပ်ကိစ္စဆွေးနွေးပြီးတာနဲ့ အဲဒီမှာကိုမျိုးကိုကိုက အဲ့ကနေ ပြန်လွှတ်လိုက်ပါတယ်။ AA က ဗိုလ်မှူးကြီးအဆင့်ရှိ ကိုမင်းခန့်က ကျွန်တော့်ကိုဘာခိုင်းထားလဲဆိုတော့ ဒီအခွန်မဆောင်တဲ့ ဘင်္ဂါလီတွေ၊ ခိုးဝင်တဲ့ ဘင်္ဂါလီတွေ၊ အခွန်မဆောင်တဲ့ ငါးဖမ်းလှေတွေ၊ AA ကထွက်ပြေးတဲ့ စစ်ပြေးတွေ အဲ့ဒါတွေကို ကျွန်တော့်ကို တယ်လီဂရမ်ကနေပြီးတော့ သတင်းပို့ခိုင်းပါတယ်။ ကျွန်တော်မောင်တောက Hamidula, Abdu Zawle, Nawziamauk တို့နဲ့ AA အကြမ်းဖက်အဖွဲ့နဲ့ ကိုနေမိုးအောင်တို့နဲ့ တရားမဝင်ဘင်္ဂါလီ လေးကြိမ်ခိုးသွင်းခဲ့ပါတယ်။ ဘင်္ဂါလီပွဲစားတွေ ပြောကြားချက်အရ ခိုးဝင်ဘင်္ဂါလီတွေက ဒီ AA အဖွဲ့တွေကို တစ်ယောက်ကို နှစ်သိန်းဆီ အခွန်ဆောင်ရပါတယ်။ တစ်လကိုနှစ်ကြိမ်ဝင်ပါတယ်။ တစ်ကြိမ်မှာတော့ ၇၀ ကနေ ၁၀၀ တန်းရှိပါတယ်။ ပြီးရင် ဘင်္ဂါလီပွဲစားတွေ ပို့တဲ့ စက်လှေကတစ်ယောက်ကို ၇ သိန်းရပါတယ်။ ဘင်္ဂါလီပွဲစားတွေကတော့ တစ်ယောက်ကို သိန်း နှစ်ဆယ်ရပါတယ်။ အဲဒီကနေပြီး ရေး၊ မော်လမြိုင်ဘက်သွား၊ ရေး၊ မော်လမြိုင်ဘက်ကနေ ထိုင်း၊ မလေးရှားသွားပါတယ်။ AA အဖွဲ့အနေနဲ့ တစ်ရာသီကို ငါးဖမ်းသင်္ဘောတစ်စင်းကို ဆယ်သိန်းဆီနဲ့ အခွန်ကောက်ပါတယ်။ ကိုရင်(ခ) ကိုမျိုးကိုကိုက ဒီသင်္ဘောတွေပေါ်မှာ ဂြိုဟ်တုဖုန်း သုံးလုံးဝယ်ထည့်ပေးလိုက်ပါတယ်။ ဂြိုဟ်တုဖုန်းတစ်လုံးက သိန်းလေးဆယ်ကျပါတယ်။ ပြီးရင် Radar ဝယ်ဖို့ ပြောပါတယ်၊ Radar က တစ်လုံးကို သိန်းသုံးရာလောက်ကျတယ်ဆိုတော့ မဝယ်ဖြစ်ပါဘူး။ အကွာရာဆိုတာကတော့ ၂၀၂၃ ခုနှစ်မှာ ကိုမျိုးကိုကို မိတ်ဆက်ပေးထားလို့ သူကစစ်တွေရောက်ဆိုတော့ အကွာရာက စက်ပစ္စည်းတွေ အင်ဂျင်ဝိုင်တွေ ဝယ်ပေးပါတယ်။ ငွေကတော့ Kpay တို့ Wave money တို့ကနေပြီးတော့ သူ့ကို လွှဲပေးရပါတယ်။ ကျွန်တော် ရန်ကုန်ရောက်တော့ အဲဒီမှာ ကိုမျိုးကိုကိုတို့ ကိုမင်းခန့်တို့က ရခိုင်ဆင်းလာဖို့ ခေါ်ပါတယ်။ အဲဒီအချိန်မှာ ကျွန်တော့်မိန်းမက မှတ်ပုံတင်မရှိလို့ မှတ်ပုံတင်အတု လုပ်ပါတယ်။ မှတ်ပုံတင်အတုလုပ်ပြီးတော့ အိမ့်သူလင်း နာမည်နဲ့ ၈၀၀၀၀ ကျပါတယ်။ ၈၀၀၀၀ ကျတာကို တစ်သိန်းပေးလိုက်ပါတယ်။ နောက်တစ်ရက်ဆိုရင် ကျွန်တော်ကနေပြီး **စာမျက်နှာ ၂၃ သို့**

**စစ်ရေယာဉ် (အင်း၀)မှ ၂၀-၁၂-၂၀၂၃ ရက်နေ့တွင် ဖမ်းဆီးရမိ တတိုင်းရနှင့် လမင်းမေတ္တာ-၇ အမည်ရှိ တရားမဝင်လှေတို့၏ မှတ်တမ်းဓာတ်ပုံများ**



တတိုင်းရနှင့် လမင်းမေတ္တာ-၇ အမည်ရှိ တရားမဝင်လှေတို့၏ ဦးပိုင်းအား တွေ့မြင်ရပုံ။



လမင်းမေတ္တာ-၇ အမည်ရှိ တရားမဝင်လှေ၏ ဝဲဘက်ခြမ်းအား တွေ့မြင်ရပုံ။



လမင်းမေတ္တာ-၇ အမည်ရှိ တရားမဝင်လှေ၏ စက်မကြီးအား တွေ့မြင်ရပုံ။




တတိုင်းရမှ တရားခံများ (ဝဲမှယာ) - တင်မောင်ထွန်း(စက်ဆရာ)၊ ထွန်းလွင်(ပဲ့နင်းငယ်)၊ ညီညီထွန်း (လှေသား)၊ စန်းနိုင်ဦး(ပဲ့နင်းကြီး)။



လမင်းမေတ္တာ-၇ မှ တရားခံများ (ဝဲမှယာ) - မျိုးမင်းဝင်း(ပဲ့နင်း)၊ ရဲထွဋ်သန်း(ပဲ့နင်းငယ်)၊ သိန်းဇော်ဦး(စက်ဆရာ)၊ မြတ်ကိုဦး(လှေသား)။

# စာရိတ္တချမ်းသာသူ

ချင်းတောင်လတ်ငြိမ်း



(၁)

ကျော်ထွန်းဆို ရပ်ကွက်ထဲတွင် မသိသူမရှိ။ ကုန်တင်ကုန်ချ၊ ပန်းရန်နောက်လိုက်၊ စပယ်ယာ စသည်ဖြင့် ကြုံရာလုပ်စားနေသူဖြစ်သည်။ ဉစ္စာပစ္စည်းချို့တဲ့သူ တစ်ယောက်ဖြစ်သောကြောင့် အစစအရာရာလိုအပ်ချက်များနှင့် ပြည့်နေသည်။ သည်နေ့အတွက် ထမင်းစားစရာမရှိလျှင်ဟိုဘက်တိုက်ကဝင်းထဲ ပေါင်းပင်များ ခုတ်ထွင်ရှင်းပေးနေတတ်သည်။ ထိုအခါ ခြံရှင်က သူ့ကို ထမင်းကျွေးသည်။ ပိုက်ဆံပေးလျှင် မယူ။ ထမင်းကျွေးလျှင် စားသည်။ သူ့အကြောင်းသိပြီးဖြစ်သည့် သူတို့ရပ်ကွက်သူ၊ ရပ်ကွက်သားများက ကျော်ထွန်းကို ချစ်ကြသည်။ ခင်ကြသည်။

ကျော်ထွန်း အိမ်တွင် ကျောင်းတက်နေသည့် ညီမလေးနှင့် အရိုးပေါ်အရေတင်နေပြီး ဇရာထောင်းနေသည့် အမေသာရှိသည်။ ကျော်ထွန်းက သူ့ညီမနှင့် အမေဖြစ်သူအတွက်သာ ထမင်းကျန်သည်ဆိုလျှင် အိမ်တွင်ထမင်းစားလေ့မရှိ။ သူများခြံရှေ့တွင် အမြင်မတော်သည်များကို လိုက်ရှင်းပေးတော့သည်။

တစ်ခါတလေ ရပ်ကွက်ထဲမှ လူတချို့က သူ့ညီမလေးကို သနား၍ မုန့်ဖိုးပေးတတ်ကြသေးသည်။ ထိုမုန့်ဖိုးဖြင့် သူ့ညီမက စာအုပ်၊ ခဲတံ၊ ဘောပင် ဝယ်ရသည်။

(၂)

"အမေ ဒီရက်ပိုင်း နေထိုင်မကောင်းချင်ဘူး။ ဘာဖြစ်တာလဲ မသိဘူး"

"ဘာဖြစ်တာလဲ အမေ။ ဆန်ပြုတ်စားမလား။ ကျွန်တော် သွားဝယ်ပေးမယ်"

ဆန်ပြုတ်ဝယ်ပေးမည် ဆိုသည့်စကားကြောင့် ဒေါ်ချစ်တင် စိတ်ထဲနင့်သွားပုံရသည်။ အိမ်တွင် ပိုက်ဆံမရှိသည်ကို သူ့အမေ သိမည်ထင်သည်။ ကျော်ထွန်းအမေက ခေါင်းမူးသည်ဟု ပြောသေးရာ အာဟာရချို့တဲ့မှုကြောင့် အားနည်းခြင်းဖြစ်မည်။ ကျော်ထွန်းတို့ ဘဝအခြေအနေက အာဟာရချို့တဲ့မည်ဆိုလျှင် ချို့တဲ့ချင်စရာ။ ငွေကြေးမပြည့်စုံသည့်အတွက် အာဟာရပြည့်ဝရန်ဆိုသည်ထက် ထမင်းနပ်မှန်အောင် စားရန်ပင် အနိုင်နိုင်ကြိုးစားနေရသူဖြစ်သည်။

မြို့ပေါ်နေသည့် လူတစ်ယောက်အတွက် စားသောက်စရိတ်သည် ရွာနေလူထက် နှစ်ဆ၊ သုံးဆခန့်ကြီးသည်။ ထိုစရိတ်ကို ကျော်ထွန်း မမှုပါ။ ရဲရဲရင်ဆိုင်သည်။

"ခဏလေးနော် အမေ။ သား ဟိုဘက်နားကို သွားလိုက်အုံးမယ်"

"အေးအေး ဂရုစိုက်အုံးနော်သား"

"ဟုတ်ကဲ့ အမေ"

ကျော်ထွန်း သွားတော့မည့်အချိန်တွင် သူ့ညီမလေးက အော်ပြောလိုက်သည်။

"ကိုကို ညီမလေး ဗလာစာအုပ်နဲ့ ဘောပင် ကုန်နေပြီ"

"ဟုတ်ပြီ ညီမလေး။ ဝယ်ခဲ့မယ်နော်"

ကျော်ထွန်းလည်း ရပ်ကွက်အတွင်းသို့ လျင်မြန်စွာ လမ်းလျှောက်သွားသည်။ မကြာမီ ဦးဖိုးခင်တို့ တိုက်ရှေ့သို့ရောက်သွားသည်။ ခြံဝင်းထဲသို့ လှမ်းကြည့်သည်။ လူရိပ်လူယောင် မတွေ့သည်နှင့် ရှေ့သို့ ဆက်လျှောက်လာခဲ့သည်။

(၃)

"ဦးလေးငွေမြိုင်။ ဦးလေးရှိလား"

"ရှိတယ် မောင်ကျော်ထွန်းရေ။ မင်းဦးလေးက သတင်းစာဖတ်နေတယ်"ဟု ဦးငွေမြိုင်၏ဇနီးက လှမ်းပြောသည်။

ဦးငွေမြိုင်က ရွာကတက်လာပြီး မြို့ပေါ်တွင် ချမ်းသာနေသူဖြစ်သည်။ အစက ဦးငွေမြိုင် သစ်စက်လုပ်သည်။ သစ်စက်က ငွေဝင်ကောင်းသဖြင့် သူ့စီးပွားရေးက ဦးမော့လာပြီး ယခုကဲ့သို့ ခြံနှင့်တိုက်နှင့် နေနိုင်ခြင်းဖြစ်သည်။ ဦးငွေမြိုင်က အောက်ခြေဘဝက လာသည့်အတွက် လူများကို သူနှင့်တန်းတူ ဆက်ဆံပြောဆိုလေ့ရှိသည်။

"မောင်ကျော်ထွန်းရေ။ အိမ်နောက်ဖေးက ပန်းတွေနဲ့ မုန်ညင်းပင်တွေကို ရေလောင်းကူပါအုံးကွာ"

"ရပါတယ် ဦးလေးရယ်။ ကျွန်တော်ပဲလောင်းပေးပါ့မယ်။ ဦးလေးက လူကြီးဆိုတော့ အေးအေးသာနားနေပါဗျ"

"အေးပါကွာ။ ကျေးဇူးပါပဲ မောင်ကျော်ထွန်းရေ။ ဦးလေးတို့လဲ အလုပ်တွေ ပင်ပင်ပန်းပန်းမလုပ်နိုင်တော့ မင်းကိုပဲ အားကိုးရတော့မှာဟေ့"

"ရပါတယ် ဦးလေးရယ်။ စိတ်ချပါဗျ"

"ဒါဆို ဦးလေး အိမ်ထဲဝင်တော့မယ်နော်"

"ဟုတ်ကဲ့ ဦးလေး"

ကျော်ထွန်းက ဦးငွေမြိုင်၏ သီးပင်စားပင်များကို ရေလောင်းနေသည်။ အိမ်ထဲမှာတော့ ဦးငွေမြိုင်တို့ လင်မယားနှစ်ယောက် စကားပြောနေကြသည်ကို မြင်နေရသည်။ သို့သော် ဘာသံမျှမကြားရချေ။ ကျော်ထွန်း စိတ်ထဲမှာတော့ ယခု အပင်ရေလောင်းပေးရသည့်အတွက် လုပ်အားခအဖြစ် ထမင်းကျွေးသည့်အခါ မစားတော့ဘဲ ပိုက်ဆံယူရန် ဆုံးဖြတ်ထားသည်။

အိမ်ထဲက ဦးငွေမြိုင်တို့လင်မယားအမူအရာက ပုံမှန်ထက် ပိုလှုပ်ရှားနေသည်ဟု ထင်ရသည်။ ပတ်ဝန်းကျင်ကို ကျိုးကန်းတောင်းမျှော်ကြည့်နေသည်။ ကျော်ထွန်းစိတ်ထဲမှာတော့ ဦးငွေမြိုင်တို့လင်မယား တစ်ခုခုဖြစ်နေပြီဆိုသည်ကို အကဲခတ်မိသည်။ ထိုအချိန် အပင်ရေလောင်းပြီးသွားပြီဖြစ်သည်။

"ဦးလေးရေ ပြီးသွားပြီဗျ"

"အေးအေး မောင်ကျော်ထွန်းရေ ကျေးဇူးတင်ပါတယ်ကွာ"

ဦးငွေမြိုင်က သူ့ကို ထမင်းစားသွားဟူ၍လည်း မပြောသလို ပိုက်ဆံလည်းပေးရန် သတိမရတော့ပေ။ ဦးငွေမြိုင် ထိုထက်အရေးကြီးသောကိစ္စ ပေါ်ပေါက်နေသောကြောင့်လားဟု တွေးမိသည်။

"မင်းကလဲ အဲလောက် သတိမမူနိုင်ရအောင်က ဘာတွေများ အရေးကြီးနေလို့လဲကွာ"

"ကိုငွေမြိုင်ရယ် ကျွန်မလဲ အဲဒီလိုဖြစ်မယ် မထင်လို့ပါ"

ကျော်ထွန်းလည်း ဦးငွေမြိုင်တို့စကားသံကို နားစွန်နားဖျားကြားလိုက်သော်လည်း ဘာအကြောင်းပြောနေကြသည်ကို မသိ။ ကျော်ထွန်းစိတ်ထဲမှာတော့ သူ့ညီမအတွက် ဗလာစာအုပ်နှင့် ဘောပင်ဝယ်ရန်နှင့် သူ့အမေအတွက် ဆန်ပြုတ်ဝယ်ရန်ကို ငွေဘယ်လိုရအောင် ရှာရမည်လည်းဆိုသည်ကို တွေးနေသည်။ သို့သော် ပိုက်ဆံမပေးသည့်အတွက် ဗလာစာအုပ်နှင့် ဘောပင်မဝယ်နိုင်သလို သူ့အမေအတွက် ဆန်ပြုတ်လည်း မဝယ်နိုင်ပေ။

(၄)

ဦးငွေမြိုင်တို့ အိမ်ဝင်းထဲမှ ထွက်လိုက်သောအခါ ကျော်ထွန်းဖိနပ်တွင် တစ်ခုခုကို နင်းမိထားသလို ဖြစ်နေသည်။ နင်းမိထားသည့်အရာက ခြေဖဝါးကိုတစ်ချက်တစ်ချက်စူးနေသည်ကိုအရေးမလုပ်ဘဲ အိမ်သို့သာ ပြန်လာခဲ့သည်။

"အမေ ဘာဖြစ်တာလဲ"

တွေ့လိုက်ရသည့် မြင်ကွင်းကြောင့် ကျော်ထွန်း အံ့သြသွားသည်။

"ကိုကျော်ထွန်းအမေ နေမကောင်းဘူးလို့ ကိုကျော်ထွန်းညီမက ပြောတယ်လေ။ ဒါကြောင့် လာကြည့်ပေးတာပါ"

"ဟုတ်ကဲ့ပါဆရာမရေ ကျေးဇူးတင်ပါတယ်ဗျာ။ ဒါနဲ့ စမ်းသပ်ခ"

"မလိုပါဘူး ကိုကျော်ထွန်းရယ်။ အခုလို ကူညီခွင့်ရတာကို ဝမ်းသာပါပြီရှင်"

"ဒါနဲ့ အမေက ဘာရောဂါတွေရှိလဲ ဆရာမ"

"ရောဂါရယ်လို့တော့ မရှိပါဘူး။ ဒါပေမဲ့"

ဆရာမလေးက အားနာဟန်ဖြင့် စကားဆက်ပြောသည်။

"ဒါပေမဲ့ အာဟာရဓာတ်လိုတာရှင့်။ အာဟာရဓာတ်ချို့တဲ့ရင် ရောဂါဆိုတာက အချိန်မရွေးဝင်လာနိုင်တယ်ရှင့်"

ဆရာမလေးက ကျော်ထွန်းတို့ အခြေအနေကို သိထားသူဖြစ်၍ သူ့အမေ၏ အခြေအနေကို နားလည်အောင်ရှင်းပြရသည်။

"ဟုတ်ကဲ့ပါ"

"ကျွန်မ ဦးငွေမြိုင်တို့အိမ်သွားအုံးမယ်"

ဆရာမလေးက ကျော်ထွန်းတို့ အိမ်ပေါ်ကဆင်းသွားသည်။ ကျော်ထွန်းက ဆရာမ နောက်ကျောကို ငေးကြည့်နေမိသည်။ ဆရာမလေးပြောသွားသည့် စကားကို နားထဲအကြိမ်ကြိမ်ပဲ့တင်ထပ် ကြားယောင်မိနေသည်။

"အာဟာရဓာတ် လိုတာရှင့်"

ထိုအချိန် ဗိုက်ထဲက အချက်ပေးသံမြည်လာသည်။ ညီမလေးမျက်နှာကို လှမ်းကြည့်မိသည်။ ထို့နောက် အမေ့မျက်နှာကို လှမ်းကြည့်ပြန်သည်။ဗလာစာအုပ်နှင့် ဘောပင် လိုသည့်ညီမရယ်၊ အာဟာရဓာတ်ချို့တဲ့နေသည့်အမေအိုရယ် ကျော်ထွန်း စဉ်းစားလျက် ခေါင်းရှုပ်လာသည်။ သည်အချိန်မှာ ငွေကလိုအပ်နေပြန်သည်။

(၅)

နောက်တစ်နေ့ နံနက်တွင် ရပ်ကွက်ထဲတွင် သတင်းတစ်ခု ပျံ့လျက်ရှိသည်။ ထိုသတင်းကို တစ်ရပ်ကွက်လုံးက ပြောနေကြသည်။ ကိုကျော်ထွန်းလည်း ကြားသည်။ ဦးငွေမြိုင်က သူ့မိန်းမအတွက် မွေးနေ့လက်ဆောင်ဝယ်ပေးထားသည့် စိန်နားကပ်တစ်ဖက် လမ်းမှာ ကျွတ်ကျသည်ဟူ၍ဖြစ်သည်။ လမ်းသွားလမ်းလာများကလည်း လမ်းကိုပင် ဖြောင့်ဖြောင့်မလျှောက်နိုင်ဘဲ တောင်ကြည့်မြောက်ကြည့်နှင့် လျှောက်နေကြသည်။ အကယ်၍ စိန်နားကပ်တစ်ဖက်ကို တွေ့လို တွေ့ငြားဟူ၍ ဖြစ်သည်။ သို့သော် မနေ့က ညနေပိုင်းကျခဲ့သည့် စိန်နားကပ်ကို သည်နေ့ နံနက်ထိ တွေ့သူမရှိသေးပေ။သည်နေ့ ဦးငွေမြိုင်အိမ်သို့ ကိုကျော်ထွန်း သွားမည်ပြုပြီး ဖိနပ်ကို စီးလိုက်သည်။

"အား. . . ဖိနပ်မှာ ဘာစူးနေတာလဲကွာ"

ဖိနတ်ကို ချွတ်ပြီး ကြည့်လိုက်သည်။ မြေကြီးများနှင့် လူးနေ၍ မည်သည့်အရာစူးဝင်နေသည်ကို သေချာမမြင်ရသေးပေ။ ကျော်ထွန်းက ဆွဲနုတ်ယူလိုက်ပြီး ကြည့်လိုက်သည်။

"ဟင် ဘာလေးလဲဟ"

လက်နေသောအရောင်ကြောင့် ကျော်ထွန်းက ခဏစိုက်ကြည့်နေမိသည်။ ပြီးမှ လက်နှင့်ပွတ်ကြည့်လိုက်သည်။

"ဟာ ဒါ ဒါ ဦးငွေမြိုင်မိန်းမရဲ့ စိန်နားကပ်ထင်တယ်။ ဟုတ်တယ်။ စိန်နားကပ် အစစ်ပဲ"

ကျော်ထွန်းပျော်သွားသည်။ ဤစိန်နားကပ်ရသည်ကို ကျော်ထွန်းတစ်ယောက်သာသိသည်။ သူ့အမေလည်းမသိ။ သူ့ညီမလည်းမသိ။ ဤနားကပ်ကိုသာရောင်းလျှင် သူ့ညီမလည်း ဗလာစာအုပ်ကောင်းကောင်းများဝယ်နိုင်ပြီ။ ပြီးတော့ အာဟာရဓာတ်ချို့တဲ့သည့် သူ့အမေကိုလည်း အာဟာရပြည့်ဝသည့် အစားအစာများ ကျွေးနိုင်ပြီ။

နေရောင်အောက်မှာ တလက်လက်တောက်ပနေသည့် စိန်နားကပ်ကိုကြည့်ပြီး ကျော်ထွန်းစိတ်ကူးယဉ်နေမိသည်။ ထို့ကြောင့် ကျော်ထွန်း နားကပ်ကို ရွှေဆိုင်မှာ ရောင်းရန် စိတ်ကူးလိုက်သည်။

(၆)

"ညည်း ဟိုသတင်းကြားပြီးပြီလား"

"ကြားပြီးပါပြီတော်။ ကျော်ထွန်းမို့ ဒီလိုလုပ်တာ။ ငါဆို သူ့လိုမလုပ်တော့ဘူး"

စာမျက်နှာ ၂၅သို့ ➤

# မော်လမြိုင်ကျွန်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်းသီးနှံ ၄၇၈၄ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က ကြက်ဟင်းခါးစိုက်ခင်းကို တွေ့ရစဉ်။

**မော်လမြိုင်ကျွန်း ဖေဖော်ဝါရီ ၇**

ရေဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်းသီးနှံ ၄၇၈၄ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က ပြောပြ၍ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်းသီးနှံ ၄၇၈၄ ဧကကို ၂၀၂၃ ခုနှစ် အောက်တိုဘာလ ဒုတိယပတ်က စတင်လျာထားစိုက်ပျိုးခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"မော်လမြိုင်ကျွန်းမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ စားဖိုဆောင်းသီးနှံ ၄၇၈၄ ဧက လျာထားစိုက်ပျိုးနေပါတယ်။ စိုက်ပျိုးထားတဲ့ စားဖိုဆောင်းသီးနှံက တော့အစုံပါပဲ။ လက်ရှိစားဖိုဆောင်းသီးနှံ လျာထားဧကအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးပါပြီ။ အခြားဆောင်းသီးနှံတွေအပါအဝင် စားဖိုဆောင်းသီးနှံတွေ လျာထားချက်ဧကပြည့်မီစေဖို့ စိုက်ပျိုးရေးဦးစီးဌာနက တောင်သူအသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်။ စိုက်နည်းစနစ်တွေကိုလဲ ဆောင်ရွက်ပေးနေပါတယ်"ဟု မော်လမြိုင်ကျွန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်တွင် စားဖိုဆောင်းသီးနှံ ၄၇၈၄ ဧက စိုက်ပျိုးရာတွင် ဆလတ်၊ ဂေါ်ဖီ၊ မုန်လာ၊ ငရုတ်၊ နံနံပင်၊ ပိန်းဥ၊ ကန်စွန်းဥ၊ ရုံးပတီ၊ ကြက်ဟင်းခါး၊ တိုင်ထောင်ပဲ၊ ပဲပုစွန်း၊ ဘူးသီး၊ ရွှေဖရုံသီး စသည့်သီးနှံများကို စိုက်ပျိုးကြကြောင်း မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# ကံမမြို့နယ် ညောင်ပင်ကွင်းကျေးရွာ၌ ကုန်ထုတ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ကံမ ဖေဖော်ဝါရီ ၇**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ညောင်ပင်ကွင်းကျေးရွာ၌ ကျေးလက် ကုန်ထုတ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ဖေဖော်ဝါရီ ၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သရက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ဆန်းဝေ၊ ကံမမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းကျော်ကျော်မျိုးနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာကုန်ထုတ်လမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ ညောင်ပင်ကွင်းကျေးရွာ၌ လမ်းအရှည် ခုနစ်ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် တစ်ပေ ကိုးလက်မရှိ မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းနှင့် အဆိုပါလမ်းပေါ်တွင် အရှည် ခြောက်ပေ၊ အကျယ် ၁၆ ပေ၊ အမြင့် ခြောက် ပေရှိသော Slab Culvert နှစ်စင်း တည်ဆောက်ခြင်းလုပ်ငန်း၊ အရှည် ပေ ၂၀၊ အကျယ် ၁၈ ပေ၊ အမြင့် ရှစ်လက်မရှိ ရေကျော်တစ်စင်း တည်ဆောက်ခြင်း၊ အရှည် ပေ ၁၀၀၊ အကျယ် ၁၈ ပေ၊ အမြင့် ရှစ်လက်မရှိ ရေကျော်တစ်စင်းတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ဆောင်ရွက်ပြီး ကုန်ထုတ်လမ်းကို အကျိုးရှိစွာအသုံးပြုကြရန်နှင့် ရေရှည်အသုံးပြုနိုင်ရေး ကျေးရွာကော်မတီဝင်များက ဆက်လက် တာဝန်ယူထိန်းသိမ်းပေးရန် မှာကြားသည်။



ကံမမြို့နယ် ညောင်ပင်ကွင်းကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်း၊ Slab Culvert နှစ်စင်း တည်ဆောက်ခြင်းလုပ်ငန်း၊ ရေကျော်နှစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းများကို တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေကျပ် ၇၉ ဒသမ ၉၆ သန်းအသုံးပြုပြီး Long Life ကုမ္ပဏီကတာဝန်ယူ၍ ၂၀၂၃ ခုနှစ် ဇွန် ၉ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးမှုကြောင့် ညောင်ပင်ကွင်းကျေးရွာရှိ အိမ်ခြေ ၁၅၃ အိမ်မှ ထွက်ရှိသည့်သီးနှံများ အချိန်တိုအတွင်း ဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ပြီဖြစ်ကြောင်း သိရသည်။

**ရှိုးလေး**

➤ စာမျက်နှာ ၂၄ မှအဆက်

"ကျော်ထွန်းလုပ်တာ တရားနည်းလမ်းကျတယ်"

ဦးငွေမြိုင်မိန်းမ စိန်နားကပ်ကိစ္စနှင့် ကျော်ထွန်းသတင်းသည် ရပ်ကွက်ထဲတွင် ဟိုးလေးတကျော်ဖြစ်ခဲ့သည်။ ကျော်ထွန်းလုပ်ရပ်ကို ချီးကျူးသူ ရှိသလို ကဲ့ရဲ့သူလည်းရှိသည်။ ဦးငွေမြိုင်ကမူ ဘယ်သူတွေ ဘယ်လိုပြောကြပါစေ ကျော်ထွန်းကို ချီးကျူးကြောင်း၊ သူ့စိတ်ဓာတ်နှင့် ခံယူချက်ကို လေးစားကြောင်းပါ ထည့်ပြောသည်။

"ကျော်ထွန်း မင်းကိုတော့ ဦးလေး သိပ်လေးစားသွားပြီကွာ။ ပြီးတော့ ဝမ်းလဲသာတယ်။ တကယ်တော့ ဒီနားကပ်က ဦးလေးမိန်းမအတွက် ဦးလေးအမေလက်ဖွဲ့တဲ့ နားကပ်လေးပါကွာ။ ဦးလေးမိန်းမကို ဦးလေးအမေလိုကော ဇနီးမယားလိုပါ မြတ်နိုးလို့ လက်ဆောင်ပေးထားတာ။ ဦးလေးက ဒီနားကပ်ကို ပြန်မရတော့ဘူးလို့ အောက်မေ့နေတာ။ ဒီရပ်ကွက်က လူသာ များချင်များမယ်။ မောင်ကျော်ထွန်းလို တကယ် ရိုးသားတဲ့သူဆိုတာ ရှားတယ်"

"ဟုတ်ကဲ့ပါဦးလေး။ ကျွန်တော်လဲ ဒီနားကပ်ကို ရမဲ့ကံပါလို့ပါ။ ပြီးတော့ နားကပ်က ကျွန်တော့်ဖိနပ်မှာ စူးနေတာက မနေ့ကတည်းကလေ။ ကျွန်တော် မကြည့်ဖြစ်ဘူး။ ဒီနေ့မှ ခြေဖဝါးကို စူးတာနဲ့ကြည့်ဖြစ်တော့ နားကပ်ဖြစ်နေတာပဲ။ ဒါနဲ့ရပ်ကွက်က သတင်းတွေရယ်၊ ဖိနပ်က စူးဝင်နေတဲ့ စိန်နားကပ်ရယ်ကို ဆက်စပ်မိမှ ဦးလေးတို့ရဲ့ နားကပ်ဖြစ်မယ် ထင်လို့ လာပေးတာ"

"ကျေးဇူးတင်ပါတယ် ငါ့တူရယ်။ ဒီနားကပ်က မင်းရလို့ပေါ့ကွယ်။ အခြားလူရသွားရင် ပြန်ရနိုင်ဖို့မသေချာတော့ဘူး"

ကျော်ထွန်း စိန်နားကပ်တစ်ဖက်ကိုသွားပေးရင်း ဦးငွေမြိုင်၏ ကျေးဇူးတင်ကြောင်းများ ပြောမဆုံးအောင်ရှိသည်။ ဝမ်းသာခြင်း၊ ဂုဏ်ယူခြင်း၊ ချီးမွမ်းခြင်းများပြည့်နေသည်။

နောက်တစ်နေ့ နံနက်တွင် ရပ်ကွက်ထဲတွင် သတင်းတစ်ခု ထွက်လာပြန်သည်။ ဦးငွေမြိုင်က ကျော်ထွန်းအမေအတွက် ဆေးဝါးနှင့် အာဟာရ အစားအစာကို လစဉ်ဒါနပြုမည်ဖြစ်ကြောင်း ကြားကြရသည်။ ထို့နောက် သူ့ညီမလေး၏ ပညာစရိတ်ကိုပါ ရာသက်ပန် ပံ့ပိုးမည်ဖြစ်ကြောင်း သိရသည်။ ကျော်ထွန်းအမေက သူ့သား၏ အကျင့်စာရိတ္တအတွက် ဂုဏ်ယူမဆုံး ဖြစ်ရသည်။

"အမေ့သားကြီးက လူသာဆင်းရဲတာ အကျင့်စာရိတ္တက ချမ်းသာတယ်"ဟု၍ လူကြားထဲတွင် ဝင့်ကြွားစွာပြောနေလေတော့သည်။

## ပြည်ထောင်စုသစ္စာ

\- ပင်လုံမြေ အစပျိုး
လက်မှတ်ထိုး သက်သေတည်၊
သမိုင်းတွင် လွတ်လပ်ရေးအတွက်
ဆွေးနွေးတူညီ၊
ဆယ့်နှစ်ရက် ဖေဖော်ဝါရီ
သတ်မှတ်သည် စဉ်မမေ့၊
သွေးချင်းညီနောင် ပေါင်းစည်းမှုနဲ့
ပြည်ထောင်စုနေ့။

\- ယနေ့တိုင် စဉ်လာမလေ့
ဖော်ဆောင်၍ ညီညီညာ၊
တို့ပြည်ထောင် တည်တံ့ရေးအား
အလေးထားပါ၊
တိုင်းရင်းသား ဖော်ဆွေသဟာ
ကိုယ့်ဝန်တာ ကိုယ်စီထမ်း၊
စည်းလုံးပျော်ရွှင် အသိုက်မပျက်လို့
လက်တွဲကြိုးပမ်း။

\- ဒီမိုကရေစီ ခင်းတဲ့လမ်း
ကမ်းလက်တို့ မြဲမြံစေ၊
လူမှုပါဝင် စီးပွားရေးလည်း
မနေးဖို့လေ၊
ဖက်ဒရယ်စနစ် အခြေခံပေ
ကိုယ့်ရေမြေ တိုးတက်ရေး၊
ခေတ်နဲ့အညီ သမိုင်းသစ်ကိုဖြင့်
ဖွင့်လှစ်စို့လေး။

\- အမိဌာန် သစ္စာပေးလို့
အေးချမ်းမှုတို့ လွှမ်းခြုံအစဉ်၊
မြေပြန့်တောင်ပေါ် တိုင်းရင်းသားများ
လေးစားချစ်ခင်၊
တစ်မိတစ်ဝမ်းတည်း ပမာအသွင်
မေတ္တာဆင် အမုန်းကင်း၊
ကမ္ဘာ့အလယ်
မြန်မာ့နယ်ပယ် ဂုဏ်ရောင်တင့်ကာဖြင့်
မြင့်မြတ်သန့်ရှင်း။ ။

**ပိုင်ဆု(ပညာရေး)**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➤ Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။

➤ မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း၊ စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# နို့တစ်စာပေးလျှင် သတိပြုဆင်ခြင်

**စိန်လှိုင်ဖိုလ်**

လူမှုဘဝပတ်ဝန်းကျင်နယ်ပယ်တွင် ရှောင်လွှဲမရ တွေ့ကြုံနေကြရသော ပြဿနာတစ်ရပ်မှာ အိမ်ရှင်အိမ်ငှားပြဿနာ၊ မြေရှင်မြေငှားပြဿနာသည်လည်း တစ်ခုအပါအဝင်ဖြစ်ပါသည်။ ကိုယ်ပိုင်အိုးအိမ်မရှိသူများသည် လုံးချင်းဖြစ်စေ၊ အခန်းဖြစ်စေ အိမ်ရှင်ထံမှ ငှားရမ်း၍ နေထိုင်ကြရပါသည်။ အကြောင်းအမျိုးမျိုးကြောင့် အိမ်ရှင်က ငှားရမ်းထားသောအခန်းကို ပြန်လည်ရယူလိုသောအခါ ညှိနှိုင်းမရသဖြင့် မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေအရ တရားစွဲဆိုရသည်များရှိပါသည်။

မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေသည် သာမန်ပြည်သူများအနေဖြင့် လွယ်ကူရှင်းလင်းစွာသိရှိရန် ခက်ခဲပါသည်။ ရှေ့နေ ရှေ့ရပ်များသည်ပင်လျှင် အမှုမဲ့ အမှတ်မဲ့ သတိမမူဖြစ်တတ်ပါသည်။ ထိုသို့မှားယွင်းလျှင် အမှုသည် နစ်နာပါသည်။ အိမ်ရှင်အိမ်ငှားအမှုတချို့တွင် မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သဖြင့် အိမ်ရှင်ဘက်မှ အရေးနိမ့်ခဲ့သည့်အမှုတချို့ ရှိခဲ့ဖူးပါသည်။ မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေပုဒ်မ- ၁၂ (၁) (စ)အရ စွဲဆိုသူသည် **အိမ်ရှင်ဖြစ်ရန် ပိုင်ရှင်ဖြစ်ရန်လိုသကဲ့သို့ အိမ်ရှင်တစ်ဦးထက်ပိုလျှင် အိမ်ရှင်အားလုံးက အိမ်ငှားထံသို့ အငှားချထားမှုရပ်စဲကြောင်း အကြောင်းကြားစာပို့ရန်လိုခြင်းနှင့် ပတ်သက်၍** ဥပဒေဗဟုသုတ ရရှိဖွယ်ရာ လမ်းညွှန်စီရင်ထုံးတစ်ခုကို ရည်ညွှန်းကိုးကားရေးသား၍ ဖော်ပြပါဦးမည်။

ရန်ကုန်တိုင်း မြို့နယ်တရားရုံး (တရားမ) ၁၉၉၂ ခုနှစ် တရားမကြီးမှုအမှတ်-၂၅၅ တွင် ဒေါ်ခင်သူဇာ၊ ဦးထွန်းဝင်းနှင့် ဒေါ်စန္ဒာစိန်တို့က ဦးလှမြင့် ခေါ် ဦးအယ်လ်ဒူးရေအပေါ် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေပုဒ်မ-၁၂ (၁) (စ) အရ အိမ်နှင်လိုမှုစွဲဆိုသည်။ မြို့နယ်တရားရုံးက အခြားငြင်းချက်များနှင့်အတူ ၁၉၉၁ ခုနှစ် ဒီဇင်ဘာ ၁၃ ရက် ရက်စွဲပါ တရားလိုအကျိုးဆောင်ပေးပို့သည့် အကြောင်းကြားစာမှာ တရားမဝင်ဆိုခြင်းမှာ မှန်ပါသလား ဟူသည့်ငြင်းချက်တစ်ရပ်ကို ထုတ်နုတ်ခဲ့သည်။

၎င်းငြင်းချက်နှင့်စပ်လျဉ်း၍ သက်သေအထောက်အထားများ ရယူပြီးနောက် တရားလိုပေးပို့သည့် နို့တစ်စာမှာ တရားမဝင်ဟုဖြေဆိုကာ တရားလိုစွဲဆိုသည့်အမှုကို ပလပ်သည်။ မြို့နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို မကျေနပ်သဖြင့် ဒေါ်ခင်သူဇာတို့က ရန်ကုန်တိုင်းတရားရုံးသို့ အယူခံဝင်ရောက်သော်လည်း အောင်မြင်ခြင်းမရှိသဖြင့် တရားရုံးချုပ်သို့ ဒေါ်ခင်သူဇာတို့က တရားမဒုတိယအယူခံမှု တင်သွင်းခဲ့ပါသည်။

**အမှုဖြစ်စဉ်အကျဉ်း**

ဒေါ်ခင်သူဇာတို့က မင်္ဂလာတောင်ညွန့်မြို့နယ် သပြေကုန်းရပ်ကွက် လမ်း (၁၃၀) အမှတ်(၂၇) တိုက်ခံနှစ်ထပ်အိမ်နှင့် ၎င်းအိမ်တည်ရှိရာမြေကို ၎င်းတို့၏အဘိုး ဦးအေဆက္ကားပိုင်ဆိုင်ခဲ့ပြီး ၎င်းဥပစာ အောက်ထပ်အခန်းအမှတ်(၁) ကို မိခင် ဒေါ်အေးသိန်းမှတစ်ဆင့် တရားလိုတို့က အမွေဆက်ခံပိုင်ဆိုင်ကြောင်း၊ ဦးလှမြင့် ခေါ် ဦးအယ်လ်ဒူးရေသည် အဘိုး ဦးအေဆက္ကားလက်ထက်မှစ၍ အချင်းဖြစ်အခန်းကို ငှားရမ်းနေထိုင်သူဖြစ်ပြီး တရားလိုများ အမွေရပိုင်ဆိုင်ခဲ့ပြီးနောက်တွင်လည်း ငှားရမ်းခများကို တရားလိုတို့ထံ ပေးဆောင်ပြီး ဆက်လက်ငှားရမ်းနေထိုင်ကြောင်း၊ **အချင်းဖြစ်အခန်းကို အမှတ်(၃)တရားလို ဒေါ်စန္ဒာစိန်ကိုယ်တိုင် နေထိုင်ရန်အတွက် သဘောရိုးဖြင့် ပြန်လည်ရယူလိုကြောင်း** အမှုတွင် အဆိုပြုခဲ့ပါသည်။

ချေလွှာတွင် ဦးလှမြင့်က အခြားအချက်များအပြင် **အမှတ်(၃) တရားလို ဒေါ်စန္ဒာစိန်တစ်ဦးတည်းကသာ အချင်းဖြစ် ဥပစာ၏ပိုင်ရှင်မဟုတ်သဖြင့် တရားလို ပေးပို့သည့်အကြောင်းကြားစာမှာ တရားမဝင်ပျက်ပြယ်**



**ကြောင်း** ချေပခဲ့ပါသည်။ မြို့နယ်တရားရုံးက နို့တစ်စာမှာ တရားလိုသုံးဦးကိုယ်စားပေးပို့ခြင်းမဟုတ်ဘဲ ဒေါ်စန္ဒာစိန်တစ်ဦးတည်းက ပေးပို့ခဲ့သော နို့တစ်စာဖြစ်ကြောင်း၊ တရားလို ဒေါ်စန္ဒာစိန်တစ်ဦးတည်းက ပေးပို့သည့် နို့တစ်စာသည် တရားမဝင်ကြောင်း ဆုံးဖြတ်သကဲ့သို့ တိုင်းတရားရုံးကလည်း မြို့နယ်တရားရုံး၏ဆုံးဖြတ်ချက်ကို အတည်ပြုခဲ့ပါသည်။

**တရားရုံးချုပ်၏ စိစစ်သုံးသပ်ဆုံးဖြတ်ချက်**

၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေပုဒ်မ-၁၂ (၁) (စ) အရ စွဲဆိုသည့်အမှုတွင် တရားလိုသည် ဥပစာ၏ ပိုင်ရှင်ဖြစ်ရန်လိုအပ်ကြောင်း ပြဋ္ဌာန်းချက်ရှိသည်။ ၎င်းဥပဒေနှင့် သက်ဆိုင်သည့် **ဥပစာမှ အိမ်ငှားအား နှင်ထုတ်ရန်အတွက် စွဲဆိုမှုတွင် ငှားရမ်းခြင်းကို ပစ္စည်းလွှဲပြောင်းရေးအက်ဥပဒေနှင့်အညီ ရပ်စဲကြောင်း အကြောင်းကြားရန်လိုသည်။** ပစ္စည်းလွှဲပြောင်းရေးအက်ဥပဒေပုဒ်မ-၁၀၆ အရ အငှားချထားသူကဖြစ်စေ၊ ငှားယူသူကဖြစ်စေ အကြောင်းကြားစာပေး၍ ငှားရမ်းခြင်းကို ရပ်စဲရသည်။ အငှားချထားသူသည် ငှားရမ်းခကို ရထိုက်ခွင့်ရှိသူဖြစ်၍ ထိုသူသည် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေပုဒ်မ-၂ (ဂ)တွင် ဖော်ပြထားသည့် အိမ်ရှင်ဖြစ်ပေသည်။

သို့ဖြစ်ရာ ၎င်းဥပဒေပုဒ်မ-၁၂ (၁) (စ)အရ စွဲဆိုသည့်အမှုတွင် အိမ်ရှင်ဖြစ်သူက ပစ္စည်းလွှဲပြောင်းရေး ဥပဒေပုဒ်မ-၁၀၆ နှင့်အညီ အကြောင်းကြားစာပေး၍ ငှားရမ်းခြင်းကို ရပ်စဲရန်လိုကြောင်း ထင်ရှားပေသည်။ ထိုအိမ်ရှင်သည် ၁၂ (၁) (စ)ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်သည့် အဆောက်အအုံ၏ပိုင်ရှင်လည်းဖြစ်ရပေမည်။ သို့မှသာ ပုဒ်မ-၁၂ (၁) (စ) အရ ထိုဥပစာမှ အိမ်ငှားကို နှင်ထုတ်သည့် ဒီကရီရရှိမည်ဖြစ်သည်။

အချင်းဖြစ်ဥပစာ၏ မူလအိမ်ရှင်မှာ **အယူခံတရားလိုများ၏ အဘိုး ဦးအေဆက္ကားဖြစ်သည်။ အယူခံတရားလိုတို့သည် အချင်းဖြစ်ဥပစာကို ဦးအေဆက္ကားထံမှ အမွေဆက်ခံပိုင်ဆိုင်သည်ဖြစ်ရာ ၎င်းတို့အားလုံးသည် အချင်းဖြစ်ဥပစာ၏ အိမ်ရှင်များဖြစ်ကြပေသည်။** အယူခံတရားလိုတို့၏ အဆိုလွှာအပိုဒ်-၄ တွင် အောက်ပါအတိုင်း အဆိုပြုထားသည်။

တရားပြိုင်သည် အချင်းဖြစ်အခန်းကို မူလက ဦးအေဆက္ကားထံမှ ငှားရမ်းနေထိုင်ပါသည်။ ဦးအေဆက္ကား၏ သားသမီးများ အမွေခွဲဝေကြပြီးနောက်ပိုင်း၌ အချင်းဖြစ်အခန်း၏ ငှားရမ်းခကို တရားလိုတို့မိသားစုထံ တရားပြိုင်က ပေးဆောင်ပြီး ဆက်လက်ငှားရမ်းနေထိုင်ကြပါသည်။

တရားလိုတို့၏ မိခင် ဒေါ်အေးသိန်းသည် ၁၉၇၄ ခုနှစ် အောက်တိုဘာ ၁ ရက်တွင်လည်းကောင်း၊ ဖခင် ဦးစိန်အောင်သည် ၁၉၈၁ ခုနှစ် နိုဝင်ဘာ ၁၃ ရက်တွင်လည်းကောင်း အသီးသီးကွယ်လွန်ခဲ့ပြီးဖြစ်၍ အချင်းဖြစ်အခန်းကို တရားလိုတို့ မောင်နှမသုံးဦးက ဆက်လက်အမွေဆက်ခံပိုင်ဆိုင်ကြပါသည်။

အထက်ပါ အဆိုပြုချက်အရ အယူခံတရားလိုတို့သည် အချင်းဖြစ်ဥပစာ၏ အိမ်ရှင်များဖြစ်ကြကြောင်း အငြင်းပွားဖွယ်မရှိ တရားရုံးချုပ်က စိစစ်သုံးသပ်ခဲ့ပါသည်။

အိမ်ရှင်တစ်ဦးထက်ပိုလျှင် အိမ်ရှင်အားလုံးက အငှားချထားမှုရပ်စဲသည့် အကြောင်းကြားစာပေးပို့ရန်လိုကြောင်းကို တရားရုံးများက အစဉ်တစိုက် လက်ခံကျင့်သုံးခဲ့၍ အခြေကျနေသည့် မူတစ်ရပ်ဖြစ်နေကြောင်း တရားရုံးချုပ်က စိစစ်သုံးသပ်ခဲ့ပါသည်။

ဤအမှုနှင့်စပ်လျဉ်း၍ တရားရုံးချုပ် ပြင်ဆင်မှုအမှတ်-၂၂၉/၉၂ တွင် တရားရုံးချုပ်က **"အိမ်ရှင်တစ်ဦးဦးထက်ပိုလျှင် တစ်ဦးတည်းက အိမ်ငှားထံ နို့တစ်စာပေး၍ အိမ်ရှင်အိမ်ငှားအဖြစ်မှ ရပ်စဲခွင့်မရှိ၊ အိမ်ရှင်အားလုံးက နို့တစ်စာပေးမှသာ တရားဝင်နို့တစ်စာဖြစ်မည်ဆိုသည့်အချက်မှာ အငြင်းထွက်စရာအကြောင်းမရှိပေ။ အိမ်ရှင်သုံးဦးဖြစ်လျှင် သုံးဦးစလုံးက နို့တစ်စာပေးမှသာ တရားဝင်နို့တစ်စာဖြစ်ပေလိမ့်မည်။"**

ဒေါ်ခင်သူဇာနှင့် ဦးထွန်းဝင်းတို့၏ တရားစွဲဆိုခွင့် ခုခံပိုင်ခွင့်နှင့် တရားရုံးရှေ့ ပြောဆိုခွင့်အရပ်ရပ်လွှဲအပ်ခံရသူ ဒေါ်စန္ဒာစိန်က အိမ်ငှား ဦးလှမြင့်ထံ ၎င်း၏ ရှေ့နေမှတစ်ဆင့် ၁၉၉၁ ခုနှစ် ဒီဇင်ဘာ ၁၃ ရက် ရက်စွဲပါ နို့တစ်စာပေးပို့ခဲ့ရာ ထိုသို့ပေးပို့ခြင်းသည် အိမ်ရှင်သုံးဦးစလုံးအတွက် ကိုယ်စားပြုပေးပို့ရာ ရောက်၊ မရောက် အလေးပေးသုံးသပ်စဉ်းစားစရာ ပေါ်ပေါက်နေသည်။ သို့မှသာ နို့တစ်စာ တရားဝင်၊ မဝင်ဆိုသည့်ပြဿနာကို ဥပဒေနှင့်အညီ အဆုံးအဖြတ်ပေးနိုင်မည်ဟု လမ်းညွှန်ခဲ့ခြင်းဖြစ်ပေသည်။

အယူခံတရားပြိုင်ထံပေးပို့သည့် ၁၉၉၁ ခုနှစ် ဒီဇင်ဘာ ၁၃ ရက် ရက်စွဲပါ (သက်သေခံ-ည) အကြောင်းကြားစာတွင် အယူခံတရားလိုတစ်ဦးဖြစ်သူ ဒေါ်စန္ဒာစိန်၏ ညွှန်ကြားချက်အရ ဒေါ်စန္ဒာစိန်၏ ရှေ့နေများက ပေးပို့ခဲ့ခြင်းဖြစ်ကြောင်း တွေ့ရသည်။ **အဆိုပါအကြောင်းကြားစာတွင် အိမ်ရှင်သုံးဦးအတွက် ဒေါ်စန္ဒာစိန်က ကိုယ်စားပြုပေးပို့ခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြထားခြင်းမရှိသည်ကို တရားရုံးချုပ်က ထောက်ရှုဝေဖန်ခဲ့ပါသည်။ ဒေါ်စန္ဒာစိန်ကလည်း ကျန်အိမ်ရှင်များအတွက်ပါ ကိုယ်စားပြု၍အကြောင်းကြားခဲ့ခြင်းဖြစ်ကြောင်း မထွက်ဆိုခဲ့ပေ။ ၎င်းအချက်နှင့် ပတ်သက်၍လည်း သက်သေအထောက်အထား တစ်စုံတစ်ရာ တင်ပြထားခြင်းမရှိပေ။**

သို့ဖြစ်၍ အယူခံတရားပြိုင်တို့ထံ ပေးပို့သည့် အကြောင်းကြားစာသည် အိမ်ရှင်တစ်ဦးတည်းက ပေးပို့သည့် နို့တစ်စာဖြစ်၍ တရားမဝင်ကြောင်း မူလရုံးနှင့် ပထမအယူခံရုံးတို့က ဆုံးဖြတ်ခြင်းသည် မှားယွင်းခြင်းမရှိ၍ တရားရုံးချုပ်က အယူခံကို စရိတ်နှင့်တကွ ပလပ်ခဲ့ပါသည်။

**ဒေါ်ခင်သူဇာပါ ၃ နှင့် ဦးလှမြင့် ခေါ် ဦးအယ်လ်ဒူးရေ ၁၉၉၅ ခုနှစ် တရားမဒုတိယအယူခံမှုအမှတ်-၁** စီရင်ထုံးသည် မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ-၁၂ (၁) (စ) ပြဋ္ဌာန်းချက်၏ သိမ်မွေ့နက်နဲသောအချက်ကို သတိပြုဆင်ခြင်ကြရန် ပြည်သူအများနှင့် ရှေ့နေများကို ညွှန်ပြထားသော စီရင်ထုံးဖြစ်ကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။

---

# ဥတ္တရသီရိမြို့နယ် ဘုရားတောင်ကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၇**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် ဥတ္တရသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မောင်းရမ်းကျေးရွာအုပ်စု ဘုရားတောင်ကျေးရွာ၌ ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ကျေးလက်ရေရရှိရေး စက်ရေတွင်းတူးဖော်ခြင်းနှင့်ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဖေဖော်ဝါရီ ၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဥတ္တရခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုးလင်း၊ ဥတ္တရသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇာခြည်မွန်နှင့် တာဝန်ရှိသူများ၊ ကုမ္ပဏီမှ တာဝန်ရှိသူများက ကျေးရွာကော်မတီဝင်များနှင့်အတူ ဘုရားတောင်ကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး ဆွေးနွေးမှာကြားသည်။

ဘုရားတောင်ကျေးရွာ၌ အကျယ် လေးလက်မ၊ အနက်ပေ ၄၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်တည်ဆောက်ခြင်း၊ ရေစက်ရုံတည်ဆောက်ခြင်းနှင့် ခြံစည်းရိုးကာရံခြင်း လုပ်ငန်းများကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၂၁ ဒသမ ၀၂ သန်းဖြင့် တင်ဒါအောင်မြင်သည့် ကုမ္ပဏီက ၂၀၂၃ ခုနှစ် စက်တင်ဘာလ ပထမပတ်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက ကျေးရွာရှိ အိမ်ခြေ ၄၆၈ အိမ်၊ လူဦးရေ ၁၉၀၀ တို့အတွက် ရာသီမရွေး သောက်သုံးရေအခက်အခဲများ အဆင်ပြေနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သူသူ**

# လေးမြင့်၏ ရွှေတစ်လှည့်ဖွဲ့တစ်ဆုပ်

ပုသိမ်အောင်သန်းဦး

❖ "ရွှေတစ်လှည့်ဖွဲ့တစ်ဆုပ်ဝတ္ထုနှင့်ပတ်သက်ပြီး ဝေဖန်ရေးဆရာက ယနေ့လူငယ်များ၏ အရေးကိစ္စများကို လေးမြင့်သည် စိုက်လိုက်မတ်တတ်ဖော်ပြအားထုတ်နေသော စာရေးဆရာတစ်ယောက်ဟု သဘောရပါသည်။ တစ်ချိန်က အလုပ်အကိုင်မရှိ အလုပ်မလုပ်ဘဲ ဆိုးသွမ်းခဲ့ကြသော၊ ကားလမ်းဘေးတွင်လေလွင့်နေကြသော သူစိတ်ဝင်စားသည့် လူငယ်များကို လမ်းမှားမရောက်စေရန် ရေးသားထားသည်။ ဤသို့သော လူငယ်များ၏ဘဝကို စေတနာကောင်းဖြင့် ဖော်ပြရန်အားထုတ်နေသော လေးမြင့်ကို အသိအမှတ်ပြုရမည်ဖြစ်သည်ဟုဆိုပါသည်။ ❖

ကျော်မောင့်ဘဝက ကြမ်းသည်။ သူ့ဘဝ၏အခြေအနေက သူ့ကိုခရီးကြမ်းသို့ ပို့လွှတ်သည်။ သူ့အဖေသည် အရက်သမားအလုပ်လက်မဲ့၊ အမေကဈေးရောင်းကျွေးရသည်။ အဖေနှင့် သားသမီးသုံးယောက်စလုံးသည် အမေ့လုပ်စာကို အားကိုးနေရသည်။ အဖေက အမေနှင့်တကျက်ကျက်ရန်ဖြစ်သည်။ ဤအခြေအနေများကြောင့် ကျော်မောင် စာသင်ရသည်မှာမဖြောင့်ခဲ့။ နောက်ဆုံး ချစ်သောအမေနှင့် ညီငယ်၊ ညီမငယ်တို့ကို စွန့်ခွာကာ အိမ်ပြေးဖြစ်လာခဲ့သည်။ လူပေလူတေဖြစ်လာခဲ့သည်။

မိုးမိုးမှာ သူနှင့်အခြေအနေမတူ။ သူ့အဖေက လက်သမားဆရာ။ ရိုးသားသည်၊ ကြိုးစားသည်၊ အသုံးအစွဲကျစ်လျစ်သည်။ မိုးမိုးကလည်း ကျောင်းမသွားမီ အကြော်ရောင်းသည်။ အကြော်ရောင်းရငွေဖြင့် သူတို့ အိမ်စရိတ်ဖာထားနိုင်သည်။ စာသင်လည်းမပျက်ပေ။

မိုးမိုးက ကျော်မောင့်ကိုခင်သည်။ ကျော်မောင် ကျောင်းပြေး၊ အိမ်ပြေးဖြစ်နေသည်ကို မလိုလားပေ။ အိမ်ပြန်ရန်၊ ကျောင်းပြန်တက်ရန် တိုက်တွန်းသည်။ ကျော်မောင် ခြောက်တန်းနှင့် ကျောင်းမတက်တော့ မိုးမိုးကိုးတန်းရောက်လာသည်။

ကျော်မောင် အိမ်သို့ပြန်ခဲ့သည်။ မိုးမိုးတို့အိမ်သည် အလုပ်ကြိုးစားသောအဖေနှင့် လိမ္မာသောသမီးတို့ကြောင့် သာယာသော်လည်း ကျော်မောင်တို့အိမ်မှာ အရက်မူးပြီး ဆူဆဲနေသောအဖေကိုတွေ့ရ။ ကျော်မောင်က သူ့အဖေ၏တာဝန်မကျေမှုများကို ထောက်ပြသည်။ သူ့အဖေက စိတ်ဆိုးကာရိုက်သည်။ သူ့အိမ်ပေါ်က ဆင်းခဲ့ပြန်၏။

ကျော်မောင်အိမ်ပေါ်ကဆင်းလာပြီး သူနှင့်အတူ လေလွင့်လူငယ်များနှင့်ပေါင်းကာ အလစ်သမား၊ အချောင်သမား၊ ခါးပိုက်နှိုက်ဖြစ်လာသည်။ သယ်နိုးကျွန်း၊ ဘောက်ထော်၊ ကျောက်ကုန်း၊ တာမွေအပိုင်းမှ ရန်ကုန်ဘူတာကြီးထိ နယ်ချဲ့လာသည်။ ကျော်မောင် ထိုဘဝတွင် ပျော်နေမိသည်။

မိုးမိုးက ကျော်မောင် ဤသို့ ခိုးဆိုးလုယက် ခါးပိုက်နှိုက်ဘဝ ရောက်နေသည်ကို မလိုလား။ ကျော်မောင့်အဖြစ်ကို စိတ်မကောင်း၊ ဤအချိန်တွင် သန်းတင်ဆိုသူက မိုးမိုးကိုချစ်ရေးဆိုသည်။ သန်းတင်သည် ပုံနှိပ်တိုက်ပိုင်ရှင်၏သားဖြစ်သည်။ မိုးမိုးက မကြိုက်၊ ငြင်းသည်။

ထိုကာလတွင် ကျော်မောင့်အမေ မကျန်းမာ၊ ဈေးမရောင်းနိုင်ဖြစ်လာသည်။ ကျော်မောင့်ညီမ မကျည်းတန်က ပုံနှိပ်တိုက်တွင် စာဖောင်ခေါက်အလုပ်ကိုလုပ်ရသည်။ သမီးငယ် အလုပ်လုပ်နေရသော်လည်း သူ့ဖခင်မှာ အရက်သောက်မပျက်၊ တာဝန်မဲ့သူဖြစ်နေဆဲပင်။ အရက်ဆိုင်တွင်လည်း ရန်ဖြစ်စကားများ၊ အိမ်တွင်လည်း ဆူပူဆဲဆို၍သာနေလေသည်။ သမီးက မိခင်ကို ငဲ့ညှာသည်၊ ကူညီသည်။

တစ်နေ့ သမီးငယ်အတွက်ထားသည့် ဟင်းခွက်ကို အရက်သမားဖခင်ဦးဘကောင်းက လွှင့်ပစ်သည်။ သူ့အတွက်တော့ ယခုလိုဟင်းမချန်ဟူသော အကြောင်းပြချက်ဖြင့် ရန်ရှာခြင်းဖြစ်သည်။

တစ်ချိန်ကတော့ အရက်သမားကြီးဦးဘကောင်းသည် သူ့နယ်၌သောင်းကျန်းသူများကို နှိမ်နင်းရေးတာဝန်ယူပေးခဲ့ရသူဖြစ်သည်။ သူ့နယ်မှပါလီမန်အမတ် ဦးနန္ဒ၏လက်ရုံးတစ်ဆူလည်းဖြစ်သည်။ ဦးနန္ဒက ရန်ကုန်တွင်လိုက်နေရန်ခေါ်သဖြင့် ရောက်လာခြင်းဖြစ်သည်။ သို့သော် ဦးနန္ဒက သူ့လက်ရုံးဖြစ်သူ ဦးဘကောင်း၏ဘဝရပ်တည်ရေးအတွက်ကား တာဝန်မယူချေ။ သို့ဖြင့် ဦးဘကောင်း အရက်သမားဖြစ်လာခဲ့ခြင်းဖြစ်သည်။ သို့ဖြင့် ဦးဘကောင်းသည် တစ်ချိန်က သူ့အသက်ကယ်ပေးခဲ့သူ စီးပွားရေးသမားတစ်ဦးထံသွား၍ အကူအညီတောင်းသေးသည်။ မည်သို့မျှ အကူအညီမပေးချေ။ ထို့ကြောင့် လောကကြီးကိုစိတ်နာကာ အရက်ကိုဖိသောက်ရင်း အိမ်ထောင့်တာဝန်မကျေသည့် အရက်သမားကြီးလုံးလုံးဖြစ်လာခဲ့ခြင်းဖြစ်သည်။ ဇနီးဖြစ်သူကလည်း ဤအကြောင်းများသိထားသဖြင့် တတ်နိုင်သမျှ ရှုန်းကန်ကာ ဦးဘကောင်းနှင့်သားသမီးများကို ရှာဖွေကျွေးနေခဲ့ခြင်းဖြစ်သည်။

ကျော်မောင်သည် လူပေလူတေဘဝကိုစွန့်ပြီး အရက်ဆိုင်တစ်ဆိုင်တွင် အရက်ယူပေးသူအဖြစ် အလုပ်လုပ်သည်။ အမြည်းရောင်းသော အဒေါ်ကြီး အိမ်တွင်နေသည်။ ကျော်မောင် အလုပ်လုပ်သည့် ဆိုင်၌ ဖောက်သည်တစ်ယောက်ရှိသည်။ ပုံနှိပ်တိုက်ပိုင်ရှင် ဦးတင်မောင်ဖြစ်သည်။ ဦးတင်မောင်သည် ကျော်မောင့်ညီမ မကျည်းတန်၏အလုပ်ရှင်ဖြစ်သည်။

ဦးတင်မောင်က မကျည်းတန်အလုပ်ဝင်ချိန်မှာပင် ကရုဏာဖြစ်ခဲ့သည်။ ပုံနှိပ်တိုက်တွင် အလုပ်လုပ်နေသော်လည်း တကယ်အလုပ်လုပ်ရသည်မှာ ဦးတင်မောင်၏သမီးငယ်ကိုထိန်းရသည့်အလုပ်ကများသည်။ တစ်ခါသော် ဦးတင်မောင်၏ကားပေါ်တွင် မကျည်းတန်ကို သူထိန်းနေရသော ကလေးငယ်နှင့်အတူ ကျော်မောင်လှမ်းတစ်ပြက် တွေ့မြင်လိုက်ရသည်။

တစ်နေ့ ကျော်မောင် အိမ်ကိုသတိရကာ ပြန်လာသည်။ သူတို့မိသားစု ပြောင်းရွှေ့သွားပြီဟုသာသိရသည်။ မည်သည့်နေရာသို့ ပြောင်းရွှေ့သွားသည်ကို စုံစမ်း၍မရဖြစ်နေသည်။ မိဘများ၏သတင်းကိုစုံစမ်းရင်း မိုးမိုးအိမ်ဘက်သို့ ရောက်လာသည်။ မိုးမိုးကို ချစ်ရေးဆိုနေသော သန်းတင်က ပြတ်သားသည့်အဖြေကိုတောင်းသည်။

အိမ်တွင် မိုးမိုး၏အဖေကိုမတွေ့ရ။ သန်းတင်က မိုးမိုးကိုချစ်ရေးဆိုပြန်သည်။ နှုတ်ဖြင့်အားမရ၊ ကိုယ်လက်အမူအရာများနှင့် လွန်ကျူးလာသည်။ ကျော်မောင်ရောက်သွားပြီး သန်းတင်၏ရန်မှ အချိန်မီတားဆီးလိုက်သည်။ သန်းတင်နှင့် ထိုးကြိတ်ကြသည်။ သန်းတင်က ကျော်မောင့်ကိုအခဲမကြေ။

သန်းတင်သည် ပုံနှိပ်တိုက်ပိုင်ရှင် ဦးတင်မောင်၏သားဖြစ်သည်။ မကျည်းတန်မှာ မိဘများပြောင်းရွှေ့သွား၍ ပုံနှိပ်တိုက်တွင်ပင်နေရသည်။ သန်းတင်သည် အပြင်မထွက်ဘဲ အိမ်တွင်သာနေလာသောအခါ မကျည်းတန်၏အလှကိုမြင်လာသည်။ မကျည်းတန်ကို ချစ်ရေးဆိုပြန်သည်။ သို့နှင့် မကျည်းတန်နှင့်ငြိလေသည်။

ကျော်မောင်တို့ဖခင်ဦးဘကောင်းသည် တစ်နေ့ ဦးဘအောင်၏ကားနှင့်တိုက်မိသလိုဖြစ်ခဲ့ရာမှ သိကျွမ်းလာကြသည်။ ဦးဘအောင်မှာ မြေရှင်တစ်ဦးဖြစ်သည်။ ဦးဘကောင်းတို့မိသားစု၏ ဆင်းရဲဒုက္ခရောက်နေသည့်အဖြစ်ကိုမြင်တွေ့ရကာ သူ့လယ်မြေများရှိရာ မင်းရွာသို့ခေါ်ယူကာ လယ်များလုပ်စေသည်။

ဤသို့ဖြင့် ဦးဘကောင်းတို့မိသားစုအဆင်ပြေလာသည်။ ထိုအခါ ရန်ကုန်တွင်ကျန်ရစ်သည့်ကျော်မောင်နှင့်မကျည်းတန်တို့ကို ပြန်ခေါ်ရန် မိန်းမနှင့်တိုင်ပင်ပြီး ရန်ကုန်သို့ထွက်လာသည်။ ပုံနှိပ်တိုက်တွင်အလုပ်လုပ်နေသော မကျည်းတန်ကို ဝင်ခေါ်ရန်ဖြစ်သည်။ ကျော်မောင်သည်လည်း မိဘများကိုရှာမတွေ့သဖြင့် မကျည်းတန်ရှိရာ ပုံနှိပ်တိုက်သို့ရောက်လာသည်။

ဤတွင် သန်းတင်နှင့်ဆုံတွေ့သည်။ သန်းတင်က ကျော်မောင့်အပေါ် အငြိုးထားသူဖြစ်သည်။ ထို့ကြောင့် ကျော်မောင့်ကိုတွေ့သောအခါ သူခိုးဟု စွပ်စွဲပြီး အလုပ်သမားတို့ကို ရိုက်နှက်စေသည်။ ဤတွင် ဦးဘကောင်းရောက်လာကာ ကျော်မောင့်ကို ဝင်ကယ်သည်။ ဤတွင် သန်းတင်၏သံတုတ်ဒဏ်ကြောင့် ဦးဘကောင်းလဲကျသွားသည်။ ကျော်မောင်လည်း ဒဏ်ရာများရသည်။

ဆူညံသောအသံများကြောင့် မကျည်းတန်အိမ်ပေါ်ကဆင်းလာသည်။ အသက်ထွက်လုဆဲဆဲ ဖခင်ကိုတွေ့ရသည်။ ဒဏ်ရာကြောင့် ဦးဘကောင်းကွယ်လွန်သည်။ ကျော်မောင်မှာ ဆေးရုံကြီးသို့ရောက်ရှိကာ ကုသရသည်။

ဦးတင်မောင်က သန်းတင်ကို ဥပဒေအတိုင်းအရေးယူစေသည်။ ကျော်မောင်ဆေးရုံတက်စဉ် မိုးမိုးလာရောက်စောင့်ရှောက်သည်။ ကျော်မောင်ဆေးရုံကဆင်းပြီး မကျည်းတန်နှင့်အတူ မင်းရွာသို့သွားကြသည်။ မိုးမိုးကျောင်းဆရာမအဖြစ် မင်းရွာသို့ရောက်လာသည်။ ကျော်မောင်နှင့် မိုးမိုးတို့ လက်ထပ်လိုက်သည်။

သန်းတင်လည်း ထောင်မှထွက်လာသောအခါ မကျည်းတန်ကို လာရောက်ခေါ်သွားသည်။ ကျော်မောင်၏လယ်ထဲတွင် တစ်ချိန်ကဆိုးဖော်ဆိုးဖက်များဖြစ်သော ငတိုးနှင့် ကံကြီးတို့ရောက်လာကာ အတူလုပ်ကိုင်စားသောက်ကြသည်။

"ရွှေတစ်လှည့်ဖွဲ့တစ်ဆုပ်"ဝတ္ထုနှင့်ပတ်သက်ပြီး ဝေဖန်ရေးဆရာက ယနေ့လူငယ်များ၏ အရေးကိစ္စများကို လေးမြင့်သည် စိုက်လိုက်မတ်တတ်ဖော်ပြအားထုတ်နေသော စာရေးဆရာတစ်ယောက်ဟု သဘောရပါသည်။ တစ်ချိန်က အလုပ်အကိုင်မရှိ အလုပ်မလုပ်ဘဲ ဆိုးသွမ်းခဲ့ကြသော၊ ကားလမ်းဘေးတွင်လေလွင့်နေကြသော သူစိတ်ဝင်စားသည့်လူငယ်များကို လမ်းမှားမရောက်စေရန် ရေးသားထားသည်။ ဤသို့သော လူငယ်များ၏ဘဝကို စေတနာကောင်းဖြင့် ဖော်ပြရန်အားထုတ်နေသော လေးမြင့်ကိုအသိအမှတ်ပြုရမည်ဖြစ်သည်ဟုဆိုပါသည်။

လေးမြင့်သည် ဝါးခယ်မမြို့နယ် စပါးရိုးရွာသားဖြစ်သည်။ ၁၉၂၇ ခုနှစ် ဒီဇင်ဘာ ၁၆ ရက်နေ့တွင် အဖလယ်သမား ဦးအေးဘ၊ အမိ ဒေါ်စိန်နက်တို့က မွေးဖွားခဲ့သည်။

ဆရာလေးမြင့်ရေးသားခဲ့သော လုံးချင်းများမှာ နှောင်းချစ်ရက်လွန်၊ ဟောင်းရွှက်ကြွေမြေခတော့၊ မေတ္တာ၊ မောင့်ကြင်ရာ၊ သဲလွှာနုနု၊ နှစ်လင်စံ၊ လွမ်းခုတိုင်၊ ငယ်ချစ် စသည့် ဝတ္ထုလုံးချင်းများ ရေးသားခဲ့သည်။

၁၉၆၇ ခုနှစ်တွင် "ပုလဲတစ်ကန့် ရွှဲတစ်ကန့်"ဝတ္ထုတိုပေါင်းချုပ်ဖြင့် အမျိုးသားစာပေဆုရခဲ့သည်။

**ကိုးကား**

– **မလိခ၏ မြန်မာဝတ္ထုအညွှန်း**

# တောင်တွင်းကြီးမြို့နယ် ညောင်နီပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**တောင်တွင်းကြီး ဖေဖော်ဝါရီ ၇**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင်မိသားစုကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် ကျေးလက်ဒေသဆင်းရဲမှုနှုန်းကို လျှော့ချနိုင်ရန်ရည်ရွယ်၍ ညောင်နီပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ဖေဖော်ဝါရီ ၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမိုးဝင်း၊ မကွေးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြသက်ထွေး၊ တောင်တွင်းကြီးမြို့နယ် ဦးစီးမှူး ဦးခုတ်မွန်းလျှန်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ညောင်နီပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ၊ စီမံကိန်းဆိုင်ရာစာရင်းဇယားများ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် လုပ်ငန်းအမျိုးအစားအလိုက် ရန်ပုံငွေထုတ်ချေးထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယညွှန်ကြားရေးမှူး ဦးမိုးဝင်းက လုပ်ငန်းများ စံချိန်စံညွှန်းပြည့်မီအောင် ဆောင်ရွက်ကြရန်နှင့် လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ညောင်နီပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် စတင်ဆောင်ရွက်ခဲ့ပြီး ယခုအခါ ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၉ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ငါးဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ငါးဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ၈၉ ဦးကို ငွေကျပ် သန်း ၃၀ ထုတ်ချေးပေးထားကြောင်း မကွေးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**အိပိုးပိုး**

# ချီလီနိုင်ငံတွင် တောမီးကြောင့် သေဆုံးသူ ၁၂၃ ဦး၊ ပျောက်ဆုံးနေသူ ၃၃ ဦးထိရှိလာ



**ဆန်တီယာဂို ဖေဖော်ဝါရီ ၇**

ချီလီနိုင်ငံတွင် ဖေဖော်ဝါရီ ၂ ရက်မှ စတင်လောင်ကျွမ်းခဲ့သော တောမီးသည် မြို့ရွာများသို့ ကူးစက်လောင်ကျွမ်းခဲ့ရာ တောမီးကြောင့် ဖေဖော်ဝါရီ ၆ ရက် ညနေပိုင်းထိ သေဆုံးသူ ၁၂၃ ဦး၊ ပျောက်ဆုံးနေသူ ၃၃ ဦးထိရှိလာကြောင်း ဒေသဆိုင်ရာတာဝန်ရှိသူများ၏ ယနေ့ ထုတ်ပြန်ချက်များအရ သိရသည်။

တောမီးလောင်ကျွမ်းမှုဖြစ်ပွားချိန်တွင် အပူချိန် ၄၀ ဒီဂရီစင်တီဂရိတ်ထိရှိခဲ့ပြီး ပတ်ဝန်းကျင်ခြောက်သွေ့မှုနှင့် အပူချိန်ပြင်းထန်မှုကြောင့် နေအိမ်များကို မီးကူးစက်လောင်ကျွမ်းခဲ့ရာ ချီလီနိုင်ငံ၏ နာမည်ကြီး အပန်းဖြေမြို့တစ်မြို့ဖြစ်သော ဗီနာဒယ်လ်မာမြို့သည် အဆိုးရွားဆုံး မီးကူးစက်လောင်ကျွမ်းမှုကိုခံခဲ့ရကြောင်း သိရသည်။

တောမီးလောင်ကျွမ်းမှုအတွင်း ပျောက်ဆုံးနေသူများလည်း ရှိနေသဖြင့် သေဆုံးသူအရေအတွက် ထပ်မံမြင့်တက်လာဖွယ်ရှိသည်ဟု ဒေသဆိုင်ရာ ဆေးဘက်ဝန်ဆောင်မှုနှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့က သတင်းထုတ်ပြန်ခဲ့ကြောင်း၊ ချီလီသမ္မတ ဂါဘရီရယ်ဘောရစ်က အလွန်ကြေကွဲစရာ အဖြစ်ဆိုးအဖြစ် ကြေညာခဲ့ကာ ဖေဖော်ဝါရီ ၆ ရက်ကို နိုင်ငံတော်ဝမ်းနည်းခြင်းနေ့အဖြစ် သတ်မှတ်ခဲ့ကြောင်း သိရသည်။

ချီလီနိုင်ငံတစ်ဝန်း ယခုနှစ်အတွင်း တောမီးလောင်ကျွမ်းမှု ၁၆၅ ကြိမ်ခန့်ဖြစ်ပွားခဲ့ပြီး မီးကူးစက်လောင်ကျွမ်းမှုကြောင့် အိမ်ခြေ ၁၅၀၀၀ ခန့် ပျက်စီးခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာန လက်ထောက်အတွင်းဝန် မန်နျူရယ်မွန်ဆာလ်ဗီက ပြောကြားခဲ့သည်။

တောမီးကူးစက်လောင်ကျွမ်းမှုနှင့်ပတ်သက်၍ သဘာဝအလျောက်ကူးစက်လောင်ကျွမ်းခြင်း ဟုတ်၊ မဟုတ် စုံစမ်းစစ်ဆေးမှုများဆောင်ရွက်နေပြီး အဆိုပါဒေသများတွင် ညမထွက်ရအမိန့်ကိုလည်း ထုတ်ပြန်ထားကြောင်း သိရသည်။

**Ref : Russia Today**
**Trs : AZH**

# ဆော်တိုမေးအာရေဗျနိုင်ငံတွင် ယခုနှစ် ဇန်နဝါရီလက ဖုန်နှင့်သဲမုန်တိုင်းများ သိသိသာသာလျော့ကျခဲ့

**ရီယာဒ် ဖေဖော်ဝါရီ ၇**

ဆော်ဒီအာရေဗျနိုင်ငံတွင် ယခုနှစ်ဇန်နဝါရီလက ဖုန်မုန်တိုင်းနှင့် သဲမုန်တိုင်းများ သိသိသာသာ လျော့ကျလာခဲ့ကြောင်း သဘာဝပတ်ဝန်းကျင်၊ ရေနှင့် စိုက်ပျိုးရေးဝန်ကြီးဌာန၏ ဖေဖော်ဝါရီ ၆ ရက် ထုတ်ပြန်ချက်များအရ သိရသည်။

ဖုန်မုန်တိုင်းနှင့် သဲမုန်တိုင်းများဖြစ်ပေါ်မှုကို လျော့ချနိုင်မှုသည် ယခုနှစ် ဇန်နဝါရီလက ယခင်နှစ်များထက် ၉၄ ရာခိုင်နှုန်းထိကျဆင်းခဲ့ပြီး ထိုသို့ ရလဒ်များကောင်းမွန်စေခြင်းသည် သဘာဝပတ်ဝန်းကျင်၊ ရေနှင့် စိုက်ပျိုးရေးဝန်ကြီးဌာန၏ စုပေါင်းကြိုးပမ်းမှုရလဒ်ဖြစ်ကြောင်း၊ သဲမုန်တိုင်းနှင့် ဖုန်မုန်တိုင်းများ သတိပေးချက်ဒေသဆိုင်ရာ ဗဟိုဌာနကလည်း ဒေသအသီးသီးတွင် ထူးထူးခြားခြားလျော့ကျသွားသည့် အခြေအနေများကို နောက်ဆုံးအစီရင်ခံစာ၌ ထည့်သွင်းဖော်ပြထားကြောင်း သိရသည်။

အဆိုပါကာလအတွင်း ဆော်ဒီအာရေဗျနိုင်ငံမြို့တော် ရီယာဒ်မြို့နှင့် ဒါမန်မြို့တို့တွင် ဖုန်မုန်တိုင်းနှင့် သဲမုန်တိုင်းများ၏ သက်ရောက်မှုကို ရာနှုန်းပြည့်လျှော့ချနိုင်ခဲ့ပြီး ဝါဒီအယ်လ်ဒါဝါဆာပြည်နယ်တွင် ၈၁ ရာခိုင်နှုန်းနှင့် အယ်လ်အာဆာပြည်နယ်တွင် ၈၃ ရာခိုင်နှုန်းထိ သိသိသာသာ လျော့ကျခဲ့ကြောင်း သိရသည်။

သဘာဝပတ်ဝန်းကျင်၊ ရေနှင့် စိုက်ပျိုးရေးဝန်ကြီးဌာနအနေဖြင့် သဘာဝပတ်ဝန်းကျင်စနစ်နှင့်နိုင်ငံတော်၏ ၂၀၃၀ ပြည့်နှစ် မျှော်မှန်းချက်ကို အကောင်အထည်ဖော်နိုင်ရန် ဖုန်နှင့်သဲမုန်တိုင်းများဖြစ်ပေါ်မှုကို လျှော့ချနိုင်ခဲ့ခြင်းဖြင့် အစပျိုးနိုင်ခဲ့ကြောင်း ကြေညာချက်တွင် ထည့်သွင်းဖော်ပြထားသည်။

ဆော်ဒီအိမ်ရှေ့မင်းသား မိုဟာမက်ဘင်ဆယ်လ်မန်သည် ရာသီဥတုပြောင်းလဲမှုဆိုင်ရာများ၊ သဲနှင့် ဖုန်မုန်တိုင်းများလျော့ချမှုတို့နှင့်ပတ်သက်၍ စိမ်းလန်းမှုအစပျိုးရေးအစီအစဉ်ကို ၂၀၂၁ ခုနှစ် မတ်လက စတင်ကြေညာခဲ့ပြီးနောက် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : AZH**

# ဖိလစ်ပိုင်နိုင်ငံတွင် မြေပြိုကျမှုကြောင့် ဘတ်စကားနှစ်စီးပျက်စီးပြီး လူ ၁၁ ဦး ထိခိုက်ဒဏ်ရာရရှိ

**မနီလာ ဖေဖော်ဝါရီ ၇**

ဖိလစ်ပိုင်နိုင်ငံ တောင်ဘက်ပိုင်းတွင် ဖေဖော်ဝါရီ ၆ ရက်က မြေပြိုကျမှုကြောင့် ဘတ်စကားနှစ်စီး မြေသားနှင့်ကျောက်တုံးများ ဖိကာပျက်စီးခဲ့ပြီး အဆိုပါဘတ်စကားများဖြင့် လိုက်ပါလာသည့် ခရီးသည် ၁၁ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဖိလစ်ပိုင်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

အဆိုပါဖြစ်စဉ်သည် ဖေဖော်ဝါရီ ၆ ရက် ညနေပိုင်းက မာကိုနယ်မြေတွင် ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ပြီး မြေသားများနှင့် ကျောက်တုံးများ ဖိခဲ့သည့် ဘတ်စကားနှစ်စီးမှာ Apex Mining ကုမ္ပဏီက မိုင်းလုပ်သားများကို အကြိုအပို့လုပ်ပေးနေသည့် ဘတ်စကားများဖြစ်ကြောင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသလို ထိခိုက်ဒဏ်ရာရရှိခဲ့သည့် မိုင်းလုပ်သားများကို မာကိုနယ်မြေရှိ ဆေးရုံကြီးသို့ အရေးပေါ်ပို့ဆောင်ပေးခဲ့ကြောင်း မာကိုနယ်မြေအရေးပေါ်ကယ်ဆယ်ရေးအေဂျင်စီက ထုတ်ပြန်ခဲ့သည်။

"မြေပြိုကျမှုကြောင့် ကုမ္ပဏီရဲ့ ဝန်ထမ်းတွေကို အကြိုအပို့လုပ်ပေးနေတဲ့ ဘတ်စကားနှစ်စီး ပျက်စီးသွားခဲ့ပါတယ်။ ဘတ်စကားပေါ်မှာ လိုက်ပါလာတဲ့ ဝန်ထမ်း ၁၁ ယောက် ထိခိုက်ဒဏ်ရာရရှိခဲ့ပါတယ်။ မာကိုအရေးပေါ်ကယ်ဆယ်ရေးအေဂျင်စီက ဝန်ထမ်းတွေက ကယ်ဆယ်ရေး လုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်။ ကယ်ဆယ်ရေးလုပ်ငန်းတွေကို ဆောင်ရွက်တဲ့နေရာမှာ မြေပြိုကျမှုကြောင့် အကန့်အသတ်တွေရှိနေပါတယ်။ ထိခိုက်ဒဏ်ရာရရှိခဲ့တဲ့ ဝန်ထမ်းတွေကိုလဲ အရေးပေါ်အခြေအနေနဲ့ ဆေးရုံကို ပို့ဆောင်ပေးထားပါတယ်"ဟု Apex Mining ကုမ္ပဏီမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။



မြေပြိုကျမှုကြောင့် မာကိုနယ်မြေရှိ ကျေးလက်ဒေသငါးခုမှ ဒေသခံများကိုလည်း ဘေးလွတ်ရာ ရွှေ့ပြောင်းရန် ဖိလစ်ပိုင်အာဏာပိုင်အဖွဲ့အစည်းက ညွှန်ကြားခဲ့ပြီး ကယ်ဆယ်ရေး ဝန်ထမ်းများက ဘေးလွတ်ရာ ရွှေ့ပြောင်းမှုများ ပြုလုပ်ပေးနေကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : Sai Sat**

# ကျူးဘားနိုင်ငံကမ်းခြေများတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကြီးမားသောရေလှိုင်းများ ဖြစ်ပေါ်ကာ လေတိုက်နှုန်းမြင့်တက်နေ

**ဟာဗားနား ဖေဖော်ဝါရီ ၇**

ကျူးဘားနိုင်ငံ ကမ်းခြေဒေသများတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကြီးမားသောရေလှိုင်းများ ဖြစ်ပေါ်ကာ လေတိုက်နှုန်းများ မြင့်တက်နေကြောင်း ကျူးဘားအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

လေတိုက်နှုန်းမှာ တစ်နာရီလျှင် ၆၂ မိုင်နှုန်းဖြင့် တိုက်ခတ်နေပြီး အန္တရာယ်ရှိသည့်အခြေအနေဖြစ်ကြောင်း၊ မိုးသက်လေပြင်းအသွင်ဖြစ်ပေါ်နေခြင်းဖြစ်ပြီး အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်ဘက်မှ အစပျိုးလာခြင်းဖြစ်ကြောင်း၊ လေတိုက်နှုန်းမြင့်မားမှုကြောင့် ဓာတ်တိုင်များလဲကျကာ သစ်ပင်ကြီးတချို့လည်း လဲကျမှုဖြစ်ပေါ်ခဲ့ပြီး ဟာဗားနားမြို့၌ နေအိမ်အမြောက်အမြား လျှပ်စစ်မီး ပြတ်တောက်မှုဖြင့် ရင်ဆိုင်နေရကြောင်း ကျူးဘားအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"မိုးတွေရွာ၊ လေတွေတိုက်ပြီးတော့ ကမ်းခြေမှာလဲ လှိုင်းလုံးကြီးတွေက ကြောက်စရာကောင်းပါတယ်။ လမ်းပေါ်မှာလဲ အမှိုက်သရိုက်တွေ၊ ဒိုက်တွေ၊ ရေမှော်တွေ ရေစီးနဲ့အတူရောက်လာပြီး လမ်းတွေပိတ်နေတယ်။ လမ်းမကြီးတချို့လဲ ရေမြုပ်နေတယ်။ အအေးဓာတ်လဲမြင့်မားနေပါတယ်။ ဒီလိုအအေးဓာတ်မြင့်မားတာ တစ်ခါမှမကြုံဖူးသေးပါဘူး။ ဒါဟာ ရာသီဥတုပြောင်းလဲမှုတစ်ရပ်ဖြစ်လိမ့်မယ်"ဟု ဟာဗားနားဒေသခံ ဂျာကွီလိုင်းက ပြောကြားသည်။

မိုးသည်းထန်စွာရွာသွန်းမှုနှင့်အတူ အပူချိန်မှာလည်း ပုံမှန်အောက် ၁၂ ဒီဂရီစင်တီဂရိတ်ထိ ကျဆင်းလျက်ရှိကြောင်း၊ ကျူးဘားကမ်းခြေတွင် ကြီးမားသည့်လှိုင်းလုံးများဖြစ်ပေါ်ကာ ရေစီးနှင့်အတူ ရေညှိများ၊ ပင်လယ်ရေမှော်များနှင့် ဒိုက်များ လမ်းမကြီးများထက်သို့ ရောက်ရှိကာ လမ်းပိတ်ဆို့မှုများဖြစ်ပေါ်လျက်ရှိပြီး လမ်းမကြီးတချို့မှာလည်း ရေလွှမ်းပြီး ဖြတ်သန်းသွားလာ၍မရတော့သည့် အခြေအနေကြောင့် အဆိုပါလမ်းမကြီးများကို ယာယီပိတ်ထားကြောင်း ကျူးဘားအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

**Ref : Russia Today**
**Trs : Sai Sat**

# တရုတ်နိုင်ငံတွင် ဆီးနှင်းများထူထပ်စွာကျဆင်းမှုကြောင့် ရထားခရီးစဉ်တချို့ ယာယီရပ်ဆိုင်းထား

**ပေကျင်း ဖေဖော်ဝါရီ ၇**

တရုတ်နိုင်ငံ အရှေ့ဘက်ပိုင်းနှင့်တောင်ဘက်ပိုင်းတို့တွင် ဆီးနှင်းများ ထူထပ်စွာကျဆင်းလျက်ရှိပြီး ဆီးနှင်းများသည် ရထားလမ်းများနှင့် ကားလမ်းများထက်တွင် ထူထပ်စွာဖုံးလွှမ်းနေသည့်အတွက် ရထားခရီးစဉ်တချို့ကို ယာယီရပ်ဆိုင်းထားကြောင်း တရုတ်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

တရုတ်နိုင်ငံတွင် ပြီးခဲ့သောရက်သတ္တပတ်ကစ၍ ဆီးနှင်းကျဆင်းမှုနှုန်း မြင့်တက်ခဲ့ခြင်းဖြစ်ပြီး ဖေဖော်ဝါရီ ၆ ရက်က ဆီးနှင်းများဖုံးလွှမ်းမှုကြောင့် မီးရထားခရီးစဉ်တချို့ကို ယာယီရပ်ဆိုင်းကာ လမ်းပိုင်းပြုပြင်ရှင်းလင်းမှုများ ပြုလုပ်ခဲ့ရကြောင်း၊ ဟူနန်ပြည်နယ်နှင့် ဟူဘေးပြည်နယ်တို့တွင် ဆီးနှင်းဖုံးလွှမ်းမှုနှုန်းအမြင့်ဆုံးဖြစ်ပြီး ဆီးနှင်းကျဆင်းမှုကြောင့် မော်တော်ကားခရီးစဉ်၊ မီးရထားခရီးစဉ်အမြောက်အမြားအပြင် လေကြောင်းခရီးစဉ်တချို့ကိုပါ ယာယီရပ်ဆိုင်းထားရကြောင်း တရုတ်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

လက်ရှိကာလတွင် တရုတ်နှစ်သစ်ကူးပွဲတော်ကာလအတွက် ပြည်သူများ အများဆုံးခရီးထွက်သည့်ကာလဖြစ်ပြီး ဆီးနှင်းများ ထူထပ်စွာကျဆင်းမှုကြောင့် ကားလမ်း၊ မီးရထားလမ်း အမြောက်အမြားကို ပိတ်ထားရသည့် အခြေအနေဖြစ်သလို လေကြောင်းခရီးစဉ်တချို့ကိုပါ ယာယီရပ်ဆိုင်းထားရခြင်းကြောင့် ပြည်သူများအတွက် များစွာ အခက်အခဲဖြစ်ပေါ်စေကြောင်း သိရသည်။

တရုတ်နိုင်ငံတွင် ဆီးနှင်းများ ထူထပ်စွာ ကျဆင်းမှုကြောင့် မတော်တဆမှုဖြစ်ပွားပြီး လူနှစ်ဦး သေဆုံးမှု ဖြစ်ပေါ်ခဲ့ကြောင်း၊ သေဆုံးသူနှစ်ဦးအနက် တစ်ဦးမှာ ဟူဘေးပြည်နယ်မှဖြစ်ပြီး ကျန်တစ်ဦးမှာ ဟူနန်ပြည်နယ်မှဖြစ်ကြောင်း၊ ဆီးနှင်းထူထပ်စွာကျဆင်းမှုနှင့်ဆက်စပ်သည့် သဘာဝဘေးဒဏ်ဖြင့်ရင်ဆိုင်နေရသည့် ပြည်သူများအတွက် ကယ်ဆယ်ရေး အထောက်အကူပြုပစ္စည်း ၂၀၀၀၀ ကျော်ကို သက်ဆိုင်ရာပြည်နယ် အာဏာပိုင် အဖွဲ့အစည်းများထံ ပို့ဆောင်ပေးထားကြောင်း တရုတ်သဘာဝပတ်ဝန်းကျင် အရေးပေါ်စီမံခန့်ခွဲမှုဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

**Ref : Xinhua News**
**Trs : Sai Sat**

# အခွံမာသီးကိုစားသော တိရစ္ဆာန်များ

ခိုင်ဇင်

အခွံမာသီးတွေမှာ ပရိုတင်းဓာတ်၊ ကာဗိုဟိုက်ဒရိတ်ဓာတ်နဲ့ တခြားသောအာဟာရဓာတ်တွေပါဝင်တာကြောင့် ကျန်းမာရေးအတွက် အကောင်းဆုံးအစားအစာဖြစ်ပါတယ်။ ကြွက်ကလေးတွေ၊ ငှက်ကလေးတွေကနေ တောကောင်ကြီးအရွယ်တွေထိ အစေ့အဆန်တွေကို စားကြပါတယ်။ အစေ့ကိုစားတဲ့တိရစ္ဆာန်တွေဟာ အစေ့တွေကိုစားပြီးတဲ့နောက် မစင်စွန့်ပစ်တာနဲ့ အစာပြန်အန်တာတို့ကနေ သစ်ပင်သစ်တောတွေကို ရှင်သန်ပေါက်ရောက်စေပါတယ်။ အခုဖော်ပြပေးသွားမှာကတော့ အခွံမာသီးတွေကို နှစ်သက်စွာစားသုံးတဲ့ တိရစ္ဆာန်တွေထဲက တချို့ကို ဖော်ပြပေးသွားမှာဖြစ်ပါတယ်။

**ရှဉ့်**



ရှဉ့်တွေဟာ သစ်အယ်သီး၊ သစ်ကြားသီးနဲ့ ဝက်သစ်ချသီးတို့လို အခွံမာသီးအတော်များများကို စားကြပါတယ်။ ပျမ်းမျှအနေနဲ့ ရှဉ့်တစ်ကောင်ဟာ ရက်သတ္တတစ်ပတ်ကို အစာတစ်ပေါင်လောက်စားရုံနဲ့ ဖူလုံသွားတတ်ကြပါတယ်။ ဒ့ါပြင် ရှဉ့်တွေဟာ ဆောင်းရာသီတစ်ခုလုံးစားဖို့အတွက် အခွံမာသီးတွေနဲ့ အခြားအစားအစာတွေကို ကြိုတင်စုဆောင်းသိမ်းဆည်းတတ်ကြပါတယ်။ ဒါကြောင့်လဲ ရှဉ့်တွေနေထိုင်ရာတွင်းတွေ၊ သစ်ခေါင်းပေါက်တွေထဲမှာ အခွံမာသီးများစွာကို တွေ့ရှိရတတ်တာပဲဖြစ်ပါတယ်။ အခွံမာသီးက အဆီဓာတ်နဲ့ ပရိုတင်းဓာတ်တွေပြည့်ဝပြီး သိမ်းဆည်းရလွယ်ကူတာကြောင့် ရှဉ့်တွေကြိုက်နှစ်သက်ကြတာဖြစ်ပါတယ်။

**နံ့စော်ဖျံ**



နံ့စော်ဖျံတွေဟာ အန္တရာယ်ကြုံတွေ့ရချိန်မှာ ခန္ဓာကိုယ်ကနေဆိုးရွားပြင်းထန်စူးရှတဲ့ရနံ့ ထုတ်လွှတ်တတ်တာကြောင့် နံ့စော်ဖျံလို့ခေါ်ကြတာဖြစ်ပါတယ်။ ကမ္ဘာတစ်ဝန်းမှာ နံ့စော်ဖျံမျိုးစိတ်ပေါင်း ၁၁ မျိုးရှိပြီး ကိုးမျိုးကို အမေရိကတိုက်တွင်တွေ့နိုင်ပါတယ်။ နံ့စော်ဖျံမျိုးစိတ်နှစ်မျိုးကတော့ အာရှမှာ နေထိုင်ကျက်စားကြပါတယ်။ နံ့စော်ဖျံတွေဟာ ပုံမှန်အနေနဲ့ အဖြူ၊ အမည်း၊ အညို၊ နို့နှစ်၊ နီဝါ စတဲ့အရောင်တွေနဲ့မြင်တွေ့ရမှာဖြစ်ပါတယ်။ နံ့စော်ဖျံတွေဟာ ရာသီကိုလိုက်ပြီး စားတဲ့အစားအသောက်ကို ပြောင်းလဲစားသောက်လေ့ရှိတဲ့အတွက် အစားအစာရှားပါးတာမျိုးကို သိပ်မကြုံရတဲ့တိရစ္ဆာန်တွေဖြစ်ပါတယ်။ နွေရာသီလို ပူပြင်းတဲ့ကာလမှာ အဆီများတဲ့ငါးနဲ့ကောက်ရိုးတွေကိုစားပြီး ဆောင်းရာသီလိုချမ်းအေးတဲ့ကာလမှာတော့ ကောက်ညှင်းနဲ့အခွံမာသီးလိုအစာမျိုး စားရတာကို နှစ်သက်ကြပါတယ်။ ကြိမ်သီး၊ ပီကန်သီးနဲ့ သစ်ကြားသီးတွေဟာ နံ့စော်ဖျံတွေ ကြိုက်တဲ့အသီးတွေပဲဖြစ်ပါတယ်။

**ရက်ကွန်းဝံ**



ရက်ကွန်းဝံတွေဟာ ဝက်ဝံမျိုးစိတ်မှာပါပေမဲ့ နောက်ခြေကို မြေပေါ်မှာ အပြားလိုက်ချပြီး လမ်းလျှောက်တတ်တာကလွဲလို့ တခြားအမူအရာနဲ့ အသွင်အပြင်တို့မှာမတူတဲ့အပြင် ဝက်ဝံလောက်လဲ အကောင်မကြီးပေ။ ရက်ကွန်းဝံတွေဟာ အမေရိကမြောက်ပိုင်းနဲ့အလယ်ပိုင်းတို့မှာရှိတဲ့ တောတောင်တွေမှာပဲ ကျက်စားကြပါတယ်။ ရက်ကွန်းဝံတွေဟာ အစာမရွေးစားတဲ့တိရစ္ဆာန်တွေအနေနဲ့ လူသိများပါတယ်။ ရက်ကွန်းဝံတွေဟာ ညအချိန်မှာ မြို့ပြပတ်ဝန်းကျင်အထိလာပြီး အမှိုက်ပုံးတွေမှာ အစာအကြွင်းအကျန်တွေကို လာရောက်ရှာစားကြတဲ့အပြင် ငါး၊ အင်းဆက်၊ ဘယ်ရီသီးတွေကိုလဲ စားကြပါသေးတယ်။ အခွံမာသီးတွေကတော့ ရက်ကွန်းဝံတွေ အဓိကစားတဲ့အစာဖြစ်ပါတယ်။ အစားအစာရှားပါးတဲ့ ဆောင်းရာသီလိုကာလမှာ သစ်အယ်သီး၊ သီဟိုဠ်စေ့နဲ့ ဝက်သစ်ချသီးလို အခွံမာသီးတွေကို အားပြုစားကြပါတယ်။

**သမင်**



သမင်တစ်ကောင်ဟာ ခန္ဓာကိုယ်အတွက် လိုအပ်တဲ့စွမ်းအင်ရရှိဖို့ သူ့ခန္ဓာကိုယ်အလေးချိန်ရဲ့ ခြောက်ရာခိုင်နှုန်းကနေ ရှစ်ရာခိုင်နှုန်းကြားနေ့စဉ် အစာစားပေးဖို့လိုအပ်ပါတယ်။ ဒါကြောင့်လဲ သမင်တွေဟာ တစ်နေ့တာရဲ့ အချိန်အတော်များများကို အစာရှာဖို့သုံးစွဲကြတာဖြစ်ပါတယ်။ သမင်တွေဟာ သစ်သီး၊ မှို၊ အရွက်နဲ့အခွံမာသီးတွေလို အစားအစာအမျိုးမျိုးကို စားကြပါတယ်။ သမင်အများစုနှစ်သက်တဲ့ အခွံမာသီးတွေကတော့ ဟစ်ကာရီလို့ခေါ်တဲ့ မြောက်အမေရိကသစ်မာသီး၊ ဝက်သစ်ချသီး၊ ပီကန်သီးနဲ့ဘီးခ်ျအသီးတွေဖြစ်ပါတယ်။

**အပြာရောင်ဖွတ်ကုလားငှက်**



အပြာရောင်ဖွတ်ကုလားငှက်တွေဟာ ကျီးကန်းမျိုးနွယ် ငှက်မျိုးစိတ်ဖြစ်ပြီး ဉာဏ်ရည်ထက်မြက်ကြပါတယ်။ အပြာရောင်ဖွတ်ကုလားငှက်တွေဟာ အစေ့အဆန်တွေစားပြီး သူတို့မစင်စွန့်ရာမှ မတူကွဲပြားတဲ့နေရာသစ်တွေမှာ အပင်သစ်တွေကို ပေါက်ရောက်စေပါတယ်။ အပြာရောင်ဖွတ်ကုလားငှက်တွေမှာ မာကျောတဲ့မေးရိုးရှိတာကြောင့် အခွံမာသီးတွေကို အလွယ်တကူ ခွဲနိုင်တာပဲဖြစ်ပါတယ်။ အပြာရောင်ဖွတ်ကုလားငှက်တွေဟာ လည်ချောင်းမှာ အစာကိုသိမ်းဆည်းနိုင်ကြပါတယ်။

**အမေရိကန်ဝက်ဝံနက်**



အမေရိကန်ဝက်ဝံနက်တွေဟာ အမြင့် ခြောက်ပေရှိပြီး အလေးချိန်အနေနဲ့ ပေါင် ၆၀၀ ကျော်ထိ ကြီးထွားနိုင်ကြပါတယ်။ အရွယ်အစားကြီးပေမဲ့ ဝက်ဝံနက်တွေဟာ အသီးအနှံ၊ အစေ့အဆန်ပါတဲ့ အခွံမာသီးတွေကို အလွန်ကြိုက်ကြပါတယ်။ ဟေဇယ်သီး၊ သစ်အယ်သီး၊ သစ်ကြားသီးနဲ့ ဝက်သစ်ချသီးတွေဟာ ဝက်ဝံနက်တွေရဲ့အကြိုက်ဆုံးအစာဖြစ်ပါတယ်။ ဒ့ါကြောင့် ဝက်ဝံနက်တွေဟာ နွေရာသီနှောင်းပိုင်း ဟေဇယ်သီးတွေမှည့်တဲ့အခါ အဲဒီအခွံမာသီးတွေကို စားဖို့အတွက် မကြာခဏခရီးဝေးသွားလေ့ရှိကြပါတယ်။

**မြေခွေး**



မြေခွေးတစ်ကောင်ရဲ့အစားအစာထဲမှာ အစေ့အဆန်တွေပါပါတယ်။ ပရိုတင်းဓာတ်ပါတဲ့ အကောင်ငယ်ကလေးတွေကို ဖမ်းယူ စားသောက်တတ်တဲ့ မြေခွေးတွေဟာ အမဲလိုက်ဖို့မလွယ်ကူတဲ့အချိန်၊ အစာရှားပါးချိန်မှာ အခွံမာသီးတွေကိုစားပြီး ပရိုတင်းဓာတ်ကိုဖြည့်ဆည်းတတ်ကြပါတယ်။ သီဟိုဠ်စေ့၊ မြေပဲ၊ ဘရာဇီးလ် အခွံမာသီးနဲ့ ဇာဒ်စေ့တွေလိုမျိုး အခွံမာသီးတွေဟာ မြေခွေးတွေရဲ့အကြိုက်ဆုံးအခွံမာသီးတွေပဲဖြစ်ပါတယ်။ မြေခွေးတွေရဲ့သွားက အခွံမာသီးကိုခွဲဖို့ ခက်ခဲတာကြောင့် အခွံမာသီးတွေထဲကမြေပဲနဲ့ ကြိမ်သီးလိုအခွံသိပ်မမာတဲ့ အသီးတွေကို ရွေးစားကြတာပဲဖြစ်ပါတယ်။

အထက်မှာ ဖော်ပြပေးထားတဲ့တိရစ္ဆာန်တွေကတော့ အခွံမာသီးတွေကို ကြိုက်နှစ်သက်ကြတဲ့တိရစ္ဆာန်တွေထဲက တချို့ဖြစ်ပါတယ်။ သူတို့ဟာ အစေ့အဆန်တွေကိုစားသုံးပြီး မစင်စွန့်တာနဲ့ အစာအန်တာတွေပြုလုပ်ပြီး သစ်ပင်တွေကိုရှင်သန်ပေါက်ရောက်အောင် တစ်ဖက်တစ်လမ်းက အထောက်အပံ့ပြုနေတဲ့ တိရစ္ဆာန်တွေပဲဖြစ်ကြောင်း ရေးသားလိုက်ရပါတယ်။

**ကိုးကား**

- Benefits of eating Nuts
- Animals that eat Nuts




# Myanmar Mobile Money (MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများရရှိနိုင်ပါသည်။



- ဝန်ထမ်းလစာ/ပင်စင်လစာထုတ်ပေးခြင်း
- ငွေသွင်းငွေထုတ်ခြင်း / ငွေလွှဲခြင်း
- Skynet Bill Payment ပေးသွင်းခြင်း
- Gift Card ပေးခြင်း
- Internet Bill ပေးဆောင်ခြင်း
- E-Topup ဖုန်းပြောခဖြည့်သွင်းခြင်း
- လျှပ်စစ်မီတာ Bill များပေးဆောင်ခြင်း
- ပြည်ပ ငွေလွှဲ (ထိုင်း)
- ဈေးဝယ်ခြင်း

အငြိမ်းစား လစာ အပါအဝင် ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

ပြသထိနယ်စပ်ကုန်သွယ်ရေးလုပ်ငန်းအတွက် Customs Duty များ ပေးဆောင်ရာတွင် MMM Service အသုံးပြု၍ လွယ်ကူလျင်မြန်စွာ ပေးဆောင်ရနိုင်ပါပြီ။

ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၀၀ ၁၅၂၀၊ ၀၉ ၃၀၀၀၁၅၂၀

နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၀၀၀ ၁၅၃၄

မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၀၀၀ ၁၅၃၆


## ဝန်ထမ်းအလိုရှိသည်

စက်အပိုပစ္စည်းအရောင်းဆိုင်တွင် တာဝန်ထမ်းဆောင်ရန်

| | | | |
|---|---|---|---|
| ၁။ | အထွေထွေ | ကျား | (5) ဦး |
| ၂။ | Driver | ကျား | (1) ဦး |

CV Form နှင့်တကွ လိုအပ်သောစာရွက်စာတမ်း အပြည့်အစုံဖြင့် လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။

**လိပ်စာ။** ။ အဆောင်(၂၂)၊ အခန်း (၂,၃)၊ မြဝတီမင်းကြီး ၂ လမ်း၊ 75(C) × 75(D) ကြား၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။

**ဖုန်း** ။ ။ 09-5163183

**လျှောက်ထားချိန်** - 11:00 am (to) 5:00 pm

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေး၊ အမရပူရမြို့နယ်၊ တမုတ်ဆိုးကျေးရွာအုပ်စု၊ မိုင်(၄၀)ကျေးရွာနေ ဦးဝင်းလှိုင်-ဒေါ်ဖြူမာ(ခ)ဒေါ်မြင့်မြင့်သန်း တို့၏သမီး **မလှဲလှဲဝင်းလှိုင် (ခ) မအယ်အဲ (၉/အမရ(နိုင်)၁၈၂၉၇၉)**သည် မိဘတို့၏ ဆိုဆုံးမမှုကို မနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှအမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စအဝဝကိုမဆို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

*(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)*

**ဦးဝင်းလှိုင်(၉/မခန(နိုင်)၀၈၂၂၈၅)**
**ဒေါ်ဖြူမာ(ခ)ဒေါ်မြင့်မြင့်သန်း(၉/အမရ(နိုင်)၁၀၁၅၀၁)**

**သင့်သွေးဖြင့် အသက်ကယ်ပါ**


မြို့ဝေဆေးဆရာဆေးဆိုင်

# ခရုသင်း (သမင်ဖြူ)

LEUCODERMA

ခရုသင်း(သမင်ဖြူ)၊ မြူနီနက်ကွက်များ၊ အနာကြီးရောဂါ၊ ယားနာ၊ ဝဲ၊ ပွေး၊ နှင်းခူနှင့်အရေပြားရောဂါအမျိုးမျိုးကို ကုသပေးသည်။


### ပျောက်ဆုံးကြောင်း

ဒီပဲယင်းမြို့နယ်နေ ကောင်းဆောင်ကိုကလင်း(ဘ)ဦးအောင်သန်း (၅/ဒပယ(နိုင်)၁၅၄၃၁၃)၏ နိုင်ငံကူးလက်မှတ်အမှတ် (ME-365514)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၈၇၀၂၀၅၀၆

**မီး**

**သတိပြု**

### တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ဥပုသ်တော်ရပ်နေ ဦးအောင်လှ-ဒေါ်ဝင်းနု တို့၏ သမီး မလင်းလက်လက်အောင် (၈/ခမန(နိုင်)၁၈၆၄၅၆) နှင့် မလင်းလက်လက်ထွန်း သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**မလင်းလက်လက်အောင်(ခ)မလင်းလက်လက်ထွန်း**
**(၈/ခမန(နိုင်)၁၈၆၄၅၆)**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

### ဖခင်အမည်မှန်

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အ.ထ.က(၇) Grade-7(A)တွင် ပညာသင်ကြားနေသော မစုန္ဒယ်နီဝင်း ၏ဖခင် အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးအောင်သူ ဖြစ်ပါကြောင်း။

**ဦးအောင်သူ**
**(၉/ခမစ(နိုင်)၀၂၂၃၉၀)**

# အထူးဝမ်းနည်းကြေကွဲခြင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ ဥပုသ်တော်ရပ်ကွက်၊ မန္တလေးတောင်အဆင်းလမ်းအခြေရှိ အပြည်ပြည်ဆိုင်ရာဖားအောက်တောရဗုဒ္ဓသာသနာ့ရိပ်သာကျောင်းတိုက်မှ အလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါ်ကေခိုင်တင်အောင်၊ ကိုအာကာမိုးလွင်+မသဉ္ဇာတင်အောင် တို့၏မိခင်ကြီး **ဒေါ်ခင်နွဲ့မူ** သည် (၆-၂-၂၀၂၄) ရက်နေ့ နံနက်တွင် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုများနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**

(မန္တလေးဖားအောက်တောရဗုဒ္ဓသာသနာ့နဂ္ဂဟအဖွဲ့)
အပြည်ပြည်ဆိုင်ရာဖားအောက်တောရဗုဒ္ဓသာသနာ့ရိပ်သာ
ဥပုသ်တော်ရပ်၊ အောင်မြေသာစံမြို့နယ်၊
မန္တလေးတိုင်းဒေသကြီး။

**မူးယစ်**
**ကိုပစ်**
**ပန်းတိုင်သစ်**
**စိတ်သစ်**
**လူသစ်**
**ဘဝသစ်**

❖ အခြေအနေအချိန်အခါနှင့် လိုက်လျောညီထွေဖြစ်သည့် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာများအားလုံး တိုးတက်အောင် ဆောင်ရွက်နေရမည်ဖြစ် ...

❖ မည်သည့်လုပ်ငန်းမှ ရပ်တန့်နေ၍မရ ...

❖ ရပ်တန့်နေပါက ရပ်တန့်နေသည့် နယ်ပယ်၊ ရပ်တန့်နေသည့်ဒေသ ကျန်ခဲ့မည်ဖြစ် ...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် စက်တင်ဘာ ၁ ရက်တွင် ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး(၃/၂၀၂၃)တွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ နေပြည်တော်ရှိ အထင်ကရနေရာများသို့ ဒုတိယနေ့အဖြစ် သွားရောက်လေ့လာ



**နေပြည်တော် ဖေဖော်ဝါရီ ၇**

(၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားတွင် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကဖြင့် ဖျော်ဖြေတင်ဆက်ရန် နေပြည်တော်၌ ရောက်ရှိနေကြသည့် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များသည် ယနေ့နံနက်ပိုင်းမှစ၍ နေပြည်တော်ရှိ အထင်ကရနေရာများသို့ ဒုတိယနေ့အဖြစ် အဖွဲ့ နှစ်ဖွဲ့ခွဲကာ ဆက်လက်လေ့လာကြသည်။

ဦးစွာ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့သည် တိရစ္ဆာန်ဥယျာဉ်၌ ဆင်လိမ္မာများ၏ ကပြဖျော်ဖြေမှုကို ကြည့်ရှုကြပြီး ဆင်စာများ ကျွေးကြသည်။

ထို့နောက် ရှားပါးတိရစ္ဆာန်များ၊ အကောင် ၁၀၀၀၀ တွင် တစ်ကောင်သာပေါက်ဖွားတတ်သည့် ရှားပါးကျားဖြူများ၊ ချစ်စရာ ဝါလာဘီသားပိုက်ကောင်များ၊ ပင်လယ်ဖျံ၊ ပင်ဂွင်းငှက်ကလေးများနှင့် ငါးပြတိုက်တို့ကို စိတ်ဝင်တစားလေ့လာကြည့်ရှုကြသည်။ **စာမျက်နှာ ၁၆ ကော်လံ ၁ ☆**

စာမျက်နှာ ၁၆ ကော်လံ ၁ ☆

**အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

